# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၈) ရက် ၊ ကြာသပတေးနေ့ ၊ (18-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၆၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မွန်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၄၁ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် လေးဦး စုစုပေါင်း ၄၅ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

---

ကုန်စျေးနှုန်း လျှော့ကျရေး တို့များ လုပ်အားပါဝင်ပေး ဆောင်းပါး စာမျက်နှာ - ၂၂

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံဘက်က ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ စာမျက်နှာ - ၁၆

မန္တလေးတိုင်းဒေသကြီးတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနေမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး စာမျက်နှာ - ၁၇




ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုအားပေး

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးအားပေးရမည်ဖြစ်သည်။

ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများဟု ဖွင့်ဆိုသည်ကို တွေ့ရသည်။ လူတစ်ယောက်သည် မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာကြရခြင်းဖြစ်သည်။ ပညာကို သင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့် ဘဝကို ပြည့်စုံအောင်မြင်အောင်တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများထဲတွင် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံးအကျိုးရလဒ်များကို ဖော်ဆောင်စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွဲဝေစေလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ပညာရေးနှင့်ဆက်စပ်နေသည့် ဝန်ကြီးဌာနများအတွက် ပညာရေးအသုံးစရိတ်စုစုပေါင်း ၃၁၄၆ ဒသမ ၁၄၉ ဘီလီယံ ခွင့်ပြုထားသည်ဖြစ်သည်။

နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူများ ပေါ်ကွယ်ဝစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တာဝန်ယူထားသည့် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်မှုများရှိနေရန်လိုအပ်ပေသည်။ နိုင်ငံတော်အနေဖြင့် ပညာရေးဝန်ထမ်းများအတွက် သက်ဆိုင်ရာအဆင့်အလိုက် ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စာသင်ကျောင်းများတွင် မိဘ၊ ဆရာ၊ ကျောင်းသား သုံးနားညီပူးပေါင်းဆောင်ရွက်မှုသင်္ကေတအဖြစ် ပညာရေးစုံညီပွဲတော်များ ကျင်းပပေးခြင်း၊ ထူးချွန်သောကျောင်းသား၊ ကျောင်းသူများအတွက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများ ကျင်းပပေးခြင်းဖြင့် ပညာရေးကို အထူးအားပေးလျက်ရှိသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ချက်ခိုင်မာမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင်လည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပညာတတ်များမပါဝင်ဘဲ ဆောင်ရွက်၍မရသည်ဖြစ်ရာ ပညာခေတ်တွင် ပညာတတ်များ၊ ပညာရှင်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါအရာရောက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတွင် ပညာတတ်များပေါ်ကွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်စေရေးအတွက် ပညာရေးကဏ္ဍကို အထူးအားပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်မြို့တို့သို့ ဇန်နဝါရီ ၈ ရက်မှ ၁၆ ရက်ထိ ကုန်စည်တင်ပို့သည့်ကုန်တင်ရေယာဉ် ၃၅ စီးထိရှိ



**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ ဇန်နဝါရီ ၈ ရက်မှ ၁၆ ရက်ထိ ကုန်စည်တင်ပို့သည့်ကုန်တင်ရေယာဉ် ၃၅ စီးထိရှိကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ ဇန်နဝါရီ ၈ ရက်မှ ဇန်နဝါရီ ၁၆ ရက်ထိ ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေ၊ ကျောက်စရစ်ကုန်မျိုးစုံ စသည့်ကုန်ပစ္စည်းများ တင်ပို့သည့်ကုန်တင်ရေယာဉ် ၃၅ စီးထိရှိကြောင်း သိရသည်။

"အခုတစ်လော ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ဖြစ်ပေမဲ့ မန္တလေးဆိပ်ကမ်းကနေ ကုန်စည်ရတာများလာတယ်။ အခုလောလောဆယ်ကတော့ ဘိလပ်မြေ၊ ကျောက်စရစ်၊ ဆား စတဲ့ကုန်စည်တွေ အများဆုံးတင်ပို့နေတယ်"ဟု ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ ဇန်နဝါရီ ၈ ရက်မှ ၁၆ ရက်ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၁၀၂၈၈ ဒသမ ၀၂ တန်၊ ပြောင်းဆန် ၂၁၈၉၅ ဒသမ၉ တန်၊ ကျောက်စရစ်ကျင်းအရေအတွက် ၂၅၀၊ ကုန်မျိုးစုံအိတ်ရေ ၁၅၀၊ အထပ်သား အချပ်ရေ ၅၀၀၊ တင်လဲရည် တန်ချိန် ၈၀၀၊ သကြား ၄၅၄ ဒသမ ၃ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိတင်ပို့ရမည့် ကုန်စည်များ ပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင် ကုန်စည်များကိုသတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုများ မပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေယာဉ်၏အရွယ်အစားနှင့် မချိန်ဘဲ ကုန်များကို တင်ဆောင်ကာ မြစ်အတွင်းသွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်ကြောင်း ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မန္တလေးဆိပ်ကမ်းမှ သွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင်စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြု သွားလာကြရန်လိုကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ပြောင်းဖူး(ဗမာ)များ မန္တလေးဈေးကွက်အတွင်း ကုန်သည်များအဝယ်လိုက်လာကြောင်း၊ ထိုသို့ ပြည်တွင်းအပြင် ပြည်ပကပါ ဝယ်ယူမှုများပြားလာခြင်းကြောင့် ပြောင်းဖူး(ဗမာ)များ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)တွေကို မန္တလေး၊ ရန်ကုန်နဲ့တောင်ကြီး စတဲ့မြို့တွေမှာ အခုတစ်လောကုန်သည်တွေ ဝယ်ယူမှုများလာတယ်။ ဒါကြောင့် မန္တလေး ဈေးကွက်အတွင်းမှာ ပြောင်းဖူး(ဗမာ)အရောင်းအဝယ် ကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပြောင်းဖူး (ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ ထိပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ အခုနောက်ပိုင်း ပြောင်းဖူး (ဗမာ) အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ ပြန်ပြီးများလာတယ်။ အခြား ရန်ကုန်၊ တောင်ကြီးစတဲ့ မြို့ကြီးတွေမှာလဲ ပြောင်းဖူး(ဗမာ) အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ ပြန်ပြီးများလာနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

အလားတူ ယခုလက်ရှိ ပြည်တွင်းမှထွက်ရှိသည့်ပြောင်းဖူး(ဗမာ)များကို ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အိန္ဒိယနိုင်ငံ စသည့်နိုင်ငံများကလည်း ဝယ်ယူမှုများရှိနေကြောင်း၊ ပြောင်းဖူး(ဗမာ)များကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသမှထွက်ရှိသည့် ခရမ်းချဉ်သီး (ထိုင်ဝမ်)များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသမှထွက်ရှိသည့် ခရမ်းချဉ်သီး(ထိုင်ဝမ်)များ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီး(ထိုင်ဝမ်)များသည် မြေပြန့်ဒေသမှထွက်ရှိလာပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၁၀ စီးမှ ၁၂ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ဈေးနှုန်းမှာလည်း မြေပြန့်ခရမ်းချဉ်သီး (ထိုင်ဝမ်) တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီးက မြေပြန့်ဒေသတွေကထွက်တဲ့ ခရမ်းချဉ်သီး(ထိုင်ဝမ်)တွေ ဝင်ရောက်လာပါတယ်။ ခရမ်းချဉ်သီးတွေက ဈေးကောင်းရရှိပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ခရမ်းချဉ်သီးတွေ ဈေးကွက်ကို လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ အင်းခရမ်းချဉ်သီးတွေကလဲ ဈေးကွက်ကို ဝင်ရောက်နေပါတယ်။ အင်းခရမ်းချဉ်သီးတွေကိုလဲ ဝယ်ယူမှုများပြားနေပါတယ်။ လက်ရှိထွက်ရှိလာတဲ့ မြေပြန့်သီးတွေကိုလဲ ဝယ်ယူမှုများပြားနေပါတယ်။ အရောင်းအဝယ်တွေကောင်းပြီး ဈေးကောင်းရရှိနေပါတယ်။ အခြားသီးနှံတွေလဲ ဈေးကောင်းရရှိပြီး အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ မြေပြန့်ဒေသထွက် ခရမ်းချဉ်သီး(ထိုင်ဝမ်)များသည် လက်ရှိတွင် မန္တလေးဈေးကွက်သို့ နေ့စဉ် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ လက်ရှိတွင် မြင်းမူ၊ မုံရွာ၊ မတ္တရာ ဒေသတို့မှထွက်ရှိသည့် ခရမ်းချဉ်သီး(ထိုင်ဝမ်)များ ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းနေကြောင်း၊ ထို့ပြင် ဟင်းသီးဟင်းရွက်များဖြစ်သည့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်းတို့လည်း အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၇၇၅ ဧက စိုက်ပျိုးပြီးစီး

**ထီးချိုင့် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၇၇၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၃၃၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၇၇၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ နေကြာ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်”ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှ တောင်သူမျိုးစေ့များဖလှယ်ခြင်း၊ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ၊ သဘာဝမြေဆွေးပုံပြုလုပ်သုံးစွဲနည်းများ၊ နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးရာတွင် ရိုးရိုးနေကြာစိုက်ပျိုးပါက ဆီထွက်နှုန်းမှာ တစ်တင်းလျှင် ၂ ပိဿာ၅၀ ကျပ်သား၊ တစ်ဧကလျှင် ၆၇ တင်းထွက်ရှိမည်ဖြစ်ပြီး အထွက်တိုး နေကြာစိုက်ပျိုးပါက ဆီထွက်နှုန်းမှာ တစ်တင်းလျှင် လေးပိဿာ၊ တစ်ဧကလျှင် တင်း ၁၄၀ ထိ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မိုင်းရယ်မြို့နယ် မန်မိုင်(ခိုင်းယွန်း)-ဟိုက်ပုလမ်း၌ ကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးဆီးမှု စစ်ဆေး

**မိုင်းရယ် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မန်မိုင်(ခိုင်းယွန်း)-ဟိုက်ပုလမ်း၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၁ ဒသမ ၀၇၃ သန်း၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၇၂ ဒသမ ၉၁၈၅ သန်းဖြင့်ဆောင်ရွက်သည့် မိုင်းရယ်မြို့နယ် မန်မိုင်(ခိုင်းယွန်း)-ဟိုက်ပုလမ်း၌ ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်းရယ်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးညွန့်မင်းသူက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းရယ်မြို့နယ် မန်မိုင်(ခိုင်းယွန်း)-ဟိုက်ပုလမ်း၌ အရှည်တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို မောဝ်ချယ်ရီကုမ္ပဏီနှင့် မိုင်းရယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မဟာမုနိရုပ်ရှင်တော်ပရဝဏ်ရှိ လိပ်ကန်၊ ငါးကန်အတွင်းမှ ငါးကောင်ရေ ၇၅၀၀၀ ကို ဧရာဝတီမြစ်အတွင်းသို့ လွှတ်ပေးခဲ့



**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေး ချမ်းမြသာစည်မြို့နယ် မဟာမုနိရုပ်ရှင်တော် ပရဝဏ်ရှိ လိပ်ကန်၊ ငါးကန်အတွင်းမှ ငါးကောင်ရေ ၇၅၀၀၀ ကို ဇန်နဝါရီ ၁၆ ရက်က ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း မဟာမုနိရုပ်ရှင်တော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသိန်းဦးက ပြောပြ၍ သိရသည်။

မဟာမုနိရုပ်ရှင်တော် ပရဝဏ်ရှိ ငါးကန်နှင့် လိပ်ကန်တို့တွင် ငါးပေါက်ဖွားမှုများပြားခြင်းကြောင့် ငါးများပြည့်နှက်နေကာ အသားစားငါးခူများစွာရှိနေသဖြင့် ကန်ဆယ်ယူ သန့်ရှင်းရေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနနှင့် မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့တို့ ပူးပေါင်း၍ သုံးလတစ်ကြိမ်ခန့် လုပ်ဆောင်ပေးနေသော်လည်း ငါးပေါက်ဖွားနှုန်းမှာ တိုးတက်လျက်ရှိသည့်အတွက် ထိုကဲ့သို့ ငါးများကို ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“မဟာမုနိရုပ်ရှင်တော်ပရဝဏ်ရှိ လိပ်ကန်နဲ့ ငါးကန်မှာ ဘုရားဖူးတွေက ငါးတွေ လွှတ်ကြတာများတော့ ကန်တွေမှာ ငါးတွေပြည့်ကျပ်နေတယ်။ အဲဒီလို ငါးတွေ ပြည့်ကျပ်နေတော့ အချင်းချင်းကိုက်မိတာကြောင့် သေနိုင်သလို အစာမဝတာတွေ ဖြစ်မှာစိုးတဲ့အတွက် အခုလို လွှတ်ပေးတာဖြစ်ပါတယ်။ အခုလိုလွှတ်ပေးဖို့အတွက် ငါးလုပ်ငန်းဦးစီးဌာနနဲ့ တိုင်ပင်ထားပြီး အခုလို ဆောင်ရွက်တာဖြစ်ပါတယ်။ ငါးတွေ အကုန်လွှတ်ပေးပြီးရင် ရေသန့်ရှင်းရေးပြုလုပ်ပြီး ရောင်စုံအလှမွေးငါးတွေ ထည့်မွေးသွားမယ်”ဟု ဦးသိန်းဦးက ပြောပြသည်။

ယခုအခါ မဟာမုနိရုပ်ရှင်တော်ပရဝဏ်ရှိ ငါးကန်တွင် ငါးကောင်ရေ ၁၅၀၀၀၀ ကျော်ရှိနေခြင်းကြောင့် ဇန်နဝါရီ ၁၆ ရက်က ငါးကောင်ရေ ၇၅၀၀၀ ကျော်ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးပြီး ကျန်သည့်ငါးများကို လာမည့် မေလအတွင်း ထပ်မံ၍ ဇီဝိတဒါနအဖြစ် လွှတ်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ASH

# ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သမန္တလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၆ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး နှင့်ဝန်ထမ်းများက စီမံကိန်းရန်ပုံငွေများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက သမန္တလင်း ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ရိုး**

# မင်းတုန်းမြို့နယ် တံတား(အရှေ့)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မင်းတုန်း ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တံတား(အရှေ့)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တံတား(အရှေ့)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ဆောင်ရွက်ပြီးလုပ်ငန်းများ အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မင်းတုန်းမြို့နယ် တံတား(အရှေ့) ကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု၊ တစ်နာရီရေသန့် ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းငွေကျပ်သိန်း ၁၇၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။

**ကိုညီ**



# လယ်တီဆရာတော်နှင့် သုံးလူ့ရှင်ပင်လင်္ကာ

ဗိုလ်ရှိတ်(ရတနာပူရ)



ကျေးဇူးရှင်လယ်တီဆရာတော်ကြီး

"သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်
သောင်းခွင်စကြဝဠာ
နတ်ဗြဟ္မာတို့၊ ညီညာရုံးစု
တောင်းပန်မှုကြောင့်၊ ရတုနဂို
ရွှမ်းရွှမ်းစိုသည်၊ ဝါဆိုလပြေ့
ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ
သန္ဓေယူသည်၊ နတ်လူငြိမ်းဘို့
ကိန်းပါကို"

အထက်ပါဗုဒ္ဓဝင်လင်္ကာသည် စာရေးသူငယ်စဉ်ကတည်းက နားယဉ်နေသောလင်္ကာဖြစ်သည်။ လင်္ကာမှာ ခုနစ်ပိုဒ်ရှိ၏။ ဘုရားလောင်းသန္ဓေယူခြင်း၊ ဖွားမြင်ခြင်း၊ တောထွက်ခြင်း၊ ဘုရားဖြစ်ခြင်း၊ ဓမ္မစကြာတရားဟောတော်မူခြင်း၊ ပရိနိဗ္ဗာန်စံခြင်း၊ တေဇောဓာတ်လောင်ကျွမ်းခြင်းတို့ကို ရေးဖွဲ့ထားသောလင်္ကာဖြစ်သည်။ ဗုဒ္ဓဝင်ကိုရေးဖွဲ့ထားခြင်းကြောင့် ဗုဒ္ဓဝင်လင်္ကာဟူ၍ ခေါ်သကဲ့သို့ နေ့ရက်များကိုပါ ထည့်သွင်းဖွဲ့ဆိုထားသောကြောင့် ခုနစ်နေ့ဘုရားရှိခိုးဟူ၍လည်း ခေါ်ပါသည်။

ဗုဒ္ဓဝင်လင်္ကာခုနစ်ပိုဒ်သည် အနည်းငယ်ရှည်လျားသည်။ အထက်တွင်ဖော်ပြခဲ့သည်မှာ ပထမပိုဒ်သာဖြစ်သည်။ နောက်ခြောက်ပိုဒ်ရှိသေးသည်။ သို့သော် ဤနေရာတွင် ဗုဒ္ဓဝင်လင်္ကာခုနစ်ပိုဒ်လုံးကို အပြည့်အစုံဖော်ပြရန် စာမျက်နှာကို ငဲ့ရပါသည်။ ထို့ကြောင့် ဗုဒ္ဓဝင်လင်္ကာခုနစ်ပိုဒ်မှ အချို့ပိုဒ်နှင့် အချို့ပိုဒ်တို့သာ ဖော်ပြပါမည်။ ပထမပိုဒ်မှာ အစတွင်ဖော်ပြထားသဖြင့် ဒုတိယပိုဒ်မှစ၍သာ ဖော်ပြပါမည်။

- သန္ဓေယူခဲ့ ဆယ်လကြာသော်. . .
  နတ်လူအောင်မြို့လမ်းပါကို။
- ဖွားမြင်မြောက်သော် ဆယ့်ခြောက်နှစ်ရွယ်. . .
  စုံမြိုင်ပင်ရိပ်ခန်းမှာကို။
- တောရပ်မြိုင်ပေါ် ခြောက်နှစ်ပျော်၍. . .
  သုံးဖော်လူတို့ ငြိမ်းပါကို။
- ဘုရားဖြစ်ခါ မိဂဒါဝို့. . .
  တရားနတ်စည် ရွှမ်းတယ်ကို။
- တရားနတ်စည် ဆော်ရွှမ်းလည်က. . .
  ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။
- နိဗ္ဗူစံပြီ ရှမအီသား. . .
  မွေတော်ချစ်စိတ် ကြွင်းတယ်ကို။

အထက်ပါကောက်နုတ်ချက်များသည် ဗုဒ္ဓဝင်လင်္ကာခုနစ်ပိုဒ်မှ ကောက်နုတ်ချက်များဖြစ်သည်။

စာရေးသူငယ်စဉ်က အတန်းကျောင်းမှကျောင်းဆင်း၍ အိမ်ပြန်သောအခါတွင် ညနေပိုင်းသည် အားလပ်နေသည်။ ထိုစဉ်က ယခုကဲ့သို့ ကျူရှင်များ ခေတ်မစားသေးပါ။ ကျောင်းပြန်၍ အားနေသောအချိန်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းသို့သွား၍ ဘာသာရေးစာများကို သင်ရသည်။ အများအားဖြင့် လိမ္မာယဉ်ကျေးမှုရှိစေရန် ဘုရားရှိခိုးစာပေများ၊ စာရိတ္တမြင့်တင်ရေးစာပေများကို သင်ရသည်။ ထိုသို့သင်ယူရာတွင် ဆရာကြီးဒဂုန်ဦးထွန်းမြင့်၏ (၃၈)ဖြာမင်္ဂလာကဗျာများ၊ သုံးလူ့ရှင်ပင်ဘုရားရှိခိုးလင်္ကာကို အမြဲရွတ်ဆိုသင်ကြားရသည်။ ထို့ကြောင့် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို နှုတ်ထဲအမြဲစွဲနေသည်။ ထိုမျှသာမက ရပ်ထဲရွာထဲတွင် ဝတ်အသင်းများက ဘုရားဝတ်တက်သောအခါတွင် သုံးလူ့ရှင်ပင်ဘုရားရှိခိုးလင်္ကာကို အမြဲရွတ်ဆိုကြသည်။ ထို့ကြောင့် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို နားယဉ်နေခြင်းဖြစ်သည်။ ပို၍မှတ်မိစေသည်မှာ ထိုလင်္ကာရွတ်ရဆိုရသည်မှာ အသံသာသောကြောင့်ဖြစ်ပါသည်။

စာရေးသူငယ်စဉ်က ရွတ်ခဲ့၊ ဆိုခဲ့၊ သင်ခဲ့ရသော်လည်း ထိုလင်္ကာရေးဖွဲ့သူကိုမသိခဲ့ပါ။ စာပေများဖတ်ရှုလေ့လာသောအခါမှ ထိုလင်္ကာကိုရေးဖွဲ့သူမှာ လယ်တီဆရာတော်ကြီးဖြစ်ကြောင်း သိရသည်။ လယ်တီဆရာတော်ကြီးရေးသားပြုစုခဲ့သည့် ဂမ္ဘီရကဗျာကျမ်းကို ဖတ်မှ လယ်တီဆရာတော်ကြီးရေးဖွဲ့ခဲ့ကြောင်း သိလာခြင်းဖြစ်သည်။ လယ်တီဆရာတော်ကြီးသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာထိကျော်ကြားသောဆရာတော်ကြီးဖြစ်သည်။ "အထက်မန်လည် အောက်လယ်တီ" ဟူ၍ပင် ကျော်ကြားသောဆရာတော်ကြီးဖြစ်သည်။ အထက်မန်လည်ဆိုသည်မှာ မဃဒေဝလင်္ကာသစ်ကြီးကို ရေးဖွဲ့ခဲ့သော မန်လည်ဆရာတော်ကြီးကို ဆိုခြင်းဖြစ်ပြီး အောက်လယ်တီဆိုသည်မှာ လယ်တီဆရာတော်ကြီးကို ဆိုခြင်းဖြစ်သည်။ လယ်တီဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကို အကျယ်ချဲ့၍ ဖော်ပြခြင်းမပြုတော့ပါ။ လယ်တီမဟာထေရုပ္ပတ္တိကထာ၊ လယ်တီဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ၊ ဆရာကြီးဦးအောင်မွန်၏ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်စသည့်စာအုပ်များတွင် ဖတ်ရှုနိုင်သည်။ ယခုရေးသားလိုသည်မှာ သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာအကြောင်းပင်ဖြစ်သည်။

သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာရေးသားခဲ့ရသည့် အကြောင်းကို သိရသောအခါ ပို၍အံ့ဩမိသည်။ လယ်တီဆရာတော်ကြီးသည် သုံးလူ့ရှင်ပင်လင်္ကာကို ရေးသားခဲ့ရခြင်းမှာ နိုင်ငံခြားသားတစ်ဦး၏တောင်းပန်လျှောက်ထားမှုကြောင့်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့ရွတ်ဆိုနေသော ထိုလင်္ကာသည် နိုင်ငံခြားသားတစ်ဦး၏တောင်းပန်မှုကြောင့် ရေးသားခဲ့ခြင်းဖြစ်သည်ကို သိရ၍ အံ့ဩမိခြင်းဖြစ်သည်။

လယ်တီဆရာတော်ကြီးသည် ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင်စသည့်အောက်ပြည်အောက်ရွာတွင် တရားလှည့်လည်ဟောပြောဆုံးမပြီး ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့် ပြန်ကြွခဲ့သည်။ ဆရာတော်ကြီး စီးနင်းလိုက်ပါလာသောရထားမှာ ရထားတွဲဖြူဖြစ်သည်။ ဆရာတော်ကြီးနှင့်အတူ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သော အင်္ဂလန်နိုင်ငံသားတစ်ဦး ပါလာ၏။ ထိုသူသည် ဆရာတော်ကြီးကို အလွန်ကြည်ညိုလေးစားသော ဥပါသကာတစ်ဦးဖြစ်သည်။ ဆရာတော်ကြီးနှင့် အင်္ဂလန်နိုင်ငံသားသည် စကားတပြောပြောဖြင့် ရထားစီးလာကြ၏။ ရထားမှာလည်း တရိပ်ရိပ်ပြေးနေ၏။ ရထားသည် တောင်ငူကို လွန်၍လာ၏။

နိုင်ငံခြားသားသည် စကားပြောရင်း မီးရထားအပြင်ဘက်သို့ ကြည့်မိသည်။ ပတ်ဝန်းကျင်ရှုခင်းကို ငေးမိ၏။ ထိုအခါ တောင်ကုန်းတောင်တန်းများပေါ်မှ ထုံးဖြူဖြူစေတီများကို မြင်ရသည်။ နိုင်ငံခြားသားသည် ထုံးဖြူဖြူစေတီများကို စေတီမှန်းမသိပေ။ ထိုသို့ မသိသော်လည်း ထိုအရာများကိုမြင်ရသည်မှာ ရင်ထဲအေးချမ်းသည်ဟုဆို၏။

ဘာတွေလဲဟု သိချင်လာသည်နှင့် လယ်တီဆရာတော်ကြီးအား မေးမိသည်။

"ဆရာတော်ဘုရား ဟိုးတောင်ပေါ်က ဖြူဖြူဟာ ဘာပါလဲဘုရား"ဟု တောင်ပေါ်သို့ လက်ညှိုးထိုးကာ မေး၏။

"အဲဒါ တော်တော်ဆန်းတယ်ဘုရား။ မြင်တာနဲ့ တပည့်တော်ရဲ့စိတ်ဟာ တစ်မျိုးဖြစ်သွားပါတယ်။ အလွန်ကြည်နူးနှစ်သိမ့် အေးချမ်းပါတယ်"ဟုလည်း လျှောက်၏။

ဆရာတော်ကြီးက လက်ညှိုးညွှန်ရာကိုကြည့်ပြီး-

"ဒကာ အဲဒါစေတီလို့ ခေါ်တယ်။ အဲဒီအထဲမှာ ငါတို့ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဓာတ်တော်မွေတော်တွေကို သွင်းပြီး ဌာပနာထားတယ်"ဟု ဖြေလိုက်သည်။

လယ်တီဆရာတော်ကြီး၏အဖြေကို ကြားသောအခါ နိုင်ငံခြားသားသည် အလွန်သဘောကျသွားသည်။ ဘုရားရှင်၏ဓာတ်တော်မွေတော်များ ဌာပနာထည့်သွင်းကာ စေတီတည်ထားသည်ကိုလည်း နားလည်သွား၏။ သို့သော်လည်း သူ့ရင်ထဲ ဘဝင်မကျသည့်အချက်ရှိသေးသည်။ ထိုအချက်မှာ စေတီများကို မြင့်သောတောင်တန်းများပေါ်၌ ဘာကြောင့်တည်ထားသလဲဟူသောအချက်ဖြစ်သည်။ သူ၏အတွေးမှာ မြေပြန့်နေရာ၊ ရပ်ရွာနှင့်နီးသောနေရာတို့တွင် စေတီတည်ထားလျှင် ပို၍ ဖူးမြော်ရလွယ်ကူမည်၊ သွားလာရလွယ်ကူမည်ဟူသော အတွေးဖြစ်သည်။ ထိုအချက်ကို ဘဝင်မကျသည်နှင့် ဆရာတော်ကြီးအား ထပ်မေးသည်။

"ဆရာတော်ဘုရား၊ မသိ၍ တပည့်တော်မေးလျှောက်သည်ကို ခွင့်လွှတ်တော်မူပါ။ ဘုရားရှင်ရဲ့ ဓာတ်တော်မွေတော်တွေကို ဟိုတောင်ပေါ်မှာဘာလို့ထားပါသလဲ။ မြို့၊ ရွာနဲ့နီးနီးနားနားဆိုရင် ပိုပြီးဖူးရ မလွယ်ဘူးလားဘုရား"

"ဒကာ ဒီမြေပြင်နဲ့ ဟိုတောင်ဟာ ဘယ်က မြင့်သလဲ"

"တောင်က မြင့်ပါတယ်ဘုရား"

"မြေပြင်နဲ့ တောင်ကိုကြည့်ရင် ဘယ်ဟာက ပိုပြီး မြင်လွယ်သလဲ"

"တောင်က ပိုပြီးမြင်လွယ်ပါတယ်ဘုရား"

"ဒါကြောင့် ခရီးသွားလာနေတဲ့သူတွေ၊ တောထဲ တောင်ထဲမှာ အလုပ်လုပ်နေကြတဲ့သူတွေ အဝေးကနေပြီး ဖူးမြော်နိုင်အောင်၊ ကြည်ညိုနိုင်အောင်၊ အာရုံပြုနိုင်အောင် တောင်ပေါ်မှာ စေတီတည်ထားကြတာ။ အခု ရထားပေါ်ကနေပြီး အဝေးကြီးမှာရှိတဲ့စေတီကို ဒကာကိုယ်တိုင် လက်တွေ့ဖူးနေရတာမို့လား"

"တင်ပါ့ဘုရား သင့်လျော်ကောင်းမြတ်လှပါတယ်ဘုရား။ မြန်မာလူမျိုးတွေရဲ့ယဉ်ကျေးမှုဟာ လွန်စွာ သိမ်မွေ့ပြီး အလွန်အဓိပ္ပာယ်ရှိလှပါတယ်ဘုရား"

နိုင်ငံခြားသားသည် အလွန်သဘောကျသွားသည်။ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုကို နားလည်သွား၏။ ထိုမျှဖြင့်မပြီးသေးဘဲ နိုင်ငံခြားသားသည် သူ၏စိတ်ထဲ ဖြစ်ပေါ်လာသည့် ဆန္ဒတစ်ခုကို လယ်တီဆရာတော်ကြီးအား ထပ်မံလျှောက်ထားပြန်သည်။ ထိုဆန္ဒမှာ တောင်ပေါ်တွင် တည်ထားသောစေတီကို အဝေးမှ ဖူးမြော်ရလွယ်ကူသကဲ့သို့ ဗုဒ္ဓ၏ဖြစ်တော်စဉ်ကိုလည်း တိုတိုတုတ်တုတ်ဖြင့် လူတိုင်းနားလည်လွယ်အောင် ရေးသားတော်မူပါဘုရားဟု လျှောက်ထားခြင်းဖြစ်သည်။ ထိုသို့ နိုင်ငံခြားသားတစ်ဦး၏ တောင်းပန်လျှောက်ထားချက်အရ လယ်တီဆရာတော်ကြီးသည် သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာကို ရေးသားပြုစုခဲ့ခြင်းဖြစ်လေသည်။ လယ်တီဆရာတော်ကြီးသည် သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာကို မီးရထားပေါ်မှာပင် စီကုံးရေးသားခဲ့ရာ နောက်ဆုံးနှစ်ပိုဒ်သည် မန္တလေးသို့ရောက်ပြီး နောက်တစ်နေ့မှပြီးခဲ့သည်ဟု သိရပေသည်။ သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာသည် ရန်ကုန်-မန္တလေးမီးရထားပေါ်၌ သန္ဓေတည်ခဲ့သည်။ နိုင်ငံခြားသားတစ်ဦး၏ တောင်းပန်မှုကြောင့်ပေါ်ပေါက်လာခဲ့သည်။ ထိုလင်္ကာ၏ သက်တမ်းသည် နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။ ယခုဆိုလျှင် ထိုလင်္ကာသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ရင်ထဲတွင် အမြစ်တွယ်နေပြီဖြစ်သည်။

စာရေးသူသည် ငယ်စဉ်ကတည်းက သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာကို ဆိုခဲ့ရွတ်ခဲ့သော်လည်း ရေးသားခဲ့သူ၊ ရေးသားခဲ့ရသည့်အကြောင်းရင်း၊ ရေးသားပြုစုခဲ့သည့်နေရာတို့အကြောင်းကို ဂဃနဏမသိခဲ့ပါ။ စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုလာမှ ထိုလင်္ကာ၏အကြောင်းကို ဂဃနဏသိခဲ့ရသည်။ သုံးလူ့ရှင်ပင်လင်္ကာကို ရွတ်ဆိုသူများအနေဖြင့် ထိုလင်္ကာ၏သမိုင်းကြောင်းကို သိရလျှင် ပို၍ကြည်ညိုဖွယ်ရာဖြစ်ပေမည်။ ထို့ကြောင့် ယခုကဲ့သို့ ရေးသားတင်ပြရခြင်းဖြစ်သည်။ သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာသည် ယခုအခါ ရာစုနှစ်တစ်စုကျော်ခဲ့ပြီဖြစ်သလို နောင်ရာစုနှစ်ပေါင်းများစွာထိ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ရင်ထဲတွင်ဆက်လက်အမြစ်တွယ်စေချင်သည်။

မျက်မှောက်ခေတ်ကာလသည် စာရေးသူတို့ငယ်စဉ်ကာလနှင့်မတူတော့သည်ကို သတိထားမိသည်။ စာသင်ကျောင်းကပြန်လျှင် ဘုန်းတော်ကြီးကျောင်းသို့ ဘာသာရေးစာပေများ သွားရောက်သင်ယူသောဓလေ့မှာ နည်းပါးလာသည်။ စာရေးသူတို့ဒေသ၌ မရှိတော့သလောက်ပင်ဖြစ်သည်။ ကလေးများမှာ ကျောင်းနှင့် ကျူရှင် နပန်းလုံးနေရသည်။ ဘာသာယဉ်ကျေးမှုဓလေ့၌ အားနည်းလာသည်။ ဝမ်းရေးအတွက် လောကီပညာများကိုသင်ယူသင့်သလို နောင်သံသရာအရေးအတွက်လည်း လောကုတ္တရာစာပေများကို သင်စေချင်သည်။ စာရေးသူတို့ငယ်စဉ်က သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာဖြင့် နားယဉ်ခဲ့ကြသကဲ့သို့ နောက်မျိုးဆက်သစ်များကိုလည်း သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာဖြင့် နားယဉ်စေချင်သည်။ ထိုသို့ နားယဉ်အောင်လက်ဆင့်ကမ်းရန်မှာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏တာဝန်သာ ဖြစ်ပေသည်။

❖ လယ်တီဆရာတော်ကြီးသည် သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာကို မီးရထားပေါ်မှာပင် စီကုံးရေးသားခဲ့ရာ နောက်ဆုံးနှစ်ပိုဒ်သည် မန္တလေးသို့ ရောက်ပြီး နောက်တစ်နေ့မှပြီးခဲ့သည်ဟု သိရပေသည်။ သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာသည် ရန်ကုန်-မန္တလေးမီးရထားပေါ်၌ သန္ဓေတည်ခဲ့သည်။ နိုင်ငံခြားသားတစ်ဦး၏ တောင်းပန်မှုကြောင့် ပေါ်ပေါက်လာခဲ့သည်။ ထိုလင်္ကာ၏သက်တမ်းသည် နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။ ယခုဆိုလျှင် ထိုလင်္ကာသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ရင်ထဲတွင် အမြစ်တွယ်နေပြီဖြစ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုပို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## မြတ်မိခင်၏ သားအချစ်နှင့် မျိုးချစ်မာန

- ကျောမှာဒဏ်ရာ မပါရလို့
မွေးမေနတ်က မှာလိုက်တယ်။

- မလှကြမ္မာ ဒဏ်ရာရပေါ့
ခါခါရင်ဝ ရပ့ါကွယ်။

- မေမေ့သံသာ ပွဲတင်ထပ်လို့
စစ်မြေရပ်က ကြားရတယ်။

- သားတို့သင်ရာ စစ်ကျောင်းကြီးက
သေနတ်ပြီးဆေး ပေးလိုက်တယ်။

- ပြီးဆေးကိုယ်စီ ဗျူဟာများနဲ့
သတ္တိကိုးစား တိုက်ပါ့မယ်။

- ကျောနဲ့ရင်မှာ အနာကင်းလို့
အောင်မြင်ခြင်းနဲ့ ပြန်ခဲ့မယ်။
တိုက်မယ် တိုက်မယ်။ ။

**ကျော်စောဟန်**

(ရှေ့တန်းရောက် သက်စွန့်ဆံဖျားတိုက်ပွဲဝင်စစ်သည်များကို ဂုဏ်ပြုလျက်)

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၆၉၉၄၄ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၆၉၉၄၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။




ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၆၉၉၄၄ ဧကကို ၂၀၂၃ ခုနှစ် ဇွန်လက စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ဇန်နဝါရီ ၁၆ ရက်က ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ စပါးအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈၆ ဒသမ ၀၅ တင်းထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားခဲ့တဲ့ မိုးစပါးစိုက်ခင်းတွေကို ဒေသခံတောင်သူတွေက ဆောင်းသီးနှံ ပြန်လည် စိုက်ပျိုးနိုင်ဖို့အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်ကစပြီး ရိတ်သိမ်းခဲ့ပါတယ်။ လက်ရှိမှာ စပါးစိုက်ဧကအားလုံးကို ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒီဒေသမှာက စိုက်ပျိုးရေဖူလုံတဲ့အတွက် နှစ်စဉ်နှစ်တိုင်း စပါးစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် အဓိကစိုက်ပျိုးသည့် စပါးမျိုးများမှာ ရောမင်း၊ ရတနာတိုး၊ ပေါ်ဆန်းရင်၊ ချမ်းမြေ့မေ၊ ဆင်းသုခ၊ မနောသုခ၊ ပခန်းရွှေဝါ၊ သီးထပ်ရင်၊ ရောပဒေသာ စသည်တို့ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုင်းဆတ်မြို့နယ် ကျတီကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းများ စစ်ဆေး

**မိုင်းဆတ် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျတီကျေးရွာအုပ်စု ကျတီကျေးရွာရှိ မွေးမြူထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ အဆိုပါကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်နှင့် တာဝန်ရှိသူများက ကျတီကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် စိန်ပန်းနီအဖွဲ့၊ စံပယ်ပန်းအဖွဲ့၊ ပိတောက်ပန်းအဖွဲ့၊ သစ္စာပန်းအဖွဲ့တို့က ဒေသနွားများမွေးမြူထားရှိမှုနှင့် နွားစာများ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခေတ္တခရိုင်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် မွေးမြူထားသည့် ဒေသနွားများတွင်ဖြစ်ပွားတတ်သည့် ရောဂါနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလေ့လာ၍ စနစ်တကျမွေးမြူသွားကြရန် မှာကြားသည်။

ကျတီကျေးရွာတွင် အစုအဖွဲ့တစ်ဖွဲ့လျှင် နွား ၁၅ ကောင် စုစုပေါင်း အစုအဖွဲ့လေးဖွဲ့က နွားအကောင်ရေ ၆၀ ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မွေးမြူလျက်ရှိကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်ထံမှ သိရသည်။

**မောင်စိုင်**

# စေတုတ္တရာမြို့နယ် ကောင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းကြီးကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၆ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ကောင်းကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကောင်းကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၄ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကောင်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၃ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချွဲဆွန်ဟွီးကို ရုရှားသမ္မတပူတင် လက်ခံတွေ့ဆုံ



**မော်စကို ဇန်နဝါရီ ၁၇**

ရုရှားသမ္မတ ပူတင်သည် မော်စကိုမြို့သို့ ရောက်ရှိနေသော မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချွဲဆွန်ဟွီးကို ဇန်နဝါရီ ၁၆ ရက်တွင် လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးသည် သမ္မတပူတင်နှင့် မတွေ့ဆုံမီ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

သမ္မတပူတင်သည် ဇန်နဝါရီ ၁၆ ရက်တွင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး နှစ်ဦးစလုံးကို ကရင်မလင်နန်းတော်၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကြားရယူထားသည့် သဘောတူညီချက်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှားသမ္မတ ပူတင်အနေဖြင့် မြောက်ကိုရီးယားအစိုးရ၏ဖိတ်ကြားချက်အရ သင့်လျော်သည့်အချိန်တွင် မြောက်ကိုရီးယားသို့ သွားရောက်ရန်စီစဉ်ထားကြောင်း ရုရှားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက်ပိုင်းတွင် ရုရှားနှင့် မြောက်ကိုရီးယား နိုင်ငံတို့ကြား စစ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင်သည်လည်း ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း ရုရှားသို့သွားရောက်၍ သမ္မတပူတင်နှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ယူကရိန်းစစ်ပွဲအခြေအနေ ရုရှားသမ္မတ ပူတင် သတိပေး

**မော်စကို ဇန်နဝါရီ ၁၇**

ယူကရိန်းစစ်ပွဲ အခြေအနေ လက်ရှိအတိုင်းဆက်သွားမည်ဆိုပါက ယူကရိန်း၏ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်စွမ်းပြင်းထန်စွာ ထိခိုက်နိုင်ကြောင်း ရုရှားသမ္မတ ပူတင်က ဇန်နဝါရီ ၁၆ ရက်တွင် သတိပေးလိုက်သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် လက်ရှိရယူထားသည့် အောင်မြင်မှုများကိုလည်း မည်သည့်အခါတွင်မျှ စွန့်လွှတ်မည်မဟုတ်ကြောင်း သမ္မတပူတင်က ရှုပ်သံမှတစ်ဆင့်ပြောကြားခဲ့သည်။

ယူကရိန်းငြိမ်းချမ်းရေး နိုင်ငံတကာထိပ်သီးညီလာခံတစ်ရပ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန် ဆွစ်ဇာလန်နိုင်ငံက သဘောတူခဲ့ပြီး တစ်ရက်အကြာတွင် ရုရှားသမ္မတပူတင်၏ သုံးသပ်ပြောကြားချက်များ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနှင့် အနောက်အုပ်စုနိုင်ငံများ၌ ဆွေးနွေးနေကြသော ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ်များကိုလည်း သမ္မတပူတင်က ငြင်းပယ်ထားသည်။

လက်ရှိအချိန်တွင် ယူကရိန်းတန်ပြန်ထိုးစစ်မှာ ပျက်ပြားခဲ့ရုံသာမက အခြေအနေကိုလည်း ရုရှား လက်နက်ကိုင်တပ်များက ထိန်းချုပ်ထားကြောင်း၊ သို့ဖြစ်ရာ လက်ရှိအခြေအနေအတိုင်း ဆက်သွားပါက ယူကရိန်း၏နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်စွမ်း ထိခိုက်သွားနိုင်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် ယူကရိန်းတစ်နိုင်ငံလုံး၏ ၁၇ ဒသမ ၅ ရာခိုင်နှုန်းကိုထိန်းချုပ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## နိုင်ဂျီးရီးယား၌ ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး နှစ်ဦးသေဆုံး

**အဘူဂျာ ဇန်နဝါရီ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံ အိုယိုပြည်နယ်၌ ဖောက်ခွဲရေးပစ္စည်းများ သိုလှောင်ထားသည့် လူနေအိမ်တစ်လုံး ဇန်နဝါရီ ၁၆ ရက်တွင် ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ နှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုမှာ ပြင်းထန်လှသည်ဖြစ်ရာ အနီးဝန်းကျင်ရှိ အဆောက်အအုံများလည်းပြိုကျခဲ့ရပြီး အများပြည်သူများကြောက်လန့်တကြားထွက်ပြေးခဲ့ရသည်။

ဖောက်ခွဲရေး ပစ္စည်းများ သိုလှောင်ထားသည့် နေအိမ်ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူနှစ်ဦး သေဆုံး၍ ၇၇ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း အိုယိုပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နေအိမ်သည် တရားမဝင်သတ္တုတူးဖော်သူများ ငှားရမ်းနေထိုင်သည့်နေအိမ်ဖြစ်ပြီး ဖောက်ခွဲရေးပစ္စည်းများ သိုလှောင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ဂျီးရီးယား ရှာဖွေကယ်ဆယ်ရေးသမားများက ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ ရှာဖွေရှင်းလင်းမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုအတွင်း နေအိမ်များပြိုကျခဲ့ရသူများအတွက် အိုယိုပြည်နယ်အစိုးရက ယာယီခိုလှုံရာနေရာများစီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## စော်ဘွားသစ်လက်ထက် ပထမဆုံးအစိုးရအဖွဲ့ ကူဝိတ်နိုင်ငံဖွဲ့စည်း

**ကူဝိတ်စီးတီး ဇန်နဝါရီ ၁၇**

ဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက် ဆာဘားအယ်လ်ဆာလမ်အယ်လ်ဆာဘားဦးဆောင်သော အစိုးရအဖွဲ့သစ်ကိုကူဝိတ်နိုင်ငံက ယနေ့တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။



အဆိုပါကူဝိတ်အစိုးရအဖွဲ့သစ်သည် နိုင်ငံအကြီးအကဲ စော်ဘွားသစ် ရှိတ်ခ်မီရှားလ်အယ်လ်အာမက်အယ်လ်ဆာဘားလက်ထက် ပထမဆုံးအစိုးရအဖွဲ့ဖြစ်သည်။

ကူဝိတ်အစိုးရ အဖွဲ့သစ်တွင် ဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက် ဆာဘား အယ်လ်ဆာလမ်အယ်လ်ဆာဘားသည် ရေနံဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများအတွက် ဝန်ကြီးသစ်များ ခန့်အပ်ထားသည်။

မိမိအနေဖြင့် စော်ဘွားသစ်၏ လမ်းညွှန်မှုဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဖော်ဆောင်မည်ဖြစ်ကြောင်း ကူဝိတ်ဝန်ကြီးချုပ်က ပြောကြားထားသည်။

ကူဝိတ်စော်ဘွားသစ် ရှိတ်ခ်မီရှားလ် အယ်လ်အာမက်အယ်လ်ဆာဘားသည် ကူဝိတ်စော်ဘွား ရှိတ်ခ်နာဝပ်ဖ် ကွယ်လွန်ပြီးနောက် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ကူဝိတ်စော်ဘွားနေရာကို ရရှိခဲ့သည်။

စော်ဘွားသစ်အနေဖြင့်အာရပ်ညီညွတ်ရေး၊ အနောက်အုပ်စုနှင့် မဟာမိတ်ပြုထားရေး အပါအဝင် ကူဝိတ် နိုင်ငံခြားရေးမူဝါဒများကို ဆက်ထိန်းထားဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပါကစ္စတန်ဝေဟင်ပိုင်နက်ကို အီရန်ချိုးဖောက်ကာ ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးသေဆုံး

**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၁၇**

ပါကစ္စတန် ဝေဟင်ပိုင်နက်ကို အီရန်ချိုးဖောက်ကာ ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးသေဆုံးခဲ့ရကြောင်း ပါကစ္စတန်နိုင်ငံက ယနေ့တွင် ပြောကြားခဲ့သည်။

ပါကစ္စတန်နယ်စပ်ရှိ ဂျာအစ်ရှ်အယ်လ်အဒဲလ်အမည်ရှိ စစ်သွေးကြွအုပ်စုကို အီရန်တော်လှန်ရေးအစောင့်တပ်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရန်မီဒီယာများကကြေညာခဲ့ပြီး နာရီပိုင်းအကြာတွင် ပါကစ္စတန်နိုင်ငံ၏တုံ့ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်တော်လှန်ရေးအစောင့်တပ်သည် ဂျာအစ်ရှ်အယ်လ်အဒဲလ် စစ်သွေးကြွအုပ်စု၏ အခြေစိုက်စခန်းနှစ်ခုကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အီရန်မီဒီယာများ၏အဆိုအရ သိရသည်။

သို့သော် အဆိုပါစစ်သွေးကြွအုပ်စုကိုတိုက်ခိုက်ရာတွင် အီရန်နိုင်ငံအနေဖြင့် ပါကစ္စတန်ဝေဟင်ပိုင်နက်ကို ချိုးဖောက်ခဲ့ကြောင်း၊ ယင်းသို့ ဝေဟင်ပိုင်နက်ချိုးဖောက်မှုကြောင့် ဆိုးရွားသည့်အကျိုးဆက်များရှိလာနိုင်ကြောင်း ပါကစ္စတန်စစ်ဘက်က ကြေညာချက်ထုတ်ပြန်ထားသည်။


ပါကစ္စတန်၏ အဆိုပါကြေညာချက်နှင့်ပတ်သက်၍ အီရန်အစိုးရက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ဂျာအစ်ရှ်အယ်လ်အဒဲလ်စစ်သွေးကြွအုပ်စုသည် ပါကစ္စတန်နယ်စပ်အနီးတွင် အီရန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်လေ့ရှိသည့် စစ်သွေးကြွ အုပ်စုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## မဟာအာကာသတွင်းနက်ကြီးတစ်ခုပေါက်ကွဲမှုကြောင့် ပေါ်ထွက်ခဲ့သည့် ဓာတ်ငွေ့တိမ်တိုက်များကို နာဆာသိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၁၇**

လွန်ခဲ့သောနှစ်ပေါင်း ငါးသန်းခန့်က မဟာအာကာသတွင်းနက်ကြီးတစ်ခု ပေါက်ကွဲမှုကြောင့် ပေါ်ထွက်ခဲ့သည့် ဓာတ်ငွေ့တိမ်တိုက်များကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသတွင်းနက်ဖြာထွက်ရောင်ခြည်အကြွင်းအကျန်များကို NGC 4945 အမည်ရှိ ခရုပတ်ခွေကြယ်စုအတွင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

NGC 4945 ကြယ်စုသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၃ သန်း အကွာတွင်ရှိသည့် စင်တောရပ်စ် နက္ခတ်တာရာ နယ်မြေအတွင်း တည်ရှိသည်။

NGC 4945 ကြယ်စုသည် လွန်ခဲ့သော နှစ်ပေါင်း ငါးသန်းခန့်က ပေါက်ကွဲခဲ့ရာ အေးခဲနေသည့် ဓာတ်ငွေ့တိမ်တိုက်များ ပေါ်ထွက်လာခဲ့ရသည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ အာကာသတွင်းနက်ပေါက်ကွဲမှုမှ ပေါ်ထွက်လာသည့် ဓာတ်ငွေ့တိမ်တိုက်များကို နာဆာ၏ ချန်ဒရာ X-ray ရောင်ခြည် အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

NGC 4945 ကြယ်စု၏ မဟာအာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ၁ ဒသမ ၆ သန်း ပိုကြီးမားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လွန်ခဲ့သောနှစ်ပေါင်း ၆၅ သန်းခန့်ကဖြစ်ပွားခဲ့သည့်ဂြိုဟ်သိမ်ကျရောက်မှုကြောင့် ပဥ္စလက်မှို ခေါ် ယနေ့ခေတ်မှိုတစ်မျိုး ပေါ်ထွက်လာခြင်းဖြစ်နိုင်

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

လွန်ခဲ့သောနှစ်ပေါင်း ၆၅ သန်းခန့်က ဖြစ်ပွားခဲ့သည့် ဂြိုဟ်သိမ်ကျရောက်မှုကြောင့် ပဥ္စလက်မှို (Mushroom)ခေါ် ယနေ့ခေတ်မှိုတစ်မျိုး ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

Psilocybe ခေါ် ပဥ္စလက်မှိုများ ပေါ်ထွက်ချိန်သည် ယခင်တွေးထင်ထားသည်ထက် ပို၍ ရှေးကျပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၆၅ သန်းခန့်ကပင် စတင်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမှိုများ စတင်ပေါ်ထွက်လာချိန်သည် ကမ္ဘာပေါ်သို့ ဂြိုဟ်သိမ်ကျရောက်ခဲ့ချိန်နှင့် တိုက်ဆိုင်နေသည်ကို တွေ့ရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



သို့ဖြစ်ရာ လွန်ခဲ့သောနှစ်ပေါင်း ၆၅ သန်းခန့်က ပဥ္စလက်မှိုများ စတင်ပေါ်ထွက်လာမှုသည် ဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ်နှင့် ဆက်စပ်နေဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းခန့်က ဖြစ်ပွားခဲ့သည့် ဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ်ကြောင့် ဒိုင်နိုဆောများ ပျောက်ကွယ်ခဲ့ရသော်လည်း သက်ရှိ မျိုးစိတ်သစ်နှင့် အပင်မျိုးစိတ်သစ်များလည်း ပေါ်ထွက်ခဲ့ရသည်။

ပဥ္စလက်မှိုသည် စိတ်ရောဂါများကို ကုသရာတွင် အထောက်အကူပြုနိုင်သည့်သတင်း ထွက်ပေါ်နေသည့်မှိုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က အလွန်ပြင်းထန်သော စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပွားနေသည့်ကြယ်စုတစ်ခုကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် အလွန်ပြင်းထန်သော စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပွားနေသည့် ကြယ်စုတစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

UGC 5189 A အမည်ရှိ အဆိုပါကြယ်စုသည် ကမ္ဘာမြေနှင့် အလင်းနှစ် သန်း ၁၅၀ ခန့် အကွာတွင် တည်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်စုအတွင်းရှိ စူပါနိုဗာကြယ်ပေါက်ကွဲမှု တစ်ခုမှာလည်း အလွန်ပြင်းထန်ကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

SN 2010 JL အမည်ရှိ အထက်ပါ စူပါနိုဗာကြယ်ပေါက်ကွဲမှုသည် နေမှထုတ်လွှတ်နေသည့် စွမ်းအင်ထက် အဆပေါင်း ၂ ဒသမ ၅ ဘီလီယံ ပိုမြင့်မားသည့် စွမ်းအင်များကို ထုတ်လွှတ်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

စူပါနိုဗာကြယ်ပေါက်ကွဲမှုများသည် နေ၏အရွယ်အစားထက် အဆ ၄၀ မှ ၅၀ ထိ ပိုကြီးသော ကြယ်ကြီးများပြိုကွဲချိန်တွင် ဖြစ်ပွားတတ်သည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် UGC 5189A ကြယ်စုကို ကြိမ်ဖန်များစွာ လေ့လာခဲ့ဖူးကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အရေပြားကင်ဆာလူနာများအတွက် သွေးစစ်နည်းတစ်မျိုး ဖန်တီးထား

**လန်ဒန် ဇန်နဝါရီ ၁၇**

အရေပြားကင်ဆာလူနာများအတွက် အကောင်းဆုံးကုထုံးကို ရှာဖွေရာတွင် အထောက်အကူပြုနိုင်မည့် သွေးစစ်နည်းတစ်မျိုးကို သုတေသနပညာရှင်များက ဖန်တီးထားကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

Liquid Biopsy ဟုခေါ်သည့် အဆိုပါသွေးစစ်နည်းကို လက်ရှိအချိန်တွင် ဗြိတိန်သုတေသနပညာရှင်များက ပဏာမလက်တွေ့စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

Liquid Biopsy သွေးစစ်နည်းသည် အရေပြားကင်ဆာလူနာများအတွက် အသင့်လျော်ဆုံးကုထုံးကို ရှာဖွေရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သာမန်အားဖြင့် အရေပြားကင်ဆာကုထုံးများ ထိရောက်မှုရှိ၊ မရှိကို စစ်ဆေးရာတွင် ကွန်ပျူတာပုံရိပ်ဖော် ဓာတ်မှန်စနစ်ကို ဆေးပညာရှင်များက အသုံးပြုလေ့ရှိကြောင်း သိရသည်။

သို့ရာတွင် Liquid Biopsy သွေးစစ်နည်းသည် အရေပြားကင်ဆာကုထုံး ထိရောက်မှုရှိ၊ မရှိ ဖော်ထုတ်ရေးလုပ်ငန်းစဉ်ကို ပိုမြန်လာစေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အရေပြားကင်ဆာကုထုံး ထိရောက်မှုရှိ၊ မရှိကို ကွန်ပျူတာပုံရိပ်ဖော်ဓာတ်မှန်စနစ်ဖြင့် ဆန်းစစ်ရာတွင် အချိန်များစွာယူရန်လိုသကဲ့သို့ ဝန်ထမ်းအင်အားလည်း လိုအပ်မှုရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သွားဖုံးသွေးယိုမှုပြဿနာကြောင့် အဆုတ်လေပွန်ရောင်ရောဂါ ပိုဆိုးစေနိုင်

**ပေကျင်း ဇန်နဝါရီ ၁၇**

သွားဖုံးသွေးယိုမှု ပြဿနာကြောင့် အဆုတ်လေပွန်ရောင်ရောဂါပိုဆိုးစေနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

တရုတ်သုတေသနပညာရှင်များသည် သွားဖုံးသွေးယိုစေတတ်သည့် Porphyromonas Gingivalis ခေါ် ဗက်တီးရီးယားတစ်မျိုး ရှိနေသည့် ကြွက်များကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွားဖုံးသွေးယိုမှုပြဿနာသည် အဆုတ်လေပွန်ရောင်ရောဂါရှိနေပါက ၎င်းရောဂါအခြေအနေကို ပိုဆိုးစေနိုင်ဖွယ်ရှိသည်ကိုတွေ့ရကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ သွားဖုံးသွေးယိုမှု ပြဿနာကို ကုသပေးခြင်းဖြင့် အဆုတ်လေပွန်ရောင်ရောဂါကို ကုသရာတွင်လည်း အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း တရုတ်သုတေသန ပညာရှင်များက မျှော်လင့်ထားသည်။

ရှေးယခင်က ပြုလုပ်ခဲ့သော လေ့လာချက်တွင်လည်း သွားဖုံးသွေးယိုမှုပြဿနာသည် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါအပါအဝင် ရောဂါအများအပြား၏ နောက်ခံ အကြောင်းတရားတစ်ရပ်ဖြစ်နိုင်သည်ဟု တင်ပြထားကြောင်း သိရသည်။

အဆုတ်လေပွန်ရောင်ရောဂါသည် ကမ္ဘာတစ်ဝန်း လူအများသေဆုံးကြရမှုများ၏ အဓိက အကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အယ်လ်အေအက်ဖ်စီအသင်းက ချီလီနီကို အသင်းနည်းပြအဖွဲ့တွင် ပြန်လည်ခန့်အပ်

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ကစားသမားဘဝမှ အနားယူခဲ့သည့် ခံစစ်ကစားသမား ချီလီနီကိုအယ်လ်အေအက်ဖ်စီအသင်းက ကစားသမားဖွံ့ဖြိုးတိုးတက်ရေး နည်းပြအဖြစ် ပြန်လည် ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိ ခံစစ်ကစားသမားချီလီနီသည် အယ်လ်အေအက်ဖ်စီအသင်းတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လက ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲ ပါဝင်ခဲ့ရာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ကာ အသင်းအားမေဂျာလိဂ်ဖလားဗိုလ်လုပွဲသို့ ရောက်ရှိအောင် ပါဝင်ကူညီနိုင်ခဲ့သော်လည်းအသင်းအနေဖြင့် ဒုတိယနေရာဖြင့်သာ ရပ်တည်နိုင်ခဲ့ပြီးနောက် ကစားသမားဘဝမှအနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သို့သော် အသင်းတာဝန်ရှိသူများက တစ်လခန့်အကြာတွင် ခံစစ်ကစားသမားချီလီနီကို အသင်းနည်းပြအဖွဲ့တွင် ပြန်လည်ခန့်အပ်ခဲ့ပြီး ကစားသမားများဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ပေးအပ်ခဲ့သောကြောင့် နည်းပြစတိဗ်ချာရန်ဒိုလိုအပါအဝင် ၎င်း၏နည်းပြအဖွဲ့ဝင်များနှင့်အတူ လက်တွဲအလုပ်လုပ်ရမည်ဖြစ်သည်။

ချီလီနီသည် မေဂျာလိဂ်ပြိုင်ပွဲတွင် အသက်အရွယ်အရအကျပိုင်းရောက်လာသဖြင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း ၎င်း၏ကစားသမားဘဝတစ်လျှောက်တွင် ၂၀၀၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဂျူဗင်တပ်အသင်းတွင်ကစားခဲ့ရာ စီးရီးအေချန်ပီယံဆုဖလား ကိုးကြိမ်ထိရယူနိုင်ခဲ့ပြီး နိုင်ငံအသင်းအတွက် ပြိုင်ပွဲစုံ ၁၁၇ ပွဲပါဝင်ခဲ့ရာ ၂၀၁၀၊ ၂၀၁၄ ကမ္ဘာ့ဖလားတို့တွင် ပါဝင်ကစားခဲ့ရပြီး ၂၀၂၀ ပြည့်နှစ်တွင် အသင်းနှင့်အတူ ဥရောပချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သဖြင့် အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသည့် ချီလီနီကို အယ်လ်အေအက်ဖ်စီအသင်းက နည်းပြအဖြစ် ပြန်လည်ခန့်အပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : ML



# ဒေါ့မွန်အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ရှိုင်နာ ပြောကြား



**ဘာလင် ဇန်နဝါရီ ၁၇**

ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမားရှိုင်နာက ယခုအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း တရားဝင်ပြောကြားခဲ့ပြီးနောက် ဥရောပထိပ်သီးကလပ်အသင်းများက ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ကွင်းလယ်ကစားသမား ရှိုင်နာသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၁၂ ပွဲတွင် ပွဲကစားချိန် မိနစ် ၃၂၀ သာရှိခဲ့ပြီး ပွဲကစားခွင့်နည်းပါးခဲ့သောကြောင့် ၎င်းအနေဖြင့်အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး ပွဲကစားခွင့်ရရှိမည့် အသင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေသဖြင့် အေးဂျင့်ဖြစ်သူဂျော့မန်ဒက်စ်က ကလပ်အသင်းသစ်ရှာဖွေလျက်ရှိနေကြောင်း သိရသည်။

လက်ရှိတွင် ဒေါ့မွန်အသင်းကလည်း ရှိုင်နာကိုလက်လွှတ်ရန် စီစဉ်ခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဝန်းကျင် ရရှိပါက ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်သကဲ့သို့ ၎င်းကိုခေါ်ယူလိုသည့် အသင်းများအနေဖြင့်လည်း အပြီးသတ်ဝယ်ယူခွင့်ပါသည့် ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည်။

အသက် ၂၁ နှစ်ရှိ ရှိုင်နာကို ဥရောပကလပ်များဖြစ်သည့် မာဆေး၊ မိုနာကို၊ လိုင်ယွန်၊ ဆိုစီဒက်၊ ဆီဗီလာ၊ ဗီလာရီးရဲလ်နှင့် ဘင်ဖီကာအသင်းတို့က ချိတ်ဆက်လျက်ရှိနေသော်လည်း အေးဂျင့်ဂျော့မန်ဒက်စ်က ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် နော်တင်ဟမ်အသင်းနှင့် ဝုဗ်အသင်းတို့၏ ကမ်းလှမ်းမှုကိုသာစိတ်ဝင်စားလျက်ရှိသည်။

ရှိုင်နာသည် ၂၀၁၉ ခုနှစ်က ဒေါ့မွန်အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုပြီးနောက် အသင်းတွင် ပြိုင်ပွဲစုံ ၁၁၉ ပွဲတွင် သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML

# ၂၀၃၆ အိုလံပစ်အားကစားပြိုင်ပွဲ အိမ်ရှင်အဖြစ်ကျင်းပခွင့်မှနုတ်ထွက်ကြောင်း မက္ကဆီကိုနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီထုတ်ပြန်ကြေညာ

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၇**

မက္ကဆီကိုနိုင်ငံသည် ယခင်က ၂၀၃၆ ခုနှစ်တွင် ကစားမည့် နွေရာသီအိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ယခုအခါ အိမ်ရှင်အဖြစ်ကျင်းပခွင့်မှနုတ်ထွက်ခဲ့သည်ဟု နိုင်ငံအမျိုးသားအိုလံပစ်ကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။

မက္ကဆီကို အိုလံပစ်ကော်မတီနှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလက မက္ကဆီကိုနိုင်ငံအနေဖြင့် ၂၀၃၆ အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် အာရုံစိုက်ကြိုးပမ်းနေကြောင်း တရားဝင်ထုတ်ပြန်ခဲ့သော်လည်း ယခုအခါ လူငယ်အားကစား ပြိုင်ပွဲကိုသာ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် ဆုံးဖြတ်ထားကြောင်း အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဂျူစ်အယ်ကာရာက ပြောကြားခဲ့သည်။

လက်ရှိတွင် ၂၀၃၆ အိုလံပစ်ပြိုင်ပွဲကိုအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရေး တောင်ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် ကာတာနိုင်ငံတို့က အမည်စာရင်းတင်သွင်းထားပြီး မည်သည့်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိမည်ကိုမသိရသေးသော်လည်း မက္ကဆီကိုနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခွင့်မှ တရားဝင်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အိုလံပစ်ကော်မတီ ဥက္ကဋ္ဌက "ကျွန်တော်တို့အနေနဲ့ အရင်က ၂၀၃၆ အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခွင့်ရဖို့ ကြိုးစားခဲ့ပေမဲ့ လက်ရှိမှာ တရားဝင်နုတ်ထွက်လိုက်ပါပြီ။ ဘာကြောင့်လဲဆိုရင် ၂၀၂၇ အမေရိကလူငယ်အားကစားပြိုင်ပွဲကျင်းပခွင့်ရဖို့ ကျွန်တော်တို့နိုင်ငံမှာ အခွင့်အရေးရှိနေလို့ဖြစ်ပါတယ်။ အရင်က အိမ်ရှင်အဖြစ် ကျင်းပခွင့်ရထားတဲ့ ကိုလံဘီယာနိုင်ငံဟာ အိမ်ရှင်အခွင့်အရေးတွေ ချိုးဖောက်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံအနေနဲ့ ၂၀၃၆ ပြိုင်ပွဲမတိုင်မီ ၂၀၂၇ ပြိုင်ပွဲကို ကျင်းပခွင့်ရရေးအတွက် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik

Trs : ML

# ၂၀၂၃ ခုနှစ်အတွက် IFFHS နေရာလိုက် တစ်နှစ်တာအကောင်းဆုံး အာဖရိက ကစားသမား ၁၁ ဦးစာရင်းထုတ်ပြန်

**ဇူးရစ် ဇန်နဝါရီ ၁၇**

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့အခြေစိုက် နိုင်ငံတကာဘောလုံးအဖွဲ့၊ သမိုင်းနှင့်အချက်အလက်ဆိုင်ရာအဖွဲ့အစည်း International Federation of Football History & Statics(IFFHS) က စိစစ်ရွေးချယ်ချီးမြှင့်သည့် ၂၀၂၃ ခုနှစ်အတွက် နေရာလိုက်တစ်နှစ်တာ အကောင်းဆုံးအာဖရိက ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

IFFHS က ၂၀၂၃ ခုနှစ်အတွက် နေရာလိုက်တစ်နှစ်တာ အကောင်းဆုံး အာဖရိကကစားသမားစာရင်းကို ၃-၄-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ပြီး ဂိုးသမားနေရာတွင် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့ပြီး သမိုင်းဝင်အောင်မြင်မှုရရှိခဲ့သည့် ဘိုနို ပါဝင်လာခဲ့သည်။

အလားတူ ခံစစ်ကစားသမားသုံးဦးနေရာတွင် မော်ရိုကိုအသင်းမှ ဟာကီမီ၊ ဆီနီဂေါအသင်းမှ ကူလီဘာလေ၊ ကွန်ဂိုအသင်းမှ အမ်ဘာအမ်ဘာ၊ ကွင်းလယ်ကစားသမားလေးဦးနေရာမှ ဘယ်တောင်ပံနေရာတွင် အယ်ဂျီးရီးယားအသင်းမှ ဗီယက်၊ ညာတောင်ပံနေရာတွင် ဂါနာအသင်းမှ ပါတေး၊ ဗဟိုကွင်းလယ်နေရာတွင် ဆီနီဂေါအသင်းမှ ဂူရေးနှင့်ကင်မရွန်းအသင်းမှ အန်ဂူရီဆာတို့ပါဝင်လာခဲ့သည်။




အလားတူ တိုက်စစ်ကစားသမား သုံးဦးနေရာတွင် ယခုနှစ်ဘောလုံးရာသီ၌ စတုဂတ်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် ဂူနီယာအသင်းမှ ဂူယာဆီ၊ နိုင်ဂျီးရီးယားအသင်းမှ အိုစီမန်နှင့် အီဂျစ်အသင်း တိုက်စစ်မှူး ဆာလာဟ်တို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : STA

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းလူငယ်ကစားသမား ပယ်လီစထရီကို စပိန်ကလပ် ဂရန်နာဒါအသင်းက ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- မာဆေးအသင်းက ဝက်စ်ဟမ်းအသင်းတောင်ပံကစားသမား ဘန်ရာမာကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းက ငြင်းပယ်ခဲ့ကြောင်း သိရသည်။
- အက်ဖ်အေဖလား တတိယအဆင့် ပထမအကျော့တွင် သရေရလဒ်ထွက်ပေါ်ခဲ့မှုကြောင့် ဒုတိယအကျော့ပြန်လည်ကစားခဲ့ရာ ဘရစ္စတိုးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည့်အတွက် ဝက်စ်ဟမ်းအသင်းပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ML

# MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၀)ဆက်လက်ကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ရာ VUC FC အသင်းရှုံးနိမ့်ပြည် နိုင်ပွဲဆက်ခဲ့ကြောင်း သိရသည်။

MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များအဖြစ် နံနက် ၈နာရီတွင် Dream Team အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် M2K FC အသင်းနှင့် VUC FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် Futsal Chit Thu အသင်းနှင့် Futsal 19 FC အသင်းတို့ကစားခဲ့ရာ Futsal Chit Thu အသင်းက ငါးဂိုး လေးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီတွင် Winner Soccer အသင်းနှင့် Linn Latt FC အသင်းတို့ ကစားခဲ့ရာ Winner Soccer အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီတွင် နောက်ဆုံးပွဲစဉ်အဖြစ် Generations FC အသင်းနှင့် Let Wel Thone Nara အသင်းတို့ကစားခဲ့ရာ Let Wel Thone Nara အသင်းက ခုနစ်ဂိုး ငါးဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ **STA**

# သြစတြေးလျအိုးပင်းပြိုင်ပွဲ ဒုတိယအဆင့်မှ အွန်ဂျပ်ဘာနှင့် ကာရိုလိုင်းတို့ ထွက်ခွာခဲ့ရ

**မဲလ်ဘုန်း ဇန်နဝါရီ ၁၇**

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် သြစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီးတင်းနစ်မယ်များဖြစ်ကြသည့် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာနှင့် ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းတို့သည် ဒုတိယအဆင့်တွင် ပြိုင်ဘက်များကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အွန်ဂျပ်ဘာသည် ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် အန်ဒရီဗာနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး (၆-၀၊ ၆-၂)ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ကာ အွန်ဂျပ်ဘာသည် Unforced Error ၂၄ ကြိမ်ထိ ကျူးလွန်မိခဲ့ပြီး ပွဲကစားချိန်မှာ ၅၄ မိနစ်သာကြာမြင့်ကာ ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

အွန်ဂျပ်ဘာအတွက် စိတ်ပျက်စရာရှုံးနိမ့်မှုဖြစ်သလို အန်ဒရီဗာအတွက် ကမ္ဘာ့အဆင့်ကစားသမားကိုအနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တတိယအဆင့်အတွက် ယုံကြည်မှုပိုမိုမြင့်တက်စေမည်ဖြစ်သည်။

ကာရိုလိုင်းသည်လည်း ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် တီမိုဖီဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး တီမိုဖီဗာက (၁-၆၊ ၆-၄၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကာရိုလိုင်းသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် တီမိုဖီဗာက ပြတ်သားသည့်ရလဒ်များဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**

# မက်ဆီကို မဲပေးရွေးချယ်ခဲ့သည့်အတွက် မိုဒရစ်ကို အသင်းမှထွက်ခွာရန် ရီးရဲလ်မက်ဒရစ်အသင်း ပရိသတ်များတောင်းဆို

**မက်ဒရစ် ဇန်နဝါရီ ၁၇**

ဖီဖာတစ်နှစ်တာအကောင်းဆုံးအမျိုးသားကစားသမားဆုအတွက် မက်ဆီကို မဲပေးခဲ့သည့် မိုဒရစ်ကို အသင်းမှထွက်ခွာရန် ရီးရဲလ်မက်ဒရစ်အသင်း ပရိသတ်များက တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။

ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် မက်ဆီနှင့် ဟာလန်းတို့သည် မဲအရေအတွက် ၄၈ ခုစီ တူညီနေခဲ့သော်လည်းကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏စည်းမျဉ်းများအရ လက်ရွေးစင်အသင်းခေါင်းဆောင်များထံမှ မဲအသာစီးရရှိသည့်ကစားသမားက ရရှိသည့်အတွက် မက်ဆီက ဟာလန်းကို အသာစီးရရှိပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဖီဖာတစ်နှစ်တာအကောင်းဆုံးအမျိုးသားကစားသမားဆုအတွက် လက်ရွေးစင်အသင်းများမှ အသင်းခေါင်းဆောင်များ၏ မဲပေးရွေးချယ်သည့်ရလဒ်ကို ထုတ်ပြန်ခဲ့ရာတွင် မိုဒရစ်က ခရိုအေးရှားအသင်းခေါင်းဆောင်အဖြစ် မက်ဆီကို မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ဘာစီလိုနာအသင်းတွင် ဆယ်စုနှစ်တစ်ခုကျော်ကြာ ကစားခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်း၏ ပြိုင်ဘက်ကစားသမားအဖြစ် ကာလရှည် ရှိနေသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်း ပရိသတ်များက မက်ဆီကို ပြိုင်ဘက်အဖြစ် သတ်မှတ်ထားသော်လည်း မိုဒရစ်က မက်ဆီကို မဲပေးခဲ့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်း ပရိသတ်များက မိုဒရစ်ကို စိတ်ဆိုးဒေါသထွက်ခဲ့ကြခြင်းဖြစ်သည်။

မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ကာလရှည်ကစားပြီးအဓိက ကစားသမားအဖြစ်ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ကာ ပရိသတ်အချစ်တော်ကစားသမား တစ်ဦးအဖြစ်ရပ်တည်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်း၏ အခါးသီးဆုံးပြိုင်ဘက်ကစားသမား မက်ဆီကို မဲပေးပြီး ရွေးချယ်ခဲ့သည့်အတွက် ပရိသတ်များ၏ ပြင်းပြင်းထန်ထန်ဝေဖန်မှုများနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။ **Ref : Xinhua**

**Trs : STA**

# UFC စထရောဝိတ်တန်းချန်ပီယံ တာတီယန်နာ ဒဏ်ရာကြောင့် အာမန်ဒါနှင့်ထိုးသတ်နိုင်မည်မဟုတ်







**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၁၇**

UFC အမျိုးသမီး စထရောဝိတ်တန်းချန်ပီယံ အမေရိကန် UFC ကစားသမား တာတီယန်နာသည် ယနေ့တွင် အမေရိကန် ကယ်လီဖိုးနီးယားပြည်နယ် အန်နာဟိမ်းမြို့ရှိ ဟွန်ဒါစင်တာတွင် ဘရာဇီး UFC ကစားသမား အာမန်ဒါနှင့်ထိုးသတ်ရန် ပွဲစီစဉ်ထားသော်လည်း တာတီယန်နာသည် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသည့်အတွက် အာမန်ဒါနှင့်ထိုးသတ်နိုင်တော့မည် မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

တာတီယန်နာနှင့် ထိုးသတ်နိုင်တော့မည်မဟုတ်သည့်အတွက် အာမန်ဒါသည် တာတီယန်နာနေရာတွင် အစားထိုးပေးရန် UFC အဖွဲ့ချုပ်ကို တောင်းဆိုခဲ့ရာတွင် ဘရာဇီး UFC ကစားသမား မက်ကင်ဇီနှင့်ထိုးသတ်သွားရန် UFC အဖွဲ့ချုပ်က ပွဲစီစဉ်ပေးခဲ့သည်။

မက်ကင်ဇီသည် တာတီယန်နာနေရာတွင် အစားထိုးယှဉ်ပြိုင်ထိုးသတ်ရန်အတွက် လက်ခံခဲ့ပြီး စိန်ခေါ်ပွဲအတွက် သဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အာမန်ဒါသည် လက်ရှိချန်ပီယံနှင့် ထိုးသတ်ခွင့် မရတော့သည့်အတွက် ယာယီချန်ပီယံအတွက် မက်ကင်ဇီနှင့် ထိုးသတ်မည်ဖြစ်ပြီး တာတီယန်နာ ဒဏ်ရာမှပြန်လည်သက်သာလာချိန်တွင် ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ထိုးသတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စထရောဝိတ်တန်း ချန်ပီယံ တာတီယန်နာသည် ရှုံးပွဲမရှိသေးသည့် UFC ကစားသမားတစ်ဦးဖြစ်သော်လည်း ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒဏ်ရာပြဿနာဖြင့် မကြာခဏရင်ဆိုင်နေရသူဖြစ်ပြီး ဒဏ်ရာရချိန်တွင်လည်း ပြန်လည် သက်သာရန်အတွက် အချိန်ပေးရသောကြောင့် ဒဏ်ရာရတိုင်း ကာလရှည်အနားယူရသည့်အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။ **Ref : Xinhua**

**Trs : AZL**

# Hilton Grand Vacations Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရှိချန်ပီယံကိုကာကွယ်သွားမည်ဟု ဟန်ဒါဆင် ပြောကြား

**အော်လန်ဒို ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့တွင် ကျင်းပမည့် Hilton Grand Vacations Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကနေဒါဂေါက်သီးရိုက်မယ် ဟန်ဒါဆင်က ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်သွားမည်ဟု ယနေ့တွင် ပြောကြားခဲ့သည်။




ဟန်ဒါဆင်သည် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်မယ်ဘဝသို့ ရောက်ရှိလာခဲ့ပြီးနောက် LPGA Tour တွင် ကိုးနှစ်ထိကစားခဲ့သူဖြစ်ပြီး LPGA Tour တွင် ဆုဖလား ၁၃ လုံးထိ ရရှိထားသူဖြစ်သည်။

ဟန်ဒါဆင်သည် ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီပြီးဆုံးခါနီးတွင် ပုံစံကောင်းပျောက်ဆုံးကာ ရလဒ်ပိုင်းကျဆင်းခဲ့ရပြီး အောင်မြင်မှုများနှင့်ဝေးကွာခဲ့သော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် LPGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲ ၁၀ ပွဲတွင် အမှတ်ပေးဇယား၏ အဆင့်(၁၅)အတွင်း ရပ်တည်နိုင်ခဲ့သည်။

ကစားသမားဘဝ အတက်အကျမြန်ဆန်နေသည့် ဟန်ဒါဆင် အနေဖြင့် ယခုနှစ်တွင် အောင်မြင်မှုများရယူနိုင်ရန် ပစ်မှတ်ထားနေပြီး ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီနှစ်ကုန်ပိုင်းတွင်လည်း လေ့ကျင့်ပြင်ဆင်မှုပိုင်းတွင် အချိန်ပေးခဲ့ကြောင်း ဟန်ဒါဆင်က ပြောကြားခဲ့သည်။

ဟန်ဒါဆင်က "ကျွန်မရဲ့ကစားသမားဘဝက အတက်အကျတွေ မြန်နေတယ်။ စွမ်းဆောင်ရည်ပိုင်း တည်ငြိမ်မှုမရှိတဲ့အတွက် အခုလိုဖြစ်နေတာပါ။ ကစားသမားတော်တော်များများ ကျွန်မလို အခြေအနေနဲ့ ကြုံတွေ့ဖူးကြပါတယ်။ စိတ်ရှည်သည်းခံဖို့လိုတယ်ဆိုတာကိုနားလည်ပါတယ်။ မနှစ်တုန်းက ရာသီအစမှာအဆင်ပြေခဲ့တယ်။ ဒါပေမဲ့ ရာသီကုန်ခါနီးမှာတော့ ပုံစံကောင်းရဖို့အတွက် တော်တော်လေး ကြိုးစားခဲ့ရတယ်။ မနှစ်တုန်းက Hilton Grand Vacations Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့ပါတယ်။ ဒီနှစ်မှာလဲ ရာသီအစကိုအောင်မြင်မှုနဲ့ စတင်ချင်ပါတယ်။ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်မယ်ဆိုရင်တော့ ပိုကောင်းပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ကမ္ဘာ့နိုင်ငံများ၏စီးပွားရေးအင်အား အာရှဒေသသို့ရွှေ့လျားနေဆဲဖြစ်

မောင်ဝေလွမ်း(သုတေသီ)

တရုတ်နိုင်ငံ၏ တိုးတက်မှုအလားအလာနှင့် ပတ်သက်၍ လက်တလောစိုးရိမ်ပူပန်မှုများရှိနေသော်လည်း တရုတ်နှင့် အခြားထွန်းသစ်စအာရှနိုင်ငံများ၏ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုဝေစု မြင့်တက်လာမှုသည် G7 နိုင်ငံများ၏စီးပွားရေးထိခိုက်မှုနှင့်အတူ ဆက်လက်ပေါ်ပေါက်လာနေမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကမ္ဘာ့စီးပွားရေးအင်အား သို့မဟုတ် အစုရှယ်ယာများသည် အရှေ့အာရှသို့ ကူးပြောင်းသွားမည်ဖြစ်ပြီး မကြာမီဆယ်စုနှစ်များအတွင်း တောင်အာရှသို့ စီးဝင်မှုလျော့နည်းသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးစိန်ခေါ်မှုများနှင့်ပတ်သက်၍ မကြာသေးမီက မီဒီယာများတွင် ဖော်ပြမှုများနေသော်လည်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF) နှင့် အခြားသောကြိုတင်ခန့်မှန်းသူများ၏ ခန့်မှန်းချက်များသည် အနောက်မှအရှေ့သို့ စီးပွားရေးထွက်ကုန်များကူးပြောင်းခြင်း၏ ရေရှည်လမ်းကြောင်းကို သရုပ်ပြသနေသည်။

၁၉၈၀ ပြည့်နှစ်က G7 နိုင်ငံများရှိ ကမ္ဘာ့ထိပ်တန်းစက်မှုနိုင်ငံများဖြစ်သည့် အမေရိကန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် ဗြိတိန်သည် ဝယ်ယူနိုင်စွမ်းညီမျှမှုအခြေခံဖြင့် ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ၏ ၅၀ ရာခိုင်နှုန်းရှိခဲ့သည်။ သို့သော်လည်း ၂၀၂၂ ခုနှစ်တွင် G7 နိုင်ငံများ၏ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုဝေစုသည် ၃၀ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ယနေ့ ထွန်းသစ်စနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တရုတ်နိုင်ငံအပါအဝင် အာရှရှိနိုင်ငံများနှင့်အတူ ကမ္ဘာလုံးဆိုင်ရာဂျီဒီပီ၏ ၆၀ ရာခိုင်နှုန်းခန့်ပါဝင်သည်။ အခြားသောထွန်းသစ်စနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှခွဲထွက်ကာ အာရှ၏ကမ္ဘာလုံးဆိုင်ရာဝင်ငွေဝေစုမှာ ၃၃ ရာခိုင်နှုန်းဖြစ်ပြီး တရုတ်နိုင်ငံသည် ကမ္ဘာ့ဂျီဒီပီ၏ ၁၉ ရာခိုင်နှုန်းခန့်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာဝင်ငွေရှယ်ယာများ အပြောင်းအလဲအတွက် ကြီးမားသောတိုးတက်မှုကွာခြားချက်များသည် အဓိကအကြောင်းရင်းဖြစ်သည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သည့်ဆယ်စုနှစ် နှစ်ခုတွင် တစ်နှစ်လျှင် ပျမ်းမျှဂျီဒီပီတိုးတက်မှုနှုန်း ၈ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး အိန္ဒိယသည် ပျမ်းမျှ ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် G7 နိုင်ငံများသည် ၁ ဒသမ ၅ ရာခိုင်နှုန်းရရှိခဲ့သည်။ ကြီးမားသောတိုးတက်မှုကွာခြားချက်များသည် မတူညီသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်များကို ထင်ဟပ်စေသည်။

ကမ္ဘာလုံးဆိုင်ရာဝင်ငွေဝေစုများ တိုးလာနေသော်လည်း ထွန်းသစ်စနိုင်ငံများ၏ တစ်ဦးချင်းဝင်ငွေသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏အောက်တွင်သာ ရှိနေသေးသည်။ တရုတ်နှင့် အိန္ဒိယ၏ တစ်ဦးချင်းဝင်ငွေသည် အမေရိကန်၏ တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၈၀၀၀၀ နှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၃၀၀၀ နှင့် ဒေါ်လာ ၉၀၀၀ အသီးသီးရှိသည်။ တစ်ဦးချင်းဝင်ငွေ၏ မတူညီသောအဆင့်များသည် ရုပ်ပိုင်းဆိုင်ရာနှင့် လူသားအရင်းအနှီး၏အရွယ်အစားနှင့် ကုန်ထုတ်စွမ်းအားအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုအဆင့်များကို ထင်ဟပ်စေသည်။

ကျန်ဆယ်စုနှစ်များအတွင်း အာရှရှိ ထွန်းသစ်စနိုင်ငံများ၏စီးပွားရေးသည် တရုတ်နိုင်ငံ၏စီးပွားရေးစွမ်းဆောင်မှုအပေါ် များစွာမူတည်နေသော်လည်း အတိုင်းအတာသည် အခြားဒေသအားလုံးတွင် စွမ်းဆောင်ရည်ထက် သာလွန်နေမည်ဖြစ်သည်။ ပေါ်ပေါက်လာသောဒေသအားလုံးသည် မြင့်မားသောအရင်းအနှီးကုန်ထုတ်စွမ်းအားမြင့်မားခြင်းနှင့် အများစုတွင် ပိုမိုကောင်းမွန်သောလူဦးရေဆိုင်ရာလမ်းကြောင်းများကြောင့် စီးပွားရေးတိုးတက်မှုနှုန်းအရ G7 နိုင်ငံများကို ကျော်တက်မည်ဖြစ်သည်။ ထွန်းသစ်စအာရှနိုင်ငံများသည် ယေဘုယျအားဖြင့် မြင့်မားသောရင်းနှီးမြှုပ်နှံမှုအဆင့်များနှင့် ပိုမိုကောင်းမွန်သော ကုန်ထုတ်စွမ်းအားများရရှိခြင်းကြောင့် ထွန်းသစ်စဒေသအားလုံးတွင် အခိုင်မာဆုံးတိုးတက်မှုကို ဆက်လက်ပါဝင်နိုင်မည်ဖြစ်သည်။

အာရှတိုက်ရှိ ထွန်းသစ်စစီးပွားရေးနိုင်ငံများသည်လည်း အခြားဒေသတွင်းရှိ ဂျီဒီပီများထက် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာဂျီဒီပီဝေစုကို ပိုမိုတိုးတက်စေမည်ဖြစ်သည်။ သို့သော်လည်း ထွန်းသစ်စအာရှ၏ ဂျီဒီပီထက်ဝက်ကျော်သည် တရုတ်နိုင်ငံ၏ကိန်းဂဏန်းများဖြစ်သောကြောင့် ထွန်းသစ်စအာရှတိုးတက်မှုသည် တရုတ်နိုင်ငံ၏ ကာလတိုတိုးတက်မှုလမ်းကြောင်းပေါ်တွင် များစွာမူတည်နေမည်ဖြစ်သည်။ အရှေ့အလယ်ပိုင်းနှင့် ဆာဟာရအာဖရိကမှ ထွန်းသစ်စစီးပွားရေးနိုင်ငံများတွင် လာမည့်နှစ်များအတွင်း သင့်တင့်လျောက်ပတ်သောတိုးတက်မှုကို မြင်တွေ့နိုင်မည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း အာရှ၏ကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှုနှုန်းနှင့် ကုန်ထုတ်စွမ်းအား ပိုမိုအားကောင်းခြင်းကြောင့် ၎င်းတို့၏စွမ်းဆောင်ရည်သည် အာရှလုပ်ဖော်ကိုင်ဖက်များနှင့်နှိုင်းယှဉ်လျှင် ကြီးထွားမှုအားနည်းနေသေးသည်။ အလွန်နိမ့်ကျသောအခြေခံမှ ကြီးထွားလာခြင်းကြောင့် အာရှမဟုတ်သော ထွန်းသစ်စဒေသများသည် ကမ္ဘာလုံးဆိုင်ရာဝင်ငွေခွဲဝေမှုနှင့်ပတ်သက်၍ အဓိပ္ပာယ်ရှိသောအကျိုးအမြတ်များကို ရရှိဦးမည်မဟုတ်ပေ။ သီအိုရီအရ တစ်ဦးချင်းဝင်ငွေနည်းသောနိုင်ငံများတွင် တိုးတက်မှုအလားအလာပိုရှိသည်။ သို့သော်လည်း အရင်းအနှီးစုဆောင်းမှုနှင့် ပို၍ကုန်တိုးတက်မှုကို ဦးတည်သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများအပါအဝင် တိုးတက်မှုကို အထောက်အကူပြုသည့်မူဝါဒများကို အစိုးရများက အကောင်အထည်ဖော်မှသာ အမှန်တကယ်ဖြစ်လာမည်ဖြစ်သည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏အဆိုအရ အာရှရှိ ထွန်းသစ်စနိုင်ငံများ၏စီးပွားရေးသည် လာမည့်ငါးနှစ်အတွင်း ငါးရာခိုင်နှုန်းခန့်တိုးတက်မည်ဟု ခန့်မှန်းထားသည်။ ဥရောပနှင့် လက်တင်အမေရိကရှိ ထွန်းသစ်စစီးပွားရေးနိုင်ငံများသည် တစ်ချိန်တည်းတွင် ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပြီး အရှေ့အလယ်ပိုင်းနှင့် ဆာဟာရအာဖရိကဒေသများတွင် တိုးတက်မှုနှုန်းမှာ လေးရာခိုင်နှုန်းခန့် တိုးလာမည်ဖြစ်သည်။ G7 နိုင်ငံများသည် နှစ်ရာခိုင်နှုန်းအောက်သာတိုးလာမည်ဟု ခန့်မှန်းထားသည်။

> ❖ တရုတ်နိုင်ငံ၏ ကမ္ဘာ့ဝင်ငွေဝေစုသည် ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ အိန္ဒိယသည် ၇ ဒသမ ၆ ရာခိုင်နှုန်းနှင့် အမေရိကန်သည် ၁၅ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် လွန်ခဲ့သော ၁၅ နှစ်ခန့်က ၁၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၆ ရာခိုင်နှုန်းသို့ နှေးကွေးသွားခဲ့သည်။ တရုတ်စီးပွားရေး၏ တိုးတက်မှုအရှိန်အဟုန်သည် ဖွဲ့စည်းပုံအရ ပိုမိုနှေးကွေးလာမည်ဖြစ်သည်။ ❖

G7 နိုင်ငံများ၏ ဝင်ငွေဝေစုသည် ၂၀၃၀ ပြည့်နှစ်တွင် ၂၇ ရာခိုင်နှုန်းထိ ကျဆင်းသွားမည်ဖြစ်ပြီး ထွန်းသစ်စအာရှဝေစုသည် ၃၇ ရာခိုင်နှုန်းရှိလာမည်ဖြစ်သည်။ လက်တင်အမေရိကနှင့် အရှေ့အလယ်ပိုင်း၏ဝင်ငွေဝေစုသည် ရှစ်ရာခိုင်နှုန်းအောက်တွင် ရှိနေမည်ဖြစ်ပြီး ဆာဟာရအာဖရိက၏ခွဲဝေစုမှာ လေးရာခိုင်နှုန်းအောက်တွင်ရှိနေမည်ဖြစ်သည်။

အလယ်အလတ်အထက်ပိုင်း၊ အလယ်အလတ် အနိမ့်ပိုင်းနှင့် ဝင်ငွေနည်းသောစီးပွားရေးနိုင်ငံများသည် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ပျမ်းမျှစစ်မှန်သော ဂျီဒီပီတိုးတက်မှုနှုန်း ၄ ဒသမ ၆ ရာခိုင်နှုန်း၊ ၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၆ ရာခိုင်နှုန်းအသီးသီးရှိခဲ့ပြီး ဝင်ငွေမြင့်နိုင်ငံများ၏ဂျီဒီပီသည် ၁ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့သည်။ အာရှမှလွဲ၍ မည်သည့်ဒေသမဆို ၎င်း၏စီးပွားရေးတိုးတက်မှုအရှိန်အဟုန်တွင် သိသာထင်ရှားသောပြောင်းလဲမှုကို မြင်တွေ့ရမည့် အလားအလာရှိသောတိုးတက်မှု သို့မဟုတ် စီးပွားရေးမူဝါဒများအနည်းငယ်သာရှိသောကြောင့် ဤပုံစံသည် လာမည့်ဆယ်စုနှစ်အတွင်း သိသိသာသာပြောင်းလဲသွားမည်မဟုတ်ပေ။

မြောက်အတ္တလန္တိတ်နှင့် မြောက်ပစိဖိတ်သမုဒ္ဒရာတို့သည် ကမ္ဘာ့စီးပွားရေးထွက်ကုန်ကို ဆက်လက်လွှမ်းမိုးနေမည်ဖြစ်သည်။ သို့ရာတွင် ဆွဲငင်အား၏ ဗဟိုချက်သည် တဖြည်းဖြည်းပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ ၎င်းအခြေအနေက ကမ္ဘာ့စီးပွားရေးချိန်ခွင်လျှာတွင် ဆက်လက်ပြောင်းလဲမှုကို ညွှန်ပြနေကာ စုစုပေါင်းဂျီဒီပီနှင့်ပတ်သက်၍ အနည်းဆုံးဆယ်စုနှစ်တိုင်မည်ဖြစ်သည်။ ကာလလတ်တွင် အနောက်မှအရှေ့သို့ စီးပွားရေးထုတ်လုပ်မှု၏ ဖွဲ့စည်းပုံပြောင်းလဲမှုသည် အရင်းအနှီးစုဆောင်းမှုကွဲပြားသောနှုန်းထားများဖြင့် မောင်းနှင်သွားမည်ဖြစ်သည်။ သို့သော် ရေတိုတွင် တရုတ်၏စီးပွားရေးစွမ်းဆောင်မှုအပေါ် များစွာမူတည်နေမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏တိုးတက်မှုနှုန်းသည် မထင်မှတ်ဘဲ နှစ်ရာခိုင်နှုန်း သို့မဟုတ် နှစ်ရာခိုင်နှုန်းအောက်သို့ ကျဆင်းသွားခြင်းမရှိပါက ကာလလတ်တွင် တရုတ်၏တိုးတက်မှုပျမ်းမျှ ငါးရာခိုင်နှုန်းရှိသည့်အခြေအနေထက် နှေးကွေးနေလျှင်ပင် ဤအပြောင်းအရွှေ့သည် ဆက်လက်ရှိနေမည်ဖြစ်သည်။

လူတစ်ဦးချင်းဝင်ငွေနည်းလျက်ရှိသော တရုတ်နိုင်ငံသည် အမေရိကန်နှင့် ဥရောပနိုင်ငံများထက် နှစ်စဉ်တိုးတက်မှုနှုန်းကို ဖန်တီးနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့ဂျီဒီပီ၏ဝေစုကို တိုးမြင့်လာစေမည်ဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် အိန္ဒိယ၏အလုံးစုံစီးပွားရေးပမာဏသည် တရုတ်နိုင်ငံနှင့်နှိုင်းယှဉ်ပါက သေးငယ်သော်လည်း ၎င်း၏စီးပွားရေးတိုးတက်မှုသည် ယခုအခါ တရုတ်နိုင်ငံထက် ကျော်လွန်နေပြီဖြစ်သည်။ အထူးသဖြင့် အိန္ဒိယ၏စီးပွားရေးအရှိန်အဟုန် ဖြည်းဖြည်းချင်းတိုးလာသည်နှင့်အမျှ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဝေစုသည် ထွန်းသစ်စအာရှကြီးထွားလာမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ဤခေတ်ရေစီးကြောင်းများ၏ပေါင်းစပ်မှု၊ ကမ္ဘာ့အဓိကကုန်ထုတ်လုပ်မှုကွန်ရက်များနှင့် အရင်းအနှီးစုဆောင်းမှုတို့သည် အနောက်အုပ်စုကိုထိခိုက်လျက် အရှေ့အာရှနှင့် တောင်အာရှတို့သို့ ဖြည်းဖြည်းချင်းချဲ့ထွင်လာရန်လမ်းကြောင်းပေါ်တွင်ရှိနေသည်ဟု ဆိုလိုသည်။

တရုတ်နိုင်ငံ၏ ကမ္ဘာ့ဝင်ငွေဝေစုသည် ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ အိန္ဒိယသည် ၇ ဒသမ ၆ ရာခိုင်နှုန်းနှင့် အမေရိကန်သည် ၁၅ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် လွန်ခဲ့သော ၁၅ နှစ်ခန့်က ၁၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၆ ရာခိုင်နှုန်းသို့ နှေးကွေးသွားခဲ့သည်။ တရုတ်စီးပွားရေး၏တိုးတက်မှုအရှိန်အဟုန်သည် ဖွဲ့စည်းပုံအရ ပိုမိုနှေးကွေးလာမည်ဖြစ်သည်။ အိမ်ခြံမြေနှင့် အခြေခံအဆောက်အအုံများကဲ့သို့ ကုန်ထုတ်စွမ်းအားနည်းသောကဏ္ဍများကို ကျဉ်းမြောင်းစေရန်နှင့် စုဆောင်းငွေ သို့မဟုတ် စားသုံးမှုတိုးမြှင့်ရေးတို့ကို ပိုမိုအကျိုးရှိစွာခွဲဝေသုံးစွဲရန် ကြိုးပမ်းနေသောကြောင့် စီးပွားရေးပြန်လည်ချိန်ညှိမှုသည် ပြည်တွင်းစီးပွားရေးလည်ပတ်မှုအပေါ် သက်ရောက်မှုရှိသည်။

တည်ဆောက်ပုံအရ အိမ်ခြံမြေကဏ္ဍကိုပြန်လည်ချိန်ညှိရန်ကြိုးပမ်းမှုမှ သက်သေပြထားသည့်အတိုင်း တရုတ်၏ပိုလျှံငွေစုသည့်ပြဿနာများသည် နိုင်ငံ၏စုဆောင်းငွေစုပုံကို အကျိုးရှိရှိရင်းနှီးမြှုပ်နှံမှုအဖြစ်သို့ ပြောင်းလဲရန်ခက်ခဲစေသည်။ စီးပွားရေးအရဆိုရပါက ၎င်းသည် ဖြေရှင်းနိုင်သည့်ပြဿနာဖြစ်သည်။ တရုတ်နိုင်ငံသည် ပြည်တွင်းတွင် ၎င်း၏စုဆောင်းငွေအတွက် အကျိုးဖြစ်ထွန်းသောဆိုင်ခွဲများကို ရှာဖွေနိုင်သည်။ ဥပမာအားဖြင့် စုဆောင်းငွေများကို ပို၍ဈေးကွက်အခြေခံသည့်နည်းလမ်းနှင့် အမြတ်ပိုရသည့် စီမံကိန်းများတွင် ခွဲဝေခွင့်ပြုခြင်းဖြစ်သည်။ စားသုံးမှုတိုးရန်နည်းလမ်းများကို ရှာဖွေနိုင်သည့်အပြင် စုဆောင်းငွေကိုလည်း လျှော့ချနိုင်သည်။ ဥပမာအားဖြင့် လူမှုရေးအသုံးစရိတ်ကို တိုးချဲ့ခြင်း သို့မဟုတ် နိုင်ငံတော်ဝင်ငွေ၏ကြီးမားသောဝေစုကိုအိမ်ထောင်စုများသို့ လွှဲပြောင်းပေးခြင်းဖြစ်သည်။

ခြုံ၍ဆိုရလျှင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခင် ဆယ်စုနှစ်နှင့်နှိုင်းယှဉ်ပါက နှေးကွေးလျက်ရှိသည်။ သို့သော်လည်း ကမ္ဘာလုံးဆိုင်ရာဂျီဒီပီနှင့် နှိုင်းယှဉ်ပါက အာရှဒေသအတွက် စွမ်းဆောင်နိုင်သည်ကို တွေ့ရှိရသည်။ အမေရိကန်ထက် တစ်ဦးချင်းဝင်ငွေနည်းပါးသည့်တိုင် လူဦးရေများခြင်း၊ ကုန်ထုတ်လုပ်မှုသာလွန်ခြင်းနှင့် ဝယ်လိုအားမြင့်မားခြင်းတို့က စီးပွားရေးပမာဏကို ကြီးမားစေကာ G7 နိုင်ငံများထက်ပင် ကျော်လွန်စေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကျန်ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအင်အားသည် အာရှဒေသသို့သာ ဦးတည်ရွှေ့လျားနေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **https://worldview.stratfor.com/article/ Despite Slowed Chinese Growth, Global Economic Power Continues to Shift Toward Asia.**

# ညို့ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၇**

Mahar Application တွင် ထုတ်လွှင့်ပြသမည့် ညို့ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက်ကဩစံစေတီတော်ကြီးတွင် ဇန်နဝါရီ ၁၆ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာ အောင်ချမ်းလူက ပြောပြ၍ သိရသည်။

ညို့ဇာတ်လမ်းတွဲ၏ ဇာတ်ညွှန်းကို ညမွှေးပန်းနှင့် ခရမ်းပြာက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ အောင်ချမ်းလူက တာဝန်ယူပုံဖော်ရိုက်ကူးမည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"မဟာရဲ့ စီးရီးတစ်ခုဖြစ်တဲ့အတွက် မဟာရဲ့အစဉ်အလာတိုင်း သာမန်ဒရာမာတွေထဲကနေ ခွဲထွက်လာမဲ့ အချစ်ဒရာမာဇာတ်လမ်းတွဲတစ်တွဲဖြစ်ပါတယ်။ ထူးခြားတာကတော့ ပရိသတ်အများအပြား ရှိနေတဲ့ ဇင်ဇင်ဇော်မြင့်ကို ပြန်လည်မြင်တွေ့ရမဲ့ ဇာတ်လမ်းတွဲလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ အောင်ချမ်းလူက ပြောပြသည်။

ညို့ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ထွန်းကိုကို၊ ဗညားဘုန်းပြည့်၊ မင်းအကာ၊ ဇင်ဇင်ဇော်မြင့်၊ ထက်ထက်ထွန်း၊ ခင်သဇင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# စီစီအေရုပ်ရှင်ဆုပေးပွဲတွင် ထိပ်တန်းဆုများကို Oppenheimer ဇာတ်ကားရရှိ

**နယူးယောက် ဇန်နဝါရီ ၁၇**

၂၉ ကြိမ်မြောက် ရုပ်ရှင်ဝေဖန်ရေးဆရာများအသင်း(စီစီအေ)ရုပ်ရှင်ဆုပေးပွဲတွင် ယူနီဗာဆယ်ကုမ္ပဏီ၏ Oppenheimer ဇာတ်ကားက ထိပ်တန်းဆုများ ရရှိခဲ့ကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

စီစီအေ ရုပ်ရှင်ဆုပေးပွဲတွင် Oppenheimer ဇာတ်ကားသည် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုနှင့် အကောင်းဆုံးဒါရိုက်တာဆုများကို ရရှိခဲ့သည်။

အထက်ပါဆုနှစ်ဆုကို ရရှိခဲ့ခြင်းကြောင့် Oppenheimer ဇာတ်ကားနှင့် ဒါရိုက်တာ ခရစ္စတိုဖာနိုလန်တို့မှာ ယခုနှစ် အော်စကာဆုပေးပွဲ၌ အော်စကာဆုများ ရယူနိုင်သူများစာရင်းတွင် ပါဝင်လာခဲ့ပြီဖြစ်သည်။

ထို့ပြင် Oppenheimer ဇာတ်ကားသည် စီစီအေရုပ်ရှင်ဆုပေးပွဲ၏ အနုပညာရှင်များ စုစည်းသရုပ်ဆောင်မှုအကောင်းဆုံးဇာတ်ကားဆုကိုလည်း ရရှိခဲ့သည်။

Oppenheimer ဇာတ်ကားတွင် မင်းသား စီလီယန်မာဖီး၊ ရောဘတ် ဒေါင်နေးဂျူနီယာနှင့် မင်းသမီး ဖလောရင့်ပက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ဆူးပေးတဲ့ဆု ဇာတ်ကား Premiere Show ဒဂုံမြို့နယ် သမ္မတရုပ်ရှင်ရုံ၌ ပြုလုပ်




**ရန်ကုန် ဇန်နဝါရီ ၁၇**

ဆူးပေးတဲ့ဆု ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိသမ္မတရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဖန်တီးရိုက်ကူးသူ ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

ဆူးပေးတဲ့ဆု ရုပ်ရှင်ဇာတ်ကားသည် ကိုရွှေ၏ဝတ္ထုဇာတ်လမ်းကို မိုးစက်ပိုင်က ဇာတ်ညွှန်းရေးသားထားခြင်းပြီး ဒါရိုက်တာ သားညီက Win Win Film Production ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ဖန်တီးပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက လွန်ခဲ့တဲ့ ၂၀၁၉ ခုနှစ်က ရိုက်ထားတဲ့ဇာတ်ကားမို့ နည်းနည်းလဲကြာပါပြီ။ ဒီနေ့ခေတ်နဲ့ဆိုတော့ နည်းနည်းကွဲလွဲတာလေးတွေ ရှိမှာပါ။ ဒါပေမဲ့ အဲဒီတုန်းက အတတ်နိုင်ဆုံး အကောင်းဆုံးကြိုးစားရိုက်ခဲ့တာပါ။ ဒီဇာတ်လမ်း စတင်မြစ်ဖျားခံတာကတော့ ကိုရွှေထူးရဲ့ဇာတ်လမ်းပါ။ သူတို့လင်မယားက ကျွန်တော်နဲ့ ဒီဇာတ်လမ်း ရိုက်ချင်တယ်။ အကြိမ်ကြိမ် Meeting ထိုင်ပြီး ဇာတ်တွေကို ရေးကြရင်းနဲ့ သုံးကြိမ်မြောက် အခုမြင်ရတဲ့ Version လေးထွက်လာတာပါ"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

ဆူးပေးတဲ့ဆု ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရွှေထူး၊ ရွှေမှုံရတီ၊ ကျော်ကျော်ဗို၊ ချိုပြုံး၊ စိုးမြတ်သူဇာ၊ ခေးဆက်သွင်၊ မိုးပွင့်ဖြူ၊ ခေးလရောင်၊ ရဲမွန်၊ ကောင်းဆက်ထူး၊ ဇော်ဇော်အောင်၊ မင်းလူနတ်၊ မူယာကိုကိုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# How To Train Your Dragon ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းများ စတင်နေပြီဖြစ်

**နယူးယောက် ဇန်နဝါရီ ၁၇**

How To Train Your Dragon ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

How To Train Your Dragon ဇာတ်ကား စတင်ရိုက်ကူးနေမှုကို ဒါရိုက်တာ ဒင်းဒီဘလွိုက်က အင်စတာဂရမ်စာမျက်နှာ၌ အတည်ပြုထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် How To Train Your Dragon ကာတွန်းရုပ်ရှင်ကားကို အခြေခံရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

How To Train Your Dragon ဇာတ်ကားသည် ဟစ်ကပ်အမည်ရှိ လူငယ်တစ်ဦးနှင့် သူငယ်ချင်းများက နဂါးသတ္တဝါများ၏သဘာဝအား မည်သို့နားလည်လာမည်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျရတ်ဘတ္တလာ၊ မေဆင်သားမက်နှင့် မင်းသမီး နီကိုးပတ်တားတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး How To Train Your Dragon ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇွန် ၁၃ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ သစ်တွန်းဆင်ရုပ်များ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့မည်

**ပဲခူး ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ သစ်တွန်းဆင်ရုပ်များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရွှေယမင်းမြန်မာပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ အမြင့် (၇ ဒသမ ၆)လက်မခွဲ၊ အလျား (၁၂ ဒသမ ၆) လက်မ၊ ဒု (၄ ဒသမ ၆) လက်မ အရွယ်အစား ကျွန်းသားဖြင့် ထုလုပ်ထားသည့် သစ်တွန်းဆင်ရုပ်များကို တင်ပို့သွားမည်ဖြစ်ကြောင်း၊ လက်ရှိကာလ ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများသို့ ပြည်တွင်းခရီးသွားများ ဝင်ရောက်လျက်ရှိသည့်အတွက် ပန်းပုရုပ်များ ရောင်းချမှုမှာ ပုံမှန်ရှိနေကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီး ပန်းပုတန်းကနေပြီးတော့ အခုလထဲမှာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်က အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို တင်ပို့ဖို့အတွက် ကျွန်းသားနဲ့ထုလုပ်ထားတဲ့ သစ်တွန်းဆင်ရုပ်တွေ ထုလုပ်နေပါတယ်။ သစ်တစ်တုံးထဲ ထုလုပ်ထားပြီး ဆက်ကပ်လုံးဝမပါရှိပါဘူး။ ဆင်အစွယ်အရှင် ပြုလုပ်ထားပြီးတော့ ပစ္စည်းသန့်အနုလွှတ်လေးဖြစ်ပါတယ်။ လက်ရာသေသပ်လှပပြီး သဘာဝကျကျထုလုပ်ထားပါတယ်။ ဆေးဆိုးအသား လုံးဝမဟုတ်ကြောင်း အာမခံပါတယ်။ ကျွန်းသားစစ်စစ်ဖြစ်ပါတယ်။ စားပွဲတင် အရွယ်အစားလေးဖြစ်လို့ သယ်ရလွယ်ကူစေပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေကိုလဲ လက်ဆောင်ပေးရင်ပဲဖြစ်ဖြစ် ကောင်းမွန်တဲ့အရုပ်လေးဖြစ်ပါတယ်။ လက်ရှိ ပဲခူးပန်းပုဈေးကွက်ကတော့ အရောင်းအဝယ်ပုံမှန်ပါပဲ"ဟု ဒေါ်အေးအေးမော်က ပြောပြသည်။

ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့ရန် သစ်တွန်းဆင်ရုပ် ၄၀ ခန့်ကို ထုလုပ်လျက်ရှိပြီး ဈေးနှုန်းမှာ ဖြန့်ချိဈေး အရုပ်တစ်ရုပ်လျှင် ငွေကျပ် ၁၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။ ASH

# Authorities complete 50% of the installation of river warning signs along the Mandalay-Ywarthitgyi waterway during Jan



A navigation sign being erected.

**Mandalay January 17**

Authorities completed 50% of the installation of floating and onshore river warning signs along the Mandalay-Ywarthitgyi waterway during January, according to U Ye Tun Lin Aung, assistant director of water navigation department under the Directorate of Water Resources and Improvement of River Systems for Region-5, Mandalay Region.

Since January 9, 80 floating river warning signs and 80 onshore river warning signs have been set up to ensure safe navigation of boats along the Mandalay-Ywarthitgyi waterway in Ayeyawady River and 50% of the work has been completed.

He said that the period of low water in the Ayeyawady River has returned, and the water level in Ayeyawady River has reached below the low water warning point.

Similarly, due to the period of low water in the Ayeyawady River, there are sandbanks in the Ayeyawady River and there are changes in the flow of the river. Therefore, passengers and cargo ships that will travel along the Mandalay-Ywarthitgyi waterway need to be especially careful. 184

# Two U.S. Navy SEALs missing in operation near Somalia: U.S. military

**Washington January 17**

Two U.S. Navy SEALs were missing in a recent operation by the U.S. military near the coast of Somalia to seize what it said were Iranian weapon components being supplied to the Houthi militant group in Yemen, the U.S. Central Command (CENTCOM) said Tuesday.

The two Navy SEALs were part of the CENTCOM Navy forces' nighttime operation on Jan. 11 to seize "a dhow conducting illegal transport of advanced lethal aid from Iran to resupply Houthi forces in Yemen as part of the Houthis' ongoing campaign of attacks against international merchant shipping," the command said in a press release.

Those seized were "Iranian-made ballistic missile and cruise missiles components," the release said, adding that "initial analysis indicates these same weapons have been employed by the Houthis to threaten and attack innocent mariners on international merchant ships transiting in the Red Sea."

CENTCOM Commander Michael Kurilla said an exhaustive search was underway to find the two missing Navy SEALs.

Xinhua

# More than 2,000 acres of kitchen crops cultivated in Myaungmya Township

**Myaungmya January 17**

Myaungmya District Agriculture Department U Kyaw Moe Win said that Myaungmya Township cultivated 2,942 acres of kitchen crops in cold season this year.

The township earmarked cultivation of 4,885 acres of kitchen crops in the cold season this year. So, local farmers started cultivation of crops on 2,942 acres of croplands in the second week of October last year. Hence, officials from relevant departments are systematically cooperating with each other to provide necessary assistance to local farmers for meeting the target.



A bitter gourd plantation.

"Officials of the township Agriculture Department give agricultural techniques to local farmers to meet the target cultivation. They choose the kitchen crops suitable for the region. Before cultivation, agricultural staff helped local farmers choose quality strains of seeds for kitchen crops," said Head of Myaungmya District Agriculture Department U Kyaw Moe Win.

Local farmers choose chilli, mustard, roselle, cabbage, coriander, carrot, eggplant, cucumber, papaya, bitter gourd and beans as kitchen crops.

Kyaw Kyaw Lin

# UN voices concern over Iran's attacks in Syria, Iraq

**United Nations January 17**

The United Nations is concerned about Iran's missile attacks against what Tehran called the bases of terrorists and Israel's intelligence service Mossad in Syria and Iraq, said a UN spokesman on Tuesday.

"We are very concerned about these reported ballistic strikes that have been claimed by the Islamic Revolutionary Guard (Corps) that hit ... targets in Syria (and) in Iraq as well," said Stephane Dujarric, spokesman for UN Secretary-General Antonio Guterres.

"We once again urge maximum restraint and avoid any further escalation in a region that ... is already volatile and increasingly so. This kind of situation also can lead to miscalculation by parties with even worse consequences," he said.

Dujarric said the secretary-general further underlines that all security concerns between Iraq and Iran must be addressed through peaceful means and dialogue, in accordance with the principles of sovereignty, territorial integrity, and good neighborly relations.

Iran's Islamic Revolutionary Guard Corps said Tuesday that it has launched barrages of ballistic missiles against the bases of "terrorists" and Israel's intelligence service Mossad in Syria and Iraq's Kurdistan Region in response to recent anti-Iran "terror" attacks. Xinhua



Photo taken on Sept. 14, 2020 shows the outside view of the United Nations headquarters in New York, the United States.

# Chickpeas from the mountains boost Mandalay's greens market

**Mandalay January 17**

The Thiri Mala Greens Market in Aungmyethazan District, Mandalay, is bustling with activity as chickpeas from the mountainous regions arrive daily.

U Aung Moe Naing, the owner of Aung brokery in Mandalay City, said that the market is doing well as the demand for chickpeas is high.

"Chickpeas are only produced in the mountainous areas and enter the market in parallel. There are no more from the plain areas. Transactions are good because they only come out of the mountainous areas and enter the market every day. The cultivation is also less than last year. But sales are good in the market," he said.

Chickpeas are a seasonal crop that are mainly grown in the highlands. They are a profitable crop for farmers as they fetch a good price in the market. Currently, the chickpeas are trading at 2,200 kyats per viss. About 3 to 4 12-wheeled trucks bring the chickpeas from the mountain area to the market every day.

The Thiri Mala market is not only a hub for chickpeas, but also for other crops such as tomatoes, cabbage, potatoes, mustard, radishes, long beans, bitter gourds, and onions. U Aung Moe Naing said that these crops are also doing well in the market. The market is open from 4:00 am to 8:00 pm. 185

# Taungthaman Bridge and Lake attract more domestic and foreign tourists



Visitors coming from near and far seen at Taungthaman Bridge and Lake.

**Mandalay January 17**

The number of domestic and foreign tourists visiting Taungthaman Bridge and Lake has increased, said U Soe Win, the secretary of the bridge maintenance group.

Taungthaman Bridge in Mandalay is one of the places of interest for local and foreign tourists. Since this is the open season, there has been a large number of domestic and foreign tourists visiting the Taung Thaman Bridge and Lake since the second week of December.

In the first week of December, the number of domestic and foreign tourists to the Taungthaman Lake and Bridge was only more than 700 per day, but from the second week of December, the number of tourists visiting the Taungthaman Bridge and Lake has increased to over 1,000 per day.

Taungthaman Bridge has a total of 1,086 pillars. There are more than 50 boats running around the lake so that domestic and foreign tourists can visit the lake and see the beauty of the sunset inside the lake.

184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ngayokkaung completes cultivation of more than 3,000 acres of groundnut

**Ngaputaw January 17**

Head of Ngaputaw Township Agriculture Department U Tun Myo Thant said that a total of 3,598 acres of groundnut have been cultivated in Ngayokkaung of Ngaputaw Township in Ayeyawady Region.

The town started cultivation of groundnut in the first week of November 2023. So far, local farmers have cultivated all 3,598 acres of groundnut plantations. Staff of the department helped local farmers with soil preparation techniques, correct sorting of quality groundnut seeds, agricultural techniques, use of pesticides and plant nutrition.

"We have grown 3,598 acres of cold season groundnut crop. Local farmers held meetings with officials from the Agriculture Department to grow groundnut crops. So, they could grow it meeting the target," said the township departmental head.

Officials from the Agriculture Department, the Irrigation and Water Utilization Management Department, the Agricultural Mechanization Department, the Agricultural Management and Statistics Department and local farmers cooperated with each other in successfully growing groundnut.

Kyaw Kyaw Lin



A groundnut plantation.

# Pyapon Township sends 57,000 viss of cuttle-fish to Yangon in December

**Pyapon January 17**

Local businesspersons and fishermen sent 57,000 viss of cuttle-fish to Yangon market from Pyapon Township of Ayeyawady Region in December, said Daw Swe Swe, owner of marine product trading in Pyapon Township.

The township could send 40,000 viss of cuttle-fish to Yangon in November but 57,000 viss in December. So, the volume of cuttle-fish in December exceeded 17,000 viss more than the previous month.

"Local fishermen and businesspersons mainly send marine products to Yangon market. Depending on fresh goods, sizes and weights, prices of cuttle-fish change. In January, demand is high to purchase cuttle-fish. We distribute cuttle-fish not only to domestic market but to other regions," she added.

Long tentacle of cuttle-fish fetches K20,500 per kilo and the short one K17,500 per kilo in the market. Due to high demand for purchasing cuttle-fish, local businesspersons and fishermen in addition those from the fishery arena can earn increased incomes.

Kyaw Kyaw Lin



Cuttlefish for sale at a market.

# Authorities plan to hold youth affairs plenary festival for the development of students in Mandalay

**Mandalay January 17**

The youth affairs plenary festival, under the guidance of the Mandalay Region Government, will be held in order to develop the potential of basic education students in Mandalay City, said Daw Myint Myint Khaing, Deputy Director (Education) of the office of the head of the Department of Education for Mandalay Region.


The festival was held at No.14 Basic Education High School in Mandalay on January 18 by the Department of Education, Sports and Physical Education Department and Department of Information and Public Relations. In this festival, high school students will be competed in random talk contest and middle school students will be competed in essay and poetry competitions. Students above primary school will participate in story-telling competition.

The youth festival for the development of these young people is organized and held with about 10,000 students from basic education schools, private schools and monastic education schools in Mandalay. The entertainment program will be carried out by three schools in each township, with a total of 15 schools in five townships.

185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရိုမေးနီးယားနိုင်ငံက တောင်ကိုရီးယားထံမှ Chiron ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဝယ်ယူခဲ့



ရိုမေးနီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံထံမှ Chiron ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် ၅၄ စုံကို ဇန်နဝါရီ ၁၆ ရက်က ဝယ်ယူခဲ့ကြောင်း တွစ်တာလူမှုကွန်ရက်အကောင့် Mason ၏ဖော်ပြချက်ကို ကိုးကား၍ www.armyrecognition.com သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် LIG Nex 1 ကုမ္ပဏီတို့က ထုတ်လုပ်ထားသည့် Chiron ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် တောင်ပံပုံသေတပ်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့ဝေဟင်ယာဉ်များနှင့် ခရုဇ်ဒုံးကျည်များကို တန်ပြန်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၂၀၀၅ ခုနှစ်က တောင်ကိုရီးယားစစ်ဘက်တွင် စတင်အသုံးပြုခဲ့ပြီး အခြားအလားတူ MAN-PADS လူတစ်ကိုယ်သယ်၊ ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များနှင့် နှိုင်းယှဉ်ပါက ၎င်း၏ထိရောက်စွာတိုက်ပွဲဝင်နိုင်မှုနှင့် သယ်ဆောင်ရလွယ်ကူမှုအတွက် အသိအမှတ်ပြုခံခဲ့ရသည်။

ဤဝယ်ယူမှုသည် ရိုမေးနီးယားနိုင်ငံ၏ စစ်ရေးစွမ်းရည်အဆင့်မြှင့်တင်မှုတစ်ရပ်လည်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာနည်းပညာအပေါ် နိုင်ငံတကာ၏စိတ်ဝင်စားမှုကိုလည်း အလေးပေးဖော်ပြလျက်ရှိသည်။

ရိုမေးနီးယားနိုင်ငံမှ Chiron လက်နက်စနစ်ကို ဝယ်ယူမှုသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ မော်တော်ယာဉ်များနှင့် ခဲယမ်းမီးကျောက်များကဲ့သို့သော စစ်ဘက်နည်းပညာနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများပါဝင်သော၊ ပိုမိုကျယ်ပြန့်သောသဘောတူညီချက်တစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထို့ပြင် ရိုမေးနီးယားနှင့် တောင်ကိုရီးယားနှစ်နိုင်ငံကြား ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်တွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကိုလည်း မီးမောင်းထိုးပြထားသည်။

Chiron လက်နက်စနစ်သည် အမေရိကန်ထုတ် FIM- 92 Stinger နှင့် ပြင်သစ်နိုင်ငံထုတ် Mistral ကဲ့သို့သော အခြားနိုင်ငံများက ထုတ်လုပ်ထားသည့် လူတစ်ကိုယ်သယ်ဆောင်နိုင်သော လေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် ဈေးနှုန်းသက်သာမှု၊ သယ်ဆောင်ရလွယ်ကူမှုနှင့် ပစ်မှတ်ကိုတိုက်ခိုက်ဖျက်ဆီးနိုင်မှု စသည့်အချက်များတွင် ယှဉ်ပြိုင်နိုင်ဖွယ်ရှိနေသည်။

Chiron လက်နက်စနစ်သည် တောင်ကိုရီးယားနိုင်ငံတွင် KP-SAM ဟုလည်း အမည်ပေးထားသည်။ Chiron လက်နက်စနစ်တစ်စုံစာကုန်ကျစရိတ်သည် ၂၀၂၃ ခုနှစ်တွင် ယူရို ၂ ဒသမ ၆ သန်းခန့်ဖြစ်သည်။ Chiron လက်နက်စနစ်သည် Launcher အတွက် ၂၄ ဒသမ ၃ ကီလိုဂရမ် အလေးချိန်ရှိပြီး ပေါ့ပါးကာ တိုက်ပွဲဝင်ရလွယ်ကူသောဒီဇိုင်းကြောင့် ရေပန်းစားသည်။ ဒုံးကျည်အလျားမှာ ၁ ဒသမ ၆၈ မီတာ၊ အချင်း မီလီမီတာ ၈၀ ရှိပြီး ကျစ်လျစ်ပေါ့ပါးသည်။ စနစ်၏ဖွဲ့စည်းပုံဒီဇိုင်းသည် Tripod တစ်ခုဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး သို့မဟုတ် တစ်ဦးတည်းဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်စေသောကြောင့် စစ်မြေပြင်တွင် ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်စေမည်။

Chiron လက်နက်စနစ်၏ အများဆုံးပစ်ခတ်နိုင်သောအကွာအဝေးမှာ ခုနစ်ကီလိုမီတာဖြစ်ပြီး ပခုံးထမ်းဒုံးစနစ်အမျိုးအစားအတွက် မြင့်မားကောင်းမွန်သောအကွာအဝေးစွမ်းရည်ဖြစ်သည်။ ၎င်းတွင် ၂ ဒသမ ၅ ကီလိုဂရမ်အလေးချိန်ရှိ ချိန်ဆိုက်ဒ်ပါရှိပြီး ပစ်မှတ်ကို တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိစေမည်။ ဒုံးကျည်သည် အစိုင်အခဲလောင်စာသုံးအင်ဂျင်ဖြင့် မောင်းနှင်ထားပြီး အမြင့်ဆုံးအမြန်နှုန်း Mach 2.1 ထိ ပျံသန်းတိုက်ပွဲဝင်နိုင်သည်။

**Romania could acquire Chiron missile systems from South Korea ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက မောင်းသူမဲ့မြေပြင်သွားယာဉ်အသုံးပြု၍ ရုရှားတပ်စခန်းများကို တိုက်ခိုက်




ယူကရိန်းစစ်ဘက်သည် ၎င်းတို့၏ မောင်းသူမဲ့မြေပြင်သွားယာဉ် (UGV) Ironclad အသုံးပြု၍ ရုရှားစစ်အခြေစိုက်စခန်းများကို တိုက်ခိုက်နေသည့် ဗီဒီယိုဖိုင်ကိုမျှဝေထားသည်ဟု www.armyrecognition.com သတင်းဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒရုန်းများသည် ယူကရိန်းပဋိပက္ခတွင် အလွန်တိုးတက်ဖွံ့ဖြိုးနေပြီး မောင်းသူမဲ့မြေပြင်သွားယာဉ် (UGV) များသည်လည်း အရေးပါသော တစ်ထောင့်တစ်နေရာမှ ရပ်တည်နေကာ UGV များ ဖွံ့ဖြိုးတိုးတက်မှုကို စစ်ရေးလေ့လာအကဲခတ်သူများက အနီးကပ်စောင့်ကြည့်လျက်ရှိသည်။

မျှဝေထားသောဓာတ်ပုံများအရ အဝေးထိန်းလုပ်ဆောင်နိုင်သော မောင်းသူမဲ့မြေပြင်သွားယာဉ်သည် လမ်းတစ်ခုအနီးရှိ ရုရှားတို့၏ အမာခံနယ်မြေစခန်းတစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမျိုးဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။ တိုက်ခိုက်မှုကြောင့် သက်ရောက်မှုနှင့် အသုံးပြုသည့် UGV အမျိုးအစားအတိအကျအပါအဝင် တိကျသော အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့သော် လေ့လာအကဲခတ်မှုများအရ UGV သည် ယူကရိန်းနိုင်ငံ Roboneers နည်းပညာကုမ္ပဏီက တီထွင်ဆန်းသစ်ထားသော Ironclad UGV ဖြစ်နိုင်ဖွယ်ရှိသည်။ ထိုသို့ အဆင့်မြင့်မောင်းသူမဲ့မြေပြင်သွားယာဉ်များသည် စစ်ရေးမဟာဗျူဟာကို ပြန်လည်ပြင်ဆင်သတ်မှတ်ပေးနိုင်ကာ မိမိစစ်သည်များ၏ အသက်ပေါင်းများစွာကို ကာကွယ်စောင့်ရှောက်ပေးနိုင်စွမ်းရှိသည်။

IroncladUGV ၏ ဝိသေသလက္ခဏာများတွင် အလေးချိန် ကီလိုဂရမ် ၁၈၀၀၊ အများဆုံး Payload အလေးချိန် ကီလိုဂရမ် ၃၅၀ နှင့် အားတစ်ကြိမ်သွင်းထားလျှင် အကွာအဝေး ကီလိုမီတာ ၁၃၀ ထိ တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၎င်း၏ သံချပ်ကာကိုယ်ထည်သည် ၇ ဒသမ ၆၂ မီလီမီတာခဲယမ်းမီးကျောက်များကို ခံနိုင်ရည်ရှိစေရန် ဒီဇိုင်းထုတ်ထားပြီး တိုက်ခိုက်ရေးအခြေအနေများတွင် သိသာထင်ရှားစွာ အကာအကွယ်ပေးထားနိုင်သည်။ Iron-clad UGV သည် လျင်မြန်စွာတိုက်ပွဲဝင်ဖြန့်ကြက်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး တစ်နာရီ ကီလိုမီတာ ၂၀ အမြန်နှုန်းထိ မောင်းနှင်နိုင်စွမ်းရှိသည်။ ၎င်းတွင် အပူငွေ့အာရုံခံကင်မရာ၊ Shablya M2 တိုက်ခိုက်ရေးဆုံလည်နှင့် လက်နက်ငယ်ပစ်ခတ်မှုမှ ကာကွယ်ပေးနိုင်သည့် သံချပ်ကာများ တပ်ဆင်ထားသည်။

၎င်း၏စစ်ဆင်ရေးစွမ်းရည်သည် တပ်ဖွဲ့ဝင်များကို ဘေးကင်းသောအကွာအဝေးမှ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်စေနိုင်ပြီး အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်လာနိုင်မှုကို သိသိသာသာလျှော့ချပေးနိုင်သည်။ ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံစလုံးသည် တပ်သားသစ်စုဆောင်းရေးတွင် အခက်ကြုံနေပြီး တပ်ဖွဲ့ဝင်ဆုံးရှုံးမှုများလည်း ရှိနေသည့်အတွက်ကြောင့် ယခုကဲ့သို့ မောင်းသူမဲ့မြေပြင်သွားယာဉ်(UGV)များ တီထွင်ထုတ်လုပ်အသုံးပြုနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။

UGV များသည် တိုက်ရိုက်ပစ်ကူပေးရန်၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ ဓာတ်ရောင်ခြည်နှင့် နျူကလီးယားကာကွယ်ရေး၊ ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ထောက်လှမ်းခြင်းအပါအဝင် ကျယ်ပြန့်သောရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်သည်။

ယူကရိန်းနိုင်ငံက UGV များကို ဖြန့်ကြက်အသုံးပြုလာခြင်းသည် ထိခိုက်သေဆုံးမှုများကိုလျှော့ချရန်နှင့် နည်းပညာဆိုင်ရာအားသာချက်များကို အမြင့်ဆုံးဖြစ်စေရန် အာရုံစိုက်ထားသည့် ပိုမိုကျယ်ပြန့်သောစစ်ရေးမဟာဗျူဟာကိုလည်း ထင်ဟပ်စေသည်။

ယူကရိန်းရှိ ရှေ့တန်းစစ်မျက်နှာများတွင် Ironclad ကဲ့သို့သော UGV များကို တပ်ဖြန့်အသုံးပြုလာခြင်းသည် ခေတ်သစ်စစ်ပွဲတွင် သိသာထင်ရှားသောပြောင်းလဲမှုတစ်ခုဖြစ်သည်။ အဆိုပါစနစ်များသည် စစ်ရေးစွမ်းရည်များကို မြှင့်တင်ပေးရုံသာမက ပဋိပက္ခအတွက် ပိုမိုဘေးကင်းပြီး မဟာဗျူဟာမြောက်ချဉ်းကပ်မှုနည်းလမ်းများကိုလည်း ပံ့ပိုးပေးသည်။

**Ukrainian Ironclad UGV conducts strikes against Russian positions ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၇၀၅၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၇၀၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၇၀၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၀၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပင်လည်ဘူးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မုန်ညင်းနဲ့ ပန်းနှမ်း ၇၀၁၂ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ၇၀၅၃ ဧကစိုက်ပြီးပါပြီ။ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ မုန်ညင်းနဲ့ ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးကြပါတယ်။ ပန်းနှမ်းကို ဆီအဖြစ် အသုံးပြုကြသလို မုန်ညင်းကို ဆေးအဖြစ် အသုံးပြုကြပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ပင်လည်ဘူးမြို့နယ်တွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုန်ညင်းဧက ၃၇၀ နှင့် ပန်းနှမ်း ၆၆၈၃ ဧက စုစုပေါင်း ၇၀၅၃ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မုန်ညင်းဧက ၄၄၀ နှင့် ပန်းနှမ်း ၆၅၇၂ ဧက စုစုပေါင်း ၇၀၁၂ ဧက ဖြစ်ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် မုန်ညင်းနှင့် ပန်းနှမ်း စိုက်ပျိုးမှုအနေဖြင့် တစ်နှစ်နှင့်တစ်နှစ် ပုံမှန်စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကောလင်းခရိုင်တွင် မုန်ညင်းနှင့် ပန်းနှမ်းကို အများဆုံး စိုက်ပျိုးကြကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ဘုရားကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဘားအံ ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ထပ်တိုးဆောင်ရွက်မည့် ကော့ကဒါကျေးရွာအုပ်စု ဘုရားကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏တာဝန်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်အတွက် ဘုရားကြိုင်ကျေးရွာ၌ ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့်အကျုံးဝင်သည့်လုပ်ငန်းများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လှ**

# မိုင်းဆတ်မြို့နယ် နောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် နောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က အမှာစကားပြောကြားပြီး မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်နှင့် တာဝန်ရှိသူများက နောင်ဘိုကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နောင်ဘိုကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၁-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

ပြ ရှေ့ဖုံးမှအဆက်

အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီ စက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထား ဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။



မွန်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း လှည့်လည်ကြည့်ရှုဖူးမြော်စဉ်။



မွန်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ကျောက်စာရုံစေတီများအား လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ ဖူးမြော်လေ့လာကြသည်။ ထို့နောက် မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဉယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဉယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သောပစ္စည်းများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါတယ် -

"ကျွန်တော်တို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ စီစဉ်ပေးမှုကြောင့် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ကြီးအပါအဝင် မွန်ပြည်နယ်မှာရှိတဲ့ တန်ခိုးကြီးဘုရား ၁၀ ဆူရဲ့ ဂေါပကတွေကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရအောင်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့၏ စီမံခန့်ခွဲမှုကို လေ့လာအတုယူလို့ရအောင် စီမံဆောင်ရွက်ပေးတဲ့ ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူများကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာမှာ ဉာဏ်တော်အရ သော်လည်းကောင်း၊ အလေးချိန်အရသော်လည်းကောင်း အခြားဘုရားများနဲ့မတူအောင် ထူးခြားစွာထုဆစ်တည်ထားတာကို လေ့လာမြင်တွေ့ခဲ့ရပါတယ်။ ထုဆစ်တည်ဆောက်ထားတဲ့နေရာမှာ မြန်မာမှုလက်ရာပညာများ၊ ပုဂံခေတ်လက်ရာများ၊ ရတနာပုံလက်ရာများနဲ့ပါ အထူးလှပနေအောင် ဆောင်ရွက်ထားတာကိုလည်း ကိုယ်တိုင်ကိုယ်ကျ



လာရောက်ပြီးတော့ လေ့လာခွင့်၊ ဖူးမြော်ကြည်ညိုခွင့် ရတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ထူးခြားအံ့ဖွယ်ဆိုတာ မြန်မာမှုသာမက ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှု၊ စာပေနဲ့ဘာသာရဲ့ ယဉ်ကျေးမှုတွေကိုပါ အကုန်လုံးဖော်ကျူးထားပြီးတော့ ကမ္ဘာမှာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ ဗဟိုချက်ဖြစ်တဲ့ မြန်မာနိုင်ငံကြီးကို ထေရဝါဒအထွန်းကားဆုံး နိုင်ငံတစ်ခုအဖြစ်နဲ့ ဖော်ကျူးထားတဲ့လက်ရာတွေကို ပို၍ပို၍ပေါ်လွင်အောင်ဖော်ပြတဲ့ ဘုရားကြီးဖြစ်တဲ့အတွက်ကြောင့် အခုလိုဖူးမြော်ကြည်ညိုခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း သက်ဆိုင်ရာတာဝန်ရှိတဲ့ နိုင်ငံတော်အကြီးအကဲများနဲ့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကို အထူးပဲကျေးဇူးတင်ရှိပါကြောင်းပြောကြားလိုပါတယ်။"

"မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလာရောက်ဖူးမြော်ကြတဲ့ မွန်ပြည်နယ်အတွင်းရှိ တန်ခိုးကြီးဘုရားကြီးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များအနက် ကျွန်တော်ကတော့ ကျိုက်မရောမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးက ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်ပဲ ဖြစ်ပါတယ်။ အခုလို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြည်ညိုခွင့်ရအောင် မွန်ပြည်နယ်အစိုးရအဖွဲ့က အထူးစီစဉ်ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် လွန်စွာမှ ကျေးဇူးတင်ရှိပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ဖို့ စတင်ဆောင်ရွက်တဲ့ စကျင်ကျောက်တော်



ကြီးစတင်သယ်ယူခဲ့သည်မှ ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနား ဆောင်ရွက်သည်အထိ ဆောင်ရွက်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို မြဝတီရုပ်မြင်သံကြားက ကြည့်ရှုခဲ့ရပါတယ်။ ကျွန်တော့်စိတ်ထဲမှာ မာရဝိဇယဘုရားကြီးကို ဖူးမြော်ချင်စိတ်ဖြစ်ခဲ့ရပါတယ်။ အခုလို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများရဲ့ စီစဉ်ပေးမှုကြောင့် ဒီနေ့လာရောက်ဖူးမြော်ခွင့်ရခဲ့တာဖြစ်ပါတယ်။ အခုလိုအံ့မခန်းလှတဲ့ ဘုရားကြီးကို ကိုယ်တိုင်မြင်တွေ့ဖူးမြော်ခဲ့ရတဲ့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများကို အထူးပဲကျေးဇူးတင်မိပါတယ်လို့ ဒီနေရာကနေ ပြောချင်ပါတယ်။ အခုလို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရာတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ကုသိုလ်ပြုပါဝင်လှူဒါန်းကြသော အလှူရှင်များ၏ စေတနာ၊ သဒ္ဓါတရားတို့ကိုလည်း လေးစားမြတ်နိုးတန်ဖိုးထားပါကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာပြောကြားလိုပါတယ်။"

"မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မွန်ပြည်နယ်အစိုးရအဖွဲ့ အစီစဉ်နဲ့ ၁၀ မြို့နယ်မှာရှိတဲ့ ဘုရားစေတီများမှ ဂေါပကတွေ အခုလိုလာရောက်ပြီးတော့ ဖူးမြော်ခွင့်ရတာဖြစ်ပါတယ်။ ဒီနေ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရောက်တော့ မူလမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ နဂါးရုံဘုရား၊ ကျောက်စာရုံစေတီများ၊ သာသနိကအဆောက်အအုံ၊ ဗိမာန်တော်ကြီးနဲ့ အခြားသော ထူးခြားတဲ့နေရာတွေကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ တာဝန်ရှိသူများ



ရဲ့ အစီအစဉ်နဲ့ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုခဲ့ရပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ဖို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်တဲ့နေရာမှာ မြန်မာပြည်မှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အားလုံးရဲ့ သဒ္ဓါတရားစစ်စစ်နဲ့ အားသွန်ခွန်စိုက်ဆောင်ရွက်ဖို့ အားလုံးမှာတာဝန်ရှိတဲ့အကြောင်း ပြောကြားလိုပါတယ်။"

# နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**



# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၇**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Mr. Iskander Azizov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်း၌ နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံတည်ဆောက်နိုင်ရန်အတွက် ဆွေးနွေးနေသည့်ကိစ္စရပ်များ၊ အထွက်နှုန်းကျဆင်းနေသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာလုပ်ငန်းများတွင် Artificial Intelligence (AI) နည်းပညာ အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူငယ်အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

အာဆီယံအသိုက်အဝန်း၏ ရည်မှန်းချက်များနှင့်အညီ လူငယ်များအချင်းချင်း အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိစေရေး၊ အာဆီယံလူငယ်ဆိုင်ရာလုပ်ငန်းအစီအစဉ်များတွင် လူငယ်များတက်ကြွစွာ ပါဝင်ဆောင်ရွက်လာနိုင်စေရေးတို့ကိုရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး "မြန်မာလူငယ်များရဲ့ အခန်းကဏ္ဍကို အားပေးမြှင့်တင်လို့ သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်းတစ်ခုကို ဖန်တီးဖော်ဆောင်ကြပါစို့" လူငယ်အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းမြေညီထပ် GYM ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနအနေဖြင့် မြန်မာလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်အတွက် အားထားရသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လုပ်ငန်းစဉ်(၁၀)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာလူငယ်များ နိုင်ငံတကာလူငယ်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကဏ္ဍပေါင်းစုံတွင်ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရန် ညှိနှိုင်းချိတ်ဆက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး (AMMY)နှင့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMY)တို့၏ လုပ်ငန်းတာဝန်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအပေါင်းသုံးနိုင်ငံများ၊ နိုင်ငံတကာလူငယ်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ၂၀၂၄ ခုနှစ် အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလအတွင်း ကျင်းပသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် မျိုးဆက်သစ်လူငယ်များသိသင့်သိထိုက်သည့် ဗဟုသုတများရရှိပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာအာဆီယံ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်၏ အမှာစကားပြောကြားသည့် Video Clip ကို ပြသခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံဒေသတွင်းရှိ လူငယ်များအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးပြောကြားပြီးနောက် လူငယ်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အာဆီယံဉာဏ်စမ်းပဟေဠိအစီအစဉ်ပြုလုပ်ခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် အဖွဲ့လိုက်ပြန်လည်တင်ပြခြင်းအစီအစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လူငယ်အလုပ်ရုံဆွေးနွေးပွဲတွင် ဟောပြောပို့ချပေးသည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အာဆီယံဉာဏ်စမ်းပဟေဠိ အစီအစဉ်တွင် အမှတ်အများဆုံးရရှိခဲ့သည့် လူငယ်ကိုယ်စားလှယ်အဖွဲ့ကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၏ Sideline အခမ်းအနားအနေဖြင့် ဇန်နဝါရီ ၁၈ ရက်တွင် "ASEAN Talk Watchparty and Feedback Session" အား Virtual စနစ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ လူငယ်အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များက In-person ဖြင့်လည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများက Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့်ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲပြုလုပ်





ဘုရားစေတီပုထိုးများ၊ဗုဒ္ဓဆင်းတုတော်များနှင့်ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

အကြမ်းဖက် သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ဖျက်ဆီးစော်ကားမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင်လည်း မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ကန့်ကွက်ရှုတ်ချပွဲကို ပြုလုပ်ကြရာ သံဃာတော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ခရိုင်ဘောလုံးကွင်းမှ မြို့တော်ခန်းမရှေ့သို့ ချီတက်စုဝေးကြကာ သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား(ဆန့်ကျင်ကြ)၊ ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား(ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့် လူမျိုးရေးခွဲခြား၊ သာသနာကိုစော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ သာသနာဖျက် အကြမ်းဖက်သမားများအား(အလိုမရှိ)၊ အကြမ်းဖက်အားပေးလောက်ကောင်များအား(အလိုမရှိ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ(ကျရှုံးပါစေ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ ပွဲစဉ်များတွင် ရတနာပုံတက္ကသိုလ်အသင်းက ပထမ၊ စစ်ကိုင်းတက္ကသိုလ်အသင်းက ဒုတိယရရှိပြီး မြစ်ကြီးနားတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်အသင်းတို့က ပူးတွဲတတိယရရှိကြသည်။

ထို့နောက် နေရာအလိုက်အကောင်းဆုံးအားကစားသမားဆုများ ပေးအပ်ရာ တက္ကသိုလ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အကောင်းဆုံး နောက်ထိန်းကစားသမားဆုရရှိသည့် ရတနာပုံတက္ကသိုလ်မှ မောင်မင်းသန့်သူကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက အကောင်းဆုံးရိုက်ခတ်ကစားသမားဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်မှ မောင်အောင်အောင်ကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အကောင်းဆုံးပင့်ထောင် ကစားသမားဆုရရှိသည့် ရတနာပုံတက္ကသိုလ်မှ မောင်နိုင်းနိုင်းအောင်ကို လည်းကောင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်မှ မောင်အောင်မျိုးကျော်ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်းက အမျိုးသားအသင်းလိုက် သုံးယောက်တွဲပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော အသင်းများကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက အမျိုးသားအသင်းလိုက် သုံးယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်အသင်းကိုလည်းကောင်း၊ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသားအသင်းလိုက် သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရတနာပုံတက္ကသိုလ်အသင်းကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက အမျိုးသားပိုက်ကျော်ခြင်း တံခွန်စိုက်ဒိုင်းဆုကို ချီးမြှင့်ပေးအပ်ရာ ရတနာပုံတက္ကသိုလ်အသင်းက လက်ခံရယူသည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေ့ရာလုပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)နှင့် ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဦးအောင်ကိုအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

# ကျိုင်းတုံမြို့နှင့် မြိတ်မြို့တို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဆင်နှစ်ကောင် ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၂၃ ပါးနှင့် ဒေသခံပြည်သူ ဦးရေ ၁၀၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ သံဃာတော် ၁၁ ပါး၊ သာသနာနွယ်ဝင်သီလရှင် သုံးပါးနှင့် ကျောင်းသား၊ ကျောင်းသူ ၄၇၈ ဦးတို့ကို အဆိုပါကျောင်းတိုက်၌ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဉာဏိဿရအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

☐ **အသိပေးကြေညာမှု**

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် (၁-၂-၂၀၂၄)ရက်မှ (၃၀-၇-၂၀၂၄)ရက်ထိ ခြောက်လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# နွားထိုးကြီးမြို့ရှိ ရဲစခန်း၊ ဆောက်လုပ်ရေးရုံးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရပြီး ပြန်လည်ပစ်ခတ်မှုကြောင့် ပြည်သူ နှစ်ဦးသေဆုံးပြီး ကလေး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် ဇန်နဝါရီ ၁၆ ရက်က နွားထိုးကြီး ရဲစခန်းနှင့် ဆောက်လုပ်ရေးရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ပစ်ခတ်မှုကြောင့် ဒရုန်း နှစ်စီး ပျက်စီးဆုံးရှုံးခဲ့ရကြောင်းနှင့် နွားထိုးကြီးမြို့နယ် ရွာကြီးရွာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ နှစ်ဦးကို ပစ်သတ်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် နွားထိုးကြီးမြို့၏ အရှေ့တောင်ဘက် မီတာ ၅၀၀ ခန့်အကွာမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် နွားထိုးကြီးမြို့အတွင်းသို့ပစ်ခတ်ခဲ့ရာ နွားထိုးကြီးမြို့ ဆောက်လုပ်ရေးဝင်းနှင့် အထက(မြို့မ) စာသင်ကျောင်းကြားသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းလာကြသည့် မိဘတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရပြီး PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့၏လုပ်ရပ်များကို ဖုံးကွယ်ရန် တရားမဝင် ပြည်ဖျက်မီဒီယာများကတစ်ဆင့် လူမှုကွန်ရက်များတွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# သထုံတွင် တပ်မတော်က လက်နက်ကြီးဖြင့်ပစ်ခတ်သဖြင့် ဒေသခံပြည်သူ ၄၀၀ နီးပါး တိမ်းရှောင်နေရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်တွင် တိုက်ပွဲမရှိဘဲ တပ်မတော်က လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူ ၄၀၀ နီးပါး နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသတွင် နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသော တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်နှင့် အခြားသတင်းများအရ တပ်စခန်းများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုမရှိကြောင်း၊တပ်မတော်စစ်ကြောင်းများက ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်မှုကို အကြမ်းဖက်သောင်းကျန်းသူများက အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drone များဖြင့် Drop Bomb ချတိုက်ခိုက်ခြင်းများလုပ်ဆောင်ခဲ့ရာ ၎င်းလက်နက်ကြီးကျည်အချို့သည် ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခြင်းများကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်မှုများ ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် ပြည်သူအပေါ် အကြမ်းဖက်ဆောင်ရွက်နေသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအချို့တို့၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# မြောက်ဦး၊ ဘူးသီးတောင်နှင့် ပေါက်တောမြို့နယ်ရှိ ကျေးရွာများကို လေကြောင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူ လေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ပေါက်တောမြို့နယ်ရှိ ကျေးရွာများကို ဇန်နဝါရီ ၁၅ ရက်တွင် တပ်မတော်က လေကြောင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူ လေးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ်များနှင့် ပတ်သက်၍ အဆိုပါ မြို့ရွာများအနီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များကို AA သောင်းကျန်းသူများက လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့ပစ်ခတ်သည့် လက်နက်ကြီးကျည်များ၊ Drop Bomb များသည် ဒေသခံပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူလူထုက တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို အချိန်ကိုက်ရေးသားဖြန့်ဝေကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၈-၁-၂၀၂၄ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၀ | Internet Pages |
| ၃။ | ၁၃း၁၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၁၅ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Myo Win Thin"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့ မိဇ ရပ်ကွက်နေ မျိုးဝင်းသိန်းအား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊"Htet Arkar Soe"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက်နေ ထက်အာကာစိုး(ခ) ထက်ကြီးအား ဇန်နဝါရီ ၁၆ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကုန်ဈေးနှုန်းလျှော့ကျရေး တို့များလုပ်အားပါဝင်ပေး

ထက်အောင်လှု(နံ့သာမြေ)

> ❖ လုပ်ငန်းရှင်တို့၏ ကုန်ထုတ်လုပ်ငန်းများ အပြိုင်အဆိုင် လည်ပတ်ထုတ်လုပ်ကြပါလျှင် ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့် အမျှ တစ်ဖက်တွင်လည်း စားသုံးသူတို့ အချိုးအစားမျှတလာပြီး ကုန်ဈေးနှုန်းများတည်ငြိမ်ကျဆင်းလာမည်ဖြစ်ပေသည်။ အမျိုးသား အကျိုးစီးပွားကိုလိုလားသော၊ ပြည်ချစ်သော လုပ်ငန်းရှင်တို့၏ ပူးပေါင်းပါဝင်မှုသည် ကုန်ဈေးနှုန်းလျှော့ကျမှု၏အဓိက သော့ချက်ပင်ဖြစ်ပေသည်။ ❖

ဘောဂဗေဒသည် လူမှုရေးသိပ္ပံဘာသာရပ်တစ်ခု ဖြစ်ပြီး ကုန်စည်နှင့်ဝန်ဆောင်မှုများထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် ဖြန့်ဖြူးမှုတို့ကိုဖော်ပြခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းပြုလုပ်သောပညာရပ်ဖြစ်သည်။ ဘောဂဗေဒဘာသာရပ်သည် စီးပွားရေးအင်အားစုများ၏ ပြုမူဆောင်ရွက်ပုံနှင့် အချင်းချင်းဆက်နွယ်ပုံတို့အပြင် စီးပွားရေးမည်သို့မည်ပုံအလုပ်လုပ်သည်ကို အာရုံစူးစိုက်လေ့လာသည့် ပညာရပ်ဖြစ်ပေသည်။ ကုန်ဈေးနှုန်းလျှော့ကျရေးကိုမူ အပြုသဘောဆောင်လျက် မိမိတို့တိုင်းပြည်အတွက် ဖြေရှင်းရေးနည်းလမ်းမျိုးစုံနှင့် ဖြေရှင်းသင့်ပါပေသည်။ အစိုးရသာမကပြည်သူလူထု၏ ကာယဉာဏစွမ်းအားတို့ဖြင့် တန်ပြန်ဆောင်ရွက်ချက်များ လိုအပ်လျက်ရှိပေသည်။ အသိဉာဏ်ပြည့်ဝသော ပြည်သူ၊ လိမ္မာပါးနပ်သော ပြည်သားတို့က ကုန်ဈေးနှုန်းကို ပြန်လည်ထိန်းကျောင်းလျက် အကောင်းဘက်သို့ ဦးတည်နိုင်ပေသည်။ ကျွန်တော်တို့အနေဖြင့် လတ်တလောကုန်ဈေးနှုန်းကြီးမြင့်ခြင်းလျှော့ချနိုင်ရန် လေ့လာဆန်းစစ်ရာ၌ အောက်ပါအချက် လေးချက်ကို တွေ့ရပါသည်-

(၁) MSMEများပေါ်ထွက်လာရေး
(၂) ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
(၃) ထုတ်ကုန်နှစ်ဆတိုးမြှင့်ရေး
(၄) စီးပွားရေးကျင့်ဝတ်လိုက်နာသော လုပ်ငန်းရှင်များဖြစ်ရေးတို့ဖြစ်ပေသည်။

**MSMEများပေါ်ထွက်လာရေး**

ကုန်ဈေးနှုန်းမြင့်တက်ခြင်းနှင့်ပတ်သက်၍ သဘာဝဗေဒအန္တရာယ်ဖယ်ထားကြည့်ပါက အခြေခံအကျဆုံး အကြောင်းတရားသုံးခုကို တွေ့ရှိရပါသည်။ ယင်း အခြေခံအကြောင်းတရားသုံးခုမှာ (၁) ဝယ်လိုအားမြင့်တက်ခြင်း(Increase Demand)(၂) ရောင်းလိုအား လျော့ကျခြင်း(Decrease Supply)နှင့် (၃) ငွေကြေးဖောင်းပွမှု(inflaction)တို့ ဖြစ်ကြပေသည်။ ဝယ်လိုအားမြင့်တက်ခြင်းသည် လူတို့၏မဖြစ်မနေစားဝတ်နေရေးအတွက် ဝယ်လိုအားရှိကြပါသော်လည်း စိုးရိမ်သောကနှင့် တကယ်မလိုအပ်ဘဲ လောဘတက်ပြီး သိုလှောင်ရန်ဝယ်လိုခြင်း၊ အပြိုင်အဆိုင် သူထက်ငါ လုယက်စီတန်းတိုးဝယ်ခြင်းတို့ကြောင့် ဝယ်လိုအားသည် ရောင်းလိုအားထက်များသောအခါ အတ္တပါသော လုပ်ငန်းရှင်တို့အကြိုက် ကုန်ဈေးနှုန်းအဆမတန် မြင့်တက်လာကြပေသည်။ ရောင်းလိုအားလျော့ကျခြင်းတွင်မူ တစ်ခါတစ်ရံဈေးကွက်၏ အခက်အခဲကြောင့် မဟုတ်ဘဲ အတ္တလုပ်ငန်းရှင်တို့၏ ကြိုးဆွဲမှုကြောင့်လည်းဖြစ်တတ်ပေသည်။ အထက်ပါနှစ်ချက်ကြောင့် ငွေကြေးဖောင်းပွမှုသည် ထက်ကြပ်မကွာလိုက်၍လာခဲ့ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သကဲ့သို့ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ခြင်းသည်လည်း ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက်အရေးကြီးသောကဏ္ဍတစ်ခုဖြစ်ပေသည်။

ကျွန်တော်တို့တိုင်းပြည်တွင် လူစွမ်းအားအရင်းမြစ်ပေါများပါသော်လည်း ဖြုန်းတီးမှုတို့ တွေ့နေကြရပါသည်။ နိုင်ငံအတွက်၊ တိုင်းပြည်အတွက်မဟုတ်ဘဲ တိုင်းတစ်ပါးနှင့် မလိုအပ်သောနေရာတို့၌ သုံးနေကြသည်ကိုတွေ့ကြရပါသည်။စွန့်ဦးတီထွင်သောလူငယ်၊ လူလတ်တို့၏ ကြိုးပမ်းအားထုတ်မှု များစွာလိုအပ်လျက်ရှိပေသည်။ MSME(Micro, Small and Medium Enterprises)ဟုခေါ်သော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်၏ လုပ်အားကောင်းလာပေမည်။ သို့မှသာ လုပ်အားမှတစ်ဆင့် ဝင်ငွေအများအပြားရရှိကြ၍ လုပ်ငန်းကြီးတို့၏ ကြိုးစိုးမှုမခံရဘဲ ကုန်ဈေးနှုန်းလျှော့ချနိုင်ပေမည်။

MSME လုပ်ငန်းများသည် ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်များကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိသည်ဟု ဆို၏။ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတို့တွင်နေထိုင်ကြပြီး ကျေးလက်စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး ဆောင်ရွက်နေကြရပေသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် စက်မှုလုပ်ငန်းများသည် ထိရောက်သည့် စီးပွားရေးဖြစ်ရပေသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် စက်မှုသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော်နှင့် တိုင်းရင်းဆေးပစ္စည်းများ ထုတ်လုပ်သည့် ပရဆေးပင်များကိုစီးပွားဖြစ်စိုက်ပျိုးကြရပေမည်။ မွေးမြူရေးလုပ်ငန်းတွင်လည်း အဓိက စားသုံးသော အသားငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို စီးပွားဖြစ်မွေးမြူကြရပေမည်။ အလားတူ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများဖြစ်သော သစ်ပင်သစ်တောထွက်ပစ္စည်းများ၊ ထုံးကျောက်၊ သံမဏိ၊ ကျောက်မီးသွေး၊ အဖိုးတန်ကျောက်မျက်ရတနာများနှင့် သယံဇာတပစ္စည်းများကို MSME ဖြင့်ဆောင်ရွက် နိုင်မည်ဆိုပါက စည်းစနစ်တကျ တိုင်းပြည်၏ ဝင်ငွေပိုမိုရရှိကာ ကုန်ဈေးနှုန်းလျှော့ကျလာပေမည်။

ကျွမ်းကျင်ရာလိမ္မာရာဆိုသကဲ့သို့ မိမိတို့တတ်ကျွမ်းသောနယ်ပယ်အလိုက် ကြိုးကုတ်အားထုတ်ကြရပေမည်။ တောင်သူဦးကြီးတို့သည်လည်း စိုက်ပျိုးရေးကို လုံ့လပြုအားထုတ်လျက် မွေးမြူရေးဆရာတို့သည်လည်း စည်းစနစ်တကျ စီးပွားဖြစ်ကြိုးကုတ်ကြရပေမည်။ ထို့အတူ သယံဇာတနှင့် ကျောက်ကုန်သည်တို့သည်လည်း တိုင်းပြည်၏အကျိုးစီးပွားသယ်ပိုးကြရပေမည်။ ပြည်သူတိုင်းသည် အသိတရားဝင်လျက် မိမိတို့လုပ်အားသည် တိုင်းပြည်၏မောင်းနှင်အားလည်းဖြစ်ပါ၍ အစွမ်းရှိသမျှ ကြိုးကုတ်နေကြရပေမည်။

**ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**

အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ဝင်ငွေလည်းကျဆင်းခြင်းဖြစ်ပေသည်။ အလုပ်ကိုင်နည်းပါးသည်ဟုမကြိုးစားခြင်းကြောင့် ပိုမိုဒုက္ခတွေ့ကြရမည်သာဖြစ်၏။ မိမိတို့သည် ထိုသို့နည်းပါးမှုကိုစာဖွဲ့ကာ လောင်းကစား၊ အပျော်အပါး၊ အသောက်အစားနှင့် ဒုစရိုက်လုပ်ငန်းများနောက်မလိုက်ရန် လိုအပ်ပေသည်။ အချိန်ဖြုန်း၊ ငွေဖြုန်းနေသူများမှာ မိမိတစ်ဦးတည်းပါပဲဟု မတွေးတောဘဲ မိမိကဲ့သို့တစ်ပါးသူများလည်း ကုန်ထုတ်လုပ်မှုလုပ်အားလျော့နည်းလာပါမူ တစ်ဦးမှတစ်ရာ တစ်ရာမှတစ်ထောင်ဖြစ်၍ လူပေါင်းများစွာဖြစ်လာပြီး တိုင်းပြည်၏ ကုန်ဈေးနှုန်းကြီးမြင့်မှုကိုကာကွယ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကျွန်တော်တို့မှစတင်ကာ မိမိ၏လုပ်အားမြှင့်တင်၍ ကောင်းကျိုးရှိရာ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးလုပ်ကြရပေမည်။ တိုင်းပြည်၏ မောင်းနှင်အားအတွက် ကျွန်တော်တို့သည် ဝင်ငွေများများရာနိုင်သောသူများဖြစ်ရန် ဝင်ငွေလမ်းကြောင်းတစ်ခုထက်ပိုပြီးရှိကြရန် လိုအပ်ပေသည်။ ပြည်သူပြည်သားအားလုံးသည် ဝင်ငွေလမ်းကြောင်းရှိရန် မိမိ၏ အဓိကဝင်ငွေအပြင် အပိုဝင်ငွေရရှိရေးအတွက် မိမိနှင့်အဆင်ပြေမည့် ဝင်ငွေလမ်းကြောင်းတစ်ခုနှစ်ခု အစရှိသဖြင့်ကြိုးပမ်းကြရပေမည်။ အပိုဝင်ငွေလမ်းကြောင်းရှိပါလျှင် မိမိ၏ဝင်ငွေများလည်း တိုးတက်လာပြီး စီးပွားဖွံ့ဖြိုးတိုးတက်လာပေမည်။

စီးပွားရေးနှင့်ပတ်သက်၍ ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအခြေပြုသောနိုင်ငံဖြစ်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့ လိုပေသည်။ ထို့မှတစ်ဆင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးပြည်တွင်းစီးပွားရေးလုပ်ငန်းမှသည် နိုင်ငံတကာအဆင့်မီသည့် ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများအဖြစ်ဖန်တီးနိုင်ရေးတို့ကို ဆောင်ရွက်ကြရပေမည်။

**ထုတ်ကုန်နှစ်ဆတိုးမြှင့်ရေး**

ဝယ်လိုအားနှင့်ရောင်းလိုအားနှစ်ခုရှိရာ၌ ဝယ်လိုအားထက် ရောင်းလိုအားများမှသာ ပိုမိုကောင်းမွန်သည့်အတွက် ကုန်ဈေးနှုန်းလျှော့ကျရေးကို အဓိကထိန်းကျောင်းနိုင်ပေမည်။ ဝယ်လိုအားရောင်းလိုအားနှစ်ခုရှိရာ စီးပွားရေးဟန်ချက်ညီရန် မိမိတို့ကိုယ်တိုင်အသိသတိဖြင့် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။ ထို့နောက် မိမိတို့၏ MSMEလုပ်ငန်းများကိုအားကြိုးမာန်တက်ပူးပေါင်းပါဝင်ကာ ကုန်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ကြရပေမည်။ အခက်အခဲအကျပ်အတည်းများကို အန်တုရင်ဆိုင်ကာ ထုတ်ကုန်နှစ်ဆတိုးမြှင့်ရေးသည်လည်း အဓိကအခန်းကဏ္ဍအဖြစ် တည်ရှိပေသည်။ ထုတ်လုပ်မှုလုပ်ငန်း၊ လုပ်အားအခြေပြုလုပ်ငန်း၊ လက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ လက်လီရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုပေးသည့်လုပ်ငန်း အစရှိသည်တို့ကို အလေးထားကြိုးစားကြရပေမည်။

**စီးပွားရေးကျင့်ဝတ်လိုက်နာသော လုပ်ငန်းရှင်များဖြစ်ရေး**

တိုင်းပြည်တွင် စီးပွားရေးလုပ်ငန်းရှင်များ များစွာလိုအပ်ပေသည်။ လုပ်ငန်းရှင်တို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလိုအပ်ချက်မှာ ရိုးသားခြင်း၊ သစ္စာရှိခြင်းတို့ပါဝင်ကာ စီးပွားရေးလုပ်ငန်းရှင်တိုင်းလိုက်နာသင့်ပေသည်။မိမိတို့အတ္တလောဘသာမကြည့်ဘဲ သာယာချမ်းမြေ့ကာ ဖွံ့ဖြိုးသောဝန်းကျင်တစ်ခုတည်ဆောက်မှုတွင် စီးပွားရေးကျင့်ဝတ်လိုက်နာသော လုပ်ငန်းရှင်များ အထူးလိုအပ်ပေသည်။ စိန္တေရှင်ဟောကြားတော်မူသော သမာအာဇီဝနှင့်အသက်မွေးမှုသာ လောကီနှင့်လောကုတ္တရာအတွက် သုခအများအပြားရရှိနိုင်ပေသည်။အဓမ္မကုပ်သွေးစုပ်သော အတ္တ၏ သားကောင်များမဖြစ်ရေး လုပ်ငန်းရှင်တိုင်းသတိရှိကြရပေမည်။လုပ်ငန်းရှင်များ၏စီးပွားရေးတွင် ကျင့်ဝတ်ညီလျက် စာရိတ္တခိုင်မာမှသာ ချမ်းသာခြင်းနှင့်အတူ ဂုဏ်တင့်တယ်မှုရှိပေမည်။

**လုပ်ငန်းရှင်တို့၏ပူးပေါင်းပါဝင်မှု**

ကုန်ဈေးနှုန်းလျှော့ကျရေး၏အရေးကြီးဆုံးပုဂ္ဂိုလ်များဖြစ်သော လုပ်ငန်းရှင်တို့အနေဖြင့်လည်း မိမိတို့၏ တိုင်းပြည်၏အကျိုးစီးပွားကိုရှေးရှုလျက် ပြည်သူများစားဝတ်နေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပေမည်။ သို့မှသာ တိုင်းပြည်၏ဝင်ငွေတိုးတက်ရေးအတွက် အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်ပြီး နိုင်ငံ၏ နိုင်ငံခြားငွေလိုအပ်ချက်မှာလည်း လျော့ပါးသွားပေမည်။ လုပ်ငန်းရှင်တို့၏ ကုန်ထုတ်လုပ်ငန်းများ အပြိုင်အဆိုင် လည်ပတ်ထုတ်လုပ်ကြပါလျှင် ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ တစ်ဖက်တွင်လည်း စားသုံးသူတို့ အချိုးအစားမျှတလာပြီး ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်ပေသည်။ အမျိုးသား အကျိုးစီးပွားကိုလိုလားသော၊ ပြည်ချစ်သောလုပ်ငန်းရှင်တို့၏ပူးပေါင်းပါဝင်မှုသည် ကုန်ဈေးနှုန်းလျှော့ကျမှု၏ အဓိကသော့ချက်ပင်ဖြစ်ပေသည်။

**အလုပ်လုပ်နိုင်စွမ်းရှိသူတို့၏လုပ်အား**

မိမိတို့တိုင်းပြည်၏ ကုန်ထုတ်မှုလုပ်ငန်းများတွင် ကာယဉာဏအားအစွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်ကြရပေမည်။ ကုတ်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းပညာနည်းစနစ်ရှိသော စက်မှုစွမ်းအားများနှင့် ထုတ်လုပ်နိုင်သော လုပ်ငန်းများအဆင့်တိုင်းအောင်မြင်တိုးတက်ရန်ဆောင်ရွက်ကြရပေမည်။ စည်းစနစ်မြင့်ကာ နည်းစနစ်အသစ်များနှင့် တီထွင်ကြံဆလျက် ကျွမ်းကျင်လုပ်သားများဖြစ်ရန် ကြိုးကုတ်ကြရပေမည်။

မိမိတို့ထုတ်လုပ်သောထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စေခြင်း၊ ကျန်းမာရေးကောင်းမွန်စေခြင်းနှင့် ဘေးထွက်ဆိုးကျိုးမရှိသောထုတ်ကုန်များဖြစ်ကာ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာဈေးကွက်ပါ နေရာတစ်ခုရရှိရန် ထိုးဖောက်ဆောင်ရွက်ကြရပေမည်။ထိုသို့ဆောင်ရွက်နိုင်ပါလျှင် မိမိတို့ဒေသစားနပ်ရိက္ခာဖူလုံရုံသာမက တစ်ဆင့်တက်လျက် အခြားဒေသများ၏ လိုအပ်ချက်များကိုပါ ထောက်ကူပံ့ပိုးနိုင်ပေမည်။

ခေတ်မီထုတ်ကုန်လုပ်ငန်းများ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ပြည့်ပြည့်ဝဝထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ အလုပ်လုပ်နိုင်စွမ်းရှိသူတိုင်းမှ မိမိတို့၏ လုပ်အားနှင့် ကုန်ဈေးနှုန်းထိန်းညှိနိုင်မှုတွင် အားကြိုးမာန်တက်ပါဝင်ရေးသည်လည်း မရှိမဖြစ်လိုအပ်လျက်ရှိပေသည်။

အချုပ်ဆိုရပါသော် ကျွန်တော်တို့ တိုင်းပြည်၏ အခြေခံကုန်ဈေးနှုန်းကျဆင်းရေးသည် နှမ်းတစ်စေ့ချင်းပေါင်းကာဆီဖြစ်သကဲ့သို့ တစ်ဦးတစ်ယောက်တိုင်း၏ လုပ်အား၊ ကာယဉာဏစွမ်းဆောင်ရည်များ အထူးလိုအပ်ပေသည်။ တိုင်းပြည်၏ လူထုအင်အားနှင့် တွန်းလှန်တန်ပြန်ကြိုးကုတ်မှသာ သင့်တင့်သောကုန်ဈေးနှုန်းထားနှင့် တည်ငြိမ်မှုရှိမည်ဖြစ်ပေသည်။ ပြည်သူအားလုံးအဆင်ပြေကြစေရန် တစ်ယောက်တစ်လက်နှင့် တစ်ဦးကစေတနာ တစ်ဦးကမေတ္တာအပြန်အလှန်ဖေးမလျက် "ကုန်ဈေးနှုန်းလျှော့ကျရေး တို့များလုပ်အားပါဝင်ပေး"ဟူသည့်အတိုင်း ကြိုးကုတ်ဆောင်ရွက်ကြရပေမည်။အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူလူထုစားဝတ်နေရေး အဆင်ပြေကြစေရေးအတွက် ကောင်းသောမနောနှင့် အပြုသဘောဆောင်လျက် ဆန္ဒပြုတိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ကိုးကား**

- **စားသုံးသူရေးရာဦးစီးဌာန**
- **ရွှေဂါး**

# မောရစ်သျှနိုင်ငံတွင် ဘီလောဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများယာယီပိတ်ထား



**ပို့လူးဝစ် ဇန်နဝါရီ ၁၇**

မောရစ်သျှနိုင်ငံတွင် ဇန်နဝါရီ ၁၅ ရက်က ဘီလောဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသဖြင့် စာသင်ကျောင်းများကို ဇန်နဝါရီ ၁၆ ရက်မှစ၍ ယာယီပိတ်ထားကြောင်း ပညာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မောရစ်သျှနိုင်ငံတွင် ဇန်နဝါရီ ၁၅ ရက်မှစ၍ ဘီလောဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မြို့တော်ပို့လူးဝစ်မြို့၌ ကားအစီးရေပေါင်းများစွာ ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရကြောင်း မောရစ်သျှအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဘဏ်များ၊ အစိုးရရုံးများနှင့် အခြားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို ပိတ်ထားရပြီး ပို့လူးဝစ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း ဇန်နဝါရီ ၁၆ ရက် ဒေသစံတော်ချိန်ညနေ ၄ နာရီ မိနစ် ၃၀ မှစတင်၍ ပိတ်ထားရကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြည်သူများအနေဖြင့် ဘေးကင်းသောနေရာများတွင်သာ နေထိုင်ကြရန် နိုင်ငံ၏ မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ဘီလောဆိုင်ကလုန်းမုန်တိုင်းသည် လီမုန်းကျွန်းဆွယ်၏ အနောက်တောင်ဘက် မိုင် ၈၀ အကွာ၌ တစ်နာရီလျှင် ၁၄ ကီလိုမီတာနှုန်းခန့်ဖြင့် အရှေ့သို့မဟုတ် အရှေ့တောင်ဘက်သို့ ရွေ့လျားလျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဆိုးရွားစွာဆက်လက် ဖြစ်ပေါ်နိုင်သဖြင့် စာသင်ကျောင်းများကို ယာယီပိတ်ထားရန် မောရစ်သျှနိုင်ငံ ပညာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# တရုတ်နိုင်ငံ ရှင်ကျန်းနယ်မြေတွင် နှင်းမုန်တိုင်းကြောင့် ကမ္ဘာလှည့်ခရီးသွားဦးရေ ၁၀၀၀ ကျော်ပိတ်မိနေ

**ပေကျင်း ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံ ရှင်ကျန်းနယ်မြေတွင် ဇန်နဝါရီ ၁၆ ရက်က နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ကမ္ဘာလှည့်ခရီးသွားဦးရေ ၁၀၀၀ ကျော် ပိတ်မိနေကြောင်း ရှင်ကျန်းနယ်မြေအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နှင်းမုန်တိုင်းသည် ရှင်ကျန်းနယ်မြေ မြောက်ဘက်ပိုင်းရှိ ဟီမူကျေးလက်ဒေသတွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ပိတ်မိနေသော ကမ္ဘာလှည့်ခရီးသွားများကို ရဟတ်ယာဉ်များဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း၊ ရှင်ကျန်းကယ်ဆယ်ရေးဝန်ထမ်းများက နှင်းမုန်တိုင်းကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေသည်ကို စက်ယန္တရားများဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း၊ နှင်းမုန်တိုင်းကြောင့် ဆီးနှင်းများထူထပ်စွာကျဆင်းလျက်ရှိပြီး လမ်းမကြီးများထက်တွင် နှင်းထုမှာခုနစ်မီတာထိ မြင့်တက်နေကြောင်း ရှင်ကျန်းနယ်မြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရှင်ကျန်းနယ်မြေမှာ ဒီကာလဆိုရင် ဆီးနှင်းထူထပ်စွာ ကျဆင်းလေ့ရှိပါတယ်။ ဒီလိုဆီးနှင်းတွေထူထပ်စွာကျဆင်းတာကိုလဲ နှစ်စဉ်နှစ်တိုင်း မြင်တွေ့ရပါတယ်။ ဒါပေမဲ့အခုလို နှင်းမုန်တိုင်း ပြင်းပြင်းထန်ထန် တိုက်ခတ်တာမျိုးတော့ မကြုံဖူးသေးဘူး။ နှင်းမုန်တိုင်းကြောင့် သစ်ပင်ကြီးလဲကျတာတွေ၊ ကျောက်တုံးပြိုကျတာတွေ၊ နှင်းမုန်တိုင်းနဲ့အတူ အမှိုက်သရိုက်တွေ ပုံ့နှံ့ရောက်ရှိလာတာတွေ မရှိပါဘူး"ဟု ရှင်ကျန်းနယ်မြေအဝေးပြေးလမ်းမကြီးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းခေါင်းဆောင် ကျောင်ကျင်းရှန်က ပြောကြားခဲ့သည်။



နှင်းမုန်တိုင်းကြောင့် ဆီးနှင်းများထူထပ်စွာကျဆင်းပြီး လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေသည့် ဧရိယာမှာ တောင်ကုန်းတောင်တန်းများပေါများသည့်အတွက် လမ်းမကြီးများကို ပြန်လည်အသုံးပြုနိုင်ရန် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိနေကြောင်း၊ ရှင်ကျန်းနယ်မြေအာဏာပိုင်အဖွဲ့အစည်းက ရဟတ်ယာဉ်များဖြင့် ပြည်သူများအတွက် ဂျုံနှင့် လောင်စာများကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဝေလနိုင်ငံမြောက်ဘက်ပိုင်းနယ်မြေများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေ

**ကာဒစ် ဇန်နဝါရီ ၁၇**

ဝေလနိုင်ငံ မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်းကထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

မြောက်ဘက်ပိုင်းဒေသများ၌ ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးများပိတ်ဆို့မှုဖြစ်ပေါ်လာနိုင်သကဲ့သို့ ဧရိယာတချို့တွင် ရေစီးနှင့်အတူမျောပါလာသော အမှိုက်သရိုက်များကြောင့်လည်း လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ မြောက်ဘက်ပိုင်းတွင် ခရီးသွားလာနေသည့် ပြည်သူများကိုလည်း ရေဘေးအန္တရာယ် အထူးသတိပြုရန်နှင့် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ မိုးလေဝသသတင်းထုတ်ပြန်ချက်များကို သတိပြုစောင့်ကြည့်သွားရန်လည်း ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီရေမြင့်တက်နေသလို မြစ်ရေလျှံတက်မှုတွေကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဝေလနိုင်ငံ မြောက်ဘက်ပိုင်းမှာရှိတဲ့ ကမ်းခြေဒေသတွေမှာ ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ပါတယ်။ ဒီကာလအတွင်း ကမ်းခြေမှာ သွားရောက်အနားယူတာတွေ၊ ကမ်းခြေမှာ လမ်းလျှောက်တာတွေ၊ ရေလမ်းခရီးသွားတာတွေ၊ ကုန်းနိမ့်ပိုင်းတွေမှာ မော်တော်ယာဉ်အသုံးပြုတာတွေကို အထူးဆင်ခြင်သင့်ပါတယ်။ ရေစီးနဲ့အတူ အမှိုက်သရိုက်တွေလဲ ရောနှောပါဝင်လာတဲ့အတွက်ကြောင့် ရေလွှမ်းနေတဲ့ဧရိယာတွေကို ဖြတ်သန်းသွားလာမယ်ဆို တအားအန္တရာယ်များပါတယ်။ ကမ်းခြေတွေမှာ ရေလှိုင်းကြီးတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက်ကြောင့် ကမ်းခြေအနီးပတ်ဝန်းကျင်မှာ လှုပ်ရှားသွားလာတာတွေက တအားအန္တရာယ်များပါတယ်။ ရာသီဥတုလွန်ကဲမှုတွေ ဖြစ်ပေါ်နေသလို မိုးလေဝသအခြေအနေကလဲ အပြောင်းအလဲ မြန်ဆန်နေတဲ့အတွက်ကြောင့် နေအိမ်အတွင်းမှာပဲ နေထိုင်တာက အကောင်းဆုံးဖြစ်ပါလိမ့်မယ်"ဟု ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လာမည့်ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုအပြင် ဆီးနှင်းများလည်း ထူထပ်စွာကျဆင်းလာနိုင်သည့်အတွက် ရာသီဥတုလွန်ကဲမှုဖြစ်ပေါ်နေကြောင်း ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံ၌ အအေးလှိုင်းဖြတ်သန်းမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေ

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံတွင် အအေးလှိုင်းဖြတ်သန်းမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁၆ ရက်သတင်းများအရသိရသည်။

အိုင်အိုဝါပြည်နယ်တွင် အအေးဓာတ်မြင့်မားနေမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ်ပေါင်း ၁၀၀၀၀ ကျော်ထိရှိပြီး အအေးဓာတ်ကျဆင်းသွားမှသာ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေဖြစ်ကြောင်း၊ မြင့်တက်နေသော အအေးဓာတ်မှာ အန္တရာယ်ရှိသည့် အဆင့်အဖြစ် သတ်မှတ်ထားပြီး အမေရိကန်နိုင်ငံအနောက်အလယ်ပိုင်းပြည်နယ်များတွင် ဆီးနှင်းများထူထပ်စွာကျဆင်းနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အနောက်အလယ်ပိုင်းပြည်နယ်တွေမှာ အအေးဓာတ်တွေမြင့်တက်နေပါတယ်။ လက်ရှိမှာတော့ အပူချိန်ဟာ အနုတ် ၃၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး အပူချိန်ဟာ အနုတ် ၅၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပါတယ်။ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်တဲ့အဆင့်ဖြစ်ပါတယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိုင်အိုဝါပြည်နယ်တွင် အပူချိန်မှာ အနုတ် ၃၅ ဒီဂရီစင်တီဂရိတ်ဖြစ်သည့်အတွက်ကြောင့် အသက်အန္တရာယ်ရှိနိုင်သည့်အခြေအနေဖြစ်ပြီး လျှပ်စစ်မီးပြတ်တောက်မှုကြောင့် အပူပေးစက်များ ဖွင့်မရသည့်အခြေအနေဖြင့်လည်း ရင်ဆိုင်နေရကြောင်း၊ အိုင်အိုဝါပြည်နယ်အပါအဝင် အနောက်အလယ်ပိုင်းပြည်နယ်များ၌ အပူချိန်မှာ အနုတ် ၅၈ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

အအေးဓာတ်စံချိန်တင်မြင့်မားနိုင်သည့်ပြည်နယ်များတွင် မွန်တာနာပြည်နယ်၊ တောင်ပိုင်းဒါကိုတာပြည်နယ်နှင့် မြောက်ပိုင်းဒါကိုတာပြည်နယ်တို့လည်း ပါဝင်ကြောင်း၊ ဆီးနှင်းများ ထူထပ်စွာကျဆင်းပြီး အအေးဓာတ် မြင့်မားမှုကြောင့် ပြည်တွင်း၊ ပြည်ပ လေကြောင်းခရီးစဉ်တချို့ ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ အအေးဓာတ်မြင့်တက်မှုကြောင့် အိုရီဂွန်ပြည်နယ်တွင်လည်း လျှပ်စစ်မီးပြတ်တောက်မှုဖြင့်ရင်ဆိုင်နေရသည့် နေအိမ်ပေါင်း ၁၀၀၀၀ ကျော်ထိရှိနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရုရှားနိုင်ငံတွင် အပူပေးစနစ်ချို့ယွင်းမှုကြောင့် ရေပူများလျှံတက်ပြီး ပြည်သူများအပူလောင်မှုဖြစ်ပွား

**မော်စကို ဇန်နဝါရီ ၁၇**

ရုရှားနိုင်ငံ အလယ်ပိုင်းရှိ Nizhny Novgorod မြို့၌ ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက မြို့ကို အပူပေးလျက်ရှိသော ပိုက်လိုင်းစနစ်တစ်ခုချို့ယွင်းမှုကြောင့် လမ်းများပေါ်သို့ ရေပူများလျှံတက်ပြီး ဒေသခံပြည်သူအများအပြား အပူလောင်မှုဖြစ်ပွားခဲ့ကြောင်း အဆိုပါ အပူပေးလိုင်းစနစ်ကို တာဝန်ခံတည်ဆောက်ထားသော Teploenergo ကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

အပူပေးစနစ်ချို့ယွင်းမှုကြောင့် ဆူပွက်နေသောရေများ လမ်းများပေါ်သို့ လျှံတက်ခဲ့ရာ နှင်းများထူထပ်စွာကျရောက်လျက်ရှိသော လမ်းများပေါ်တွင် သွားလာနေကြသည့် ဒေသခံပြည်သူအများအပြား အပူလောင်မှုဖြစ်ပွားခဲ့ပြီး ကလေးတစ်ဦးအပါအဝင် ၁၀ ဦးကို ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း သိရသည်။

"အပူပေးစနစ် ချို့ယွင်းမှုကြောင့် ရေပူတွေ လမ်းမပေါ်ကို လျှံတက်လာတာကြောင့် လမ်းသွားလမ်းလာတွေ အပူလောင်မှုဖြစ်ပွားခဲ့ပြီး ကလေးငယ်တစ်ယောက်ဆေးရုံတင်ထားရကာ ကျန်ကိုးယောက်ကတော့ ပြင်ပလူနာဌာနမှာ ကုသမှုခံယူနေရပါတယ်။ ထိခိုက်နစ်နာသူအားလုံးကို ကုမ္ပဏီအနေနဲ့ တာဝန်ယူဆောင်ရွက်ပေးသွားမှာပါ"ဟု Teploenergo ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Ilya Khalturin က ပြောကြားခဲ့သည်။


အဆိုပါ အပူပေးစနစ်ချို့ယွင်းမှုကြောင့် မြို့တွင်းရှိ တိုက်ခန်းပေါင်း ၂၀ ကျော်တွင် နေထိုင်လျက်ရှိသော လူဦးရေ ၃၀၀၀ ကျော်မှာတိုက်ခန်းများအတွင်း အပူငွေ့ပြတ်တောက်မှုကြောင့် အအေးဒဏ်ကိုခံစားခဲ့ကြရပြီး Teploenergo ကုမ္ပဏီအနေဖြင့် ပြုပြင်မှုများအမြန်ဆုံးလုပ်ဆောင်ခဲ့ရာ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပြုပြင်မှုများပြီးဆုံးခဲ့ပြီး အပူငွေ့ပေးခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိသည်ဟု သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

0 w Kv H @

# စေတနာရဲ့နောက်ကွယ်

စံပြာနီထွန်း



(၁)

"မင်းကွာ အဲဒီလောက်တုံးရသလား"

"ရှင်ပဲ ကျွန်မကိုအမြဲပြောနေ။ ကျွန်မတုံးတာမဟုတ်ဘူး။ စေတနာထားတာတော့ စေတနာထားတာ"

"မင်းစေတနာဟုတ်လား ငါမပြောချင်တော့ဘူး မိန်းမရာ။ ဝေဒနာမဖြစ်ပါစေနဲ့လို့ ငါပြောလိုက်ချင်ပါရဲ့"

"တော်ပြီ ကိုဇော်။ ယောကျ်ားတန်မဲ့စကားတွေ တအားလာလာမပြောပါနဲ့"

"မင်းကွာ ပြောလဲဘယ်တော့မှနားလည်မဲ့ မိန်းမမဟုတ်ဘူး"

အိမ်နောက်ဖေးဘက်မီးဖိုချောင်မှာချွေးတလုံးလုံးနဲ့ချက်ပြုတ်နေတဲ့မိန်းမဖြစ်သူ မဦးကိုကြည့်ပြီး ကိုဇော်ထိုက် မနေနိုင်မထိုင်နိုင်သွားပြောနေတာပါ။ နှစ်ယောက်သားပြောနေတာ အသံကျယ်ကျယ်တော့မဟုတ်။

အိမ်ထောင်စကျကတည်းက အိမ်ခွဲမထွက်ဘဲ အဖေ့ကိုစိတ်မချလို့ဆိုတဲ့ခေါင်းစဉ်အောက်မှာ မဦးတို့မိသားစုနဲ့အတူ ကိုဇော်ထိုက် လိုက်ပါ နေထိုင်ခဲ့ရတာပါ။ ကိုဇော်ထိုက် ငွေမရှာနိုင်လို့မဟုတ်ခဲ့သလို အိမ်ငှားမနေနိုင်လို့လဲမဟုတ်ခဲ့။ မဦးဆန္ဒကို ဦးစားပေးခဲ့သူ ကိုဇော်ထိုက်ပါ။ အခုတော့ကိုဇော်ထိုက် ပေါက်ကွဲနေရပါပြီ။ အရင်ကတော့ ကိုဇော်ထိုက်တို့လင်မယားနဲ့ မဦးအဖေပဲရှိလို့ ပြဿနာမရှိ။ နောက်ပိုင်းမှာ မဦးအစ်ကိုနှစ်ယောက် အိမ်ထောင်သည်လင်မယား စုံတွဲနှစ်တွဲစလုံး အိမ်ပေါ်ရောက်လာတော့တာကစပြီး မဦးနဲ့ ကိုဇော်ထိုက်တို့ စစ်အေးတိုက်ပွဲ အစပြုခဲ့ရပါပြီ။

"ဘယ့်နှယ်ဗျာ မဦးအစ်ကိုနှစ်ယောက်ရဲ့မယားနှစ်ယောက်စလုံး စားဖို့အဆင်သင့်ဖြစ်မှ လက်ဆေးထမင်းစားရုံ။ မဦးတစ်ယောက်ထဲ မိသားစုသုံးစုစာ ဒိုင်ခံချက်ပြုတ်ပေးနေတာ သူတို့မှအားမနာဗျာ။ မိန်းမဖြစ်သူ မဦးကလဲ မဦးပါပဲ။ သူ့အစ်ကိုတွေ ရောက်လာတော့ ပျော်နေတာမပြောပါဘူး။ ဟိုက မယားတွေပါလာကြတာပဲ ချက်ကြပြုတ်ကြပေါ့"

"ယောက်မလေးချက်တာ တအားကောင်းတာပဲ"

"အမယ်လေး မဦးလက်ရာက တကယ့်ထိပ်တန်း"

ဒီစကားတွေနဲ့ မဦးကိုခိုင်းစားနေကြတာ။ ဒီကယောကျ်ားက မနေနိုင်လို့ပြောတော့ စေတနာကနေ ဝေဒနာနှစ်ထပ်ကွမ်း။

(၂)

"မဦးရာ ကို အလုပ်နားရက် ကို့အနားမှာနားနေနေ နေပေးပါလားကွာ"

"နေမှာပါ ကိုဇော်ရယ်။ အခုလောလောဆယ်တော့ မဦး ဈေးသွားပါရစေအုံးနော်။ အဖေ့ကို တစ်ချက်လောက် သွားကြည့်ထားပေးနော် ကိုဇော်"

ပြောပြောဆိုဆို မျက်စောင်းလေးထိုး အပြုံးလေးဝင့်ပြီး ထထွက်သွားတဲ့ မဦးကိုကြည့်ရင်း ကိုဇော်ထိုက် သက်ပြင်းမောချရုံသာ။

"ကိုဇော်ရေ ကိုဇော်"

"လာပြီ မဦးရေ လာပြီ"

ပြည့်လျှံနေတဲ့ဈေးခြင်းတောင်းကတစ်ဖက် နောက်လက်တစ်ဖက်က ငှက်ပျောသီးနှစ်ဖီး ထောပတ်သီးတွေ ထည့်ထားတဲ့အိတ်ကို ကိုဇော်ထိုက်လက်ထဲထိုးထည့်ပေးလိုက်ပြီး နောက်ကဆန်အိတ်ထမ်းပြီးလိုက်လာတဲ့ဆိုက်ကားသမားကို နေရာပြဖို့ ခပ်သုတ်သုတ် အပြေးကလေးနဲ့ မီးဖိုချောင်ထဲဝင်သွားသူ မဦး။ မဦး နောက်ကျောမှာချွေးတွေရွှဲလို့။ တစ်ခုခုဆို ကိုဇော်ရေ ကိုဇော်နဲ့ အော်တတ်သူ။ သူ့ယောက်မတွေကို တစ်ခွန်းမခေါ်တတ်။ ယောက်မတွေက မဦးကို အပြောချိုချိုနဲ့ ခိုင်းစားကောင်းနေကြတာ။ ဒီမောင်မှာသာ မနေသာ။

"မဦး ကိုတို့ အိမ်ခွဲနေကြရအောင်"

"အဖေ့ကို ဘယ်လိုလုပ်မလဲ"

"အဖေ့ကိုလဲ ခေါ်လာခဲ့ပေါ့"

"မဖြစ်ပါဘူး ကိုဇော်ထိုက်ရယ်။ ဒီအိမ်မှာ မဦးမရှိရင်"

"မင်း ဒီလိုနဲ့ဘုံကျွန်ဖြစ်နေအုံးမှာ"

"ကိုဇော်ထိုက်"

"ဘာလဲ ကိုပြောတာ မင်း နားမလည်ဘူးလား။ ထပ်ပြောရအုံးမှာလား"

"ရှင်နော် ရှင်။ မဦးကို စော်ကားတာများနေပြီ"

"စော်ကားနေတာကမင်းကွ။ မင်းအတွက် ပြောလို့ ပြောနေမှန်းမသိ ငါ့ကိုစော်ကားနေတာ မင်း"

"မင်း အဲဒီလောက် မင်းအစ်ကိုတွေကို ကြောက်နေရတာလား"

"ရှင် မဟုတ်တာ မဆိုင်တာတွေလာပြောမနေနဲ့။ ရှင့်မှာ ညီမ မရှိလို့ ဒီစကားပြောနေတာ"

ဇော်ထိုက်စိတ်ပေါက်ပေါက်နဲ့ အဲဒီနေ့ည အိမ်ပြန်မအိပ်တော့ဘဲ သူငယ်ချင်းလူပျိုကြီး ဘသိန်း အိမ်သွားအိပ်လိုက်ပါတော့တယ်။

"မင်း ငါ့နေရာက စဉ်းစားကြည့်စမ်းပါကွာ။ ငါ့နားရက်ကလေး မိန်းမနဲ့ချစ်ကြည်နူးတစ်တီတူးရမလား အောက်မေ့ပါတယ် နေ့နေ့ညည မိန်းမက မီးဖိုချောင်ထဲကမထွက် ချွေးတရွှဲရွှဲနဲ့ ညဘက်အိပ်ပြန်ရင်လဲ ပင်ပန်းတယ်ဘာညာပြောပြီးသွားထိလို့မရပြန်။ ဒီကြားထဲ ညရေးညတာ ယောက္ခမကြီး တစ်ခုခုဖြစ်ရင် မဦးအစ်ကိုတွေက သူတို့ပြုစုမယ်မရှိဘူး။ ငါတို့လင်မယားပဲ လှမ်းလှမ်းခေါ်တာ။ ဒါကတော့ ငါကကိုယ့်မိဘရယ်လို့ သဘောထားလို့ထားတော့ ပြဿနာမရှိဘူး။ ပြဿနာက ငါ့မိန်းမ မဦး"

"ဟေ့ကောင် မင်း သောက်တာသိပ်များနေပြီ လျှော့သောက်ပါကွာ။ မင်း မဦး ကလေးမရသေးလို့ ဒီလိုတွေ လုပ်နိုင်နေတာပါကွာ။ မင်းတို့ကလေးယူတော့"

"ကလေးမရှိ မရခင်တောင် ငါတို့လင်မယား ကွဲကြတော့မယ် ထင်ပါတယ်ကွာ"

"တော်ပြီ ဆက်မသောက်တော့နဲ့ အိပ်ကြရအောင်"

(၃)

"မိန်းမရေ မိန်းမ မိန်းမရေ မဦး"

"ဟယ် ရှင် အရက်တွေသောက်လာတယ်ပေါ့"

"ဟာကွာ စကားမများနဲ့ ငါ့ပိုက်ဆံနဲ့ငါသောက်တာကွာ။ မင်းပိုက်ဆံနဲ့မဟုတ်ဘူး ရော့"

"ဘာလဲ ကိုဇော်"

"မင်းအတွက် ကြေးအိုးဝယ်လာတာ"

"အလကားပိုက်ဆံအကုန်ခံလို့ ကိုဇော်ရယ်။ အိမ်မှာ စားစရာတွေမှအများကြီး"

"မင်းကွာ ငါ စေတနာနဲ့ဝယ်လာတာကွ။ ရတယ် မကြိုက်ရင် ပေး"

"ဗိုး"

"ရှင် ရှင်ဘာလုပ်"

"မင်းမှ မစားတာ ငါဘာလုပ်ရမှာလဲ လွှင့်ပစ်ရုံပဲရှိတော့တာပေါ့"

"ရှင် ရှင်"

"ညီမလေးတို့ မအိပ်ကြသေးဘူးလား"

အိမ်ထဲကအစ်ကိုကြီးလှမ်းအော်သံကြားမှ မဦးနဲ့ ကိုဇော် စကားဆက်မများကြတော့ဘဲ တိတ်တဆိတ်အိပ်ရာထဲဝင် တစ်ယောက်နဲ့တစ်ယောက်ကျောပေးအိပ်လိုက်ကြပါတော့တယ်။ အက်ကြောင်းတွေထပ်လာတဲ့ အိမ်ထောင်ရေးဟာ သာယာမှုကင်းလို့ အရင်လိုစကားမများကြတော့ဘဲ တိတ်ဆိတ်မှုတွေထိ။

"ဝေါ့ ဝေါ့"

"ဟယ် မဦး ဘာဖြစ်တာလဲ"

"ယောက်မလေးရယ် ဒီမှာထမင်းစားနေကြတာကို အသံအကျယ်ကြီးနဲ့"

"မေမေ သားသား ရွံတယ်။ အန်တီဦး အန်နေတာ ထမင်းမစားတော့ဘူး"

"ဟဲ့ ဩော်. . ."

"သမီးရေ မဦး"

"ဟုတ်ကဲ့အဖေ လာပါပြီ"

"သမီးနေမကောင်းဖြစ်နေတာလား။ သားငယ်မျိုးထွဋ်ကိုပဲ ဆေးအိုးသွန်ခိုင်းလိုက်မယ်"

"နေပါအဖေရယ် ဟိုမှာထမင်းစားနေကြတာ။ သမီးအန်တာတောင် မကျေမနပ်နဲ့ အသံကြားရလို့တဲ့"

"ငါ့သမီးလေးရယ်"

အဖေ့ကရုဏာစကားတွေကို မဦး မကြားလိုပါ။ အဖေမကျန်းမာချိန်မှာ ပြုစုမပေးကြတဲ့ အစ်ကိုနှစ်ယောက်ကို မဦးစိတ်ထဲ မကျေနပ်မိ။

အစ်ကိုနှစ်ယောက်စလုံးက အဖေ့ကို မပြုစု မနွေးထွေးကြတော့ ယောက်မတွေပါ အဖေ့ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့ မထင်ကြတာမဆန်း။ တစ်ခါတလေ အစ်ကိုတို့မိသားစုတွေ အပြင်က စားစရာတွေ ဝယ်လာရင် သူတို့အခန်းထဲကိုပဲ အသီးသီးယူသွားပြီး ဇိုက်စားနေကြတာ မဦး သိလာပါပြီ။ ကိုယ်က စေတနာထားတာတောင် စေတနာပြန်ထားရကောင်းမှန်း မသိကြပါလားလို့သာ။

(၄)

ကိုဇော်ထိုက် အိမ်ပြန်မအိပ်တာတစ်ပတ်တိတိ။ မဦးမှာ တမျှော်မျှော်။ မျှော်ပေမဲ့ ပေါ်မလာ။

"မဦးရေ မဦး"

"ဟယ် ကိုဘသိန်းပါလား။ ဘာကိစ္စလဲ ဖုန်းမဆက် ဘာမဆက်"

"မဦး အားတယ်မလား။ ဖုန်းထဲပြောလို့မကောင်းဘူး။ အရေးကြီးကိစ္စ စကားပြောစရာရှိလို့။ ဟိုကောင် ဇော်ထိုက်"

"ဟင် အဲဒါဆိုအပြင်သွားပြောကြရအောင်"

"ဇော်ထိုက်လေ ဇော်ထိုက် မဦးကို မကျေနပ်အရွဲ့တိုက်ကောင်းလို့ ကေတီဗီက ကောင်မကလေးတစ်ယောက်နဲ့ ပတ်ရှုပ်မိတာ ဟိုကောင်မကလေးက အလိမ်ဇယားနဲ့ ချူဆီထည့်လိုက်တာ ဇော်ထိုက် သိန်း၅၀ လောက် အလျှော်ပေးလိုက်ရတယ် မဦး။ အဲဒါ"

"ကိုဇော်ထိုက်က အိမ်ပြန်မအိပ်တာကြာပြီကိုဘသိန်း။ မဦးလဲ ကိုဇော်ခြေလှမ်းတွေပျက်နေတာ သတိထားမိပါတယ်။ ကျန်းမာရေးက သိပ်မကောင်း အဖေကတစ်ဖက် မိသားစုအတွက်ချက်ရေးပြုတ်ရေးကတစ်ဖက်နဲ့ အချိန်တန် ကိုဇော်နားလည်လာလိမ့်မယ်ဆိုပြီး မဦး ခွင့်လွှတ်ထားတာပါ။ အခုတော့"

ပြောရင်းအသံတိမ်ဝင်ပြီး မျက်ရည်တွေ ကျလာတဲ့ မဦး။

"မငိုနဲ့ မဦး။ ဟိုကောင်ဇော်ထိုက် နောင်တရနေပါပြီ။ မဦးကိုလဲ ငဇော်က ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့သလိုဖြစ်နေရလို့ ကြားထဲက ငါကပဲ လာပြောရတာပါ။ မဦး ခွင့်လွှတ်ရင် ဟိုကောင်ငဇော်က သူဝယ်ထားတဲ့အိမ်လေးမှာ နှစ်ယောက်အတူနေချင်ပါတယ်တဲ့။ နောက်ပြီး မဦးအဖေကိုပါ ခေါ်လာခဲ့ပါတဲ့။ သူ အတိုးချပြီး မဦး အချစ်ကြွေးတွေ ပြန်ဆပ်ချင်ပါတယ်တဲ့"

"မဦး မဦးစဉ်းစားလိုက်ပါအုံးမယ်"

"ငါကတော့ အမှားလေးတစ်ခုနဲ့ နင်တို့အိမ်ထောင်ရေးမပြိုကွဲစေချင်ပါဘူးဟာ။ ငဇော်လဲ အရင်က ဒီလိုတစ်ခါမှဖောက်ပြန်ခဲ့သူ မဟုတ်ပါဘူးဟာ။ အရွဲ့တိုက်ပြီး အမှားလုပ်မိခဲ့တာ။ ငရဲပန်းကို ရွှေပန်းထင်ပြီး ပန်လိုက်တာမှာ သူ့လောက်အနာတရဖြစ်နေတာ သူပဲရှိတယ်။ မဦးကို တောင်းပန်ချင်လိုက်တာလို့ အကြိမ်ကြိမ်ပြောနေတာ မဦးရဲ့။ သူ ငါ့အိမ်မှာရှိတယ် မဦး။ ငါပြောစရာရှိတာ ပြောပြီးပြီ ငါ သွားတော့မယ်ဟာ"

စာမျက်နှာ ၂၅ သို့ ➤

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၁၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖူးစားပြောင်း ဧက ၁၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ ဒီနှစ် ဖူးစားပြောင်းသီးနှံ လျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့လဲ အသိပညာပေးတာတွေလုပ်နေပါတယ်။ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်းစသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

"ဟုတ် ကိုဘသိန်း"

"မဦး သမီး"

"ဟုတ် အဖေ"

"သမီးအိမ်ထောင်ရေး အဆင်မပြေဘူးမလား။ အဖေ သတိထားမိနေတာကြာပါပြီ။ အဖေ့ကြောင့်နဲ့"

"မဟုတ်ဘူးအဖေ။ အဖေ့ကြောင့်မဟုတ်ဘူး"

"အေးပါသမီးရယ် အဖေသိပါတယ်။ အဖေလဲ ပြောချင်နေတာကြာပါပြီ။ သမီးအစ်ကိုတွေကြောင့် သမီးပင်ပန်းနေရတာလဲ အဖေသိပါတယ်။ ဘယ်သူတွေဘယ်လိုဆိုတာလဲ အဖေသိထားတာကြာပါပြီ။ အစိတ ကစေတနာလွန်ရင် ဝေဒနာဆိုတာ နောက်ကကပ်ပါလာတတ်စမြဲပဲသမီး။ သမီးအတွက်ပဲသမီးကြည့်ပါတော့။ ဘယ်လောက်ပဲစေတနာတွေထားထား မသိတတ်တဲ့သူကတော့ သိမှာမဟုတ်ဘူး။ အချို့ကျ အကြောင်းတိုက်ဆိုင်မှ ကျေးဇူးတရားကို နားလည်လာတာမျိုး။ ငါ့သမီး တအား ပင်ပန်းနေရပြီ။ ကိုယ့်တာဝန်နဲ့ဝတ္တရားတွေကိုတောင် မေ့ထားပြီး သူတစ်ပါးနှာခေါင်းပေါက်နဲ့အသက်ရှူနေကြတဲ့လူတွေအတွက် ငါ့သမီး စေတနာမတန်တော့ပါဘူး။ သမီး ဆုံးဖြတ်ချက် ဘယ်လိုချချ သမီးမှန်တယ်။ သမီး ဘက်က အဖေအမြဲရှိနေပေးမယ် ဟုတ်ပြီလား သမီး"

"အဖေရယ်"

အဖေ့လက်ကလေးကိုကိုင်ရင်း မဦး မျက်ရည်ကျလာပါတော့တယ်။

(၅)

"မဦး မိန်းမရယ် မွေးခါနီး ဖွားခါနီး မပေါ့မပါးကြီးနဲ့ ကိုအတွက်ချက်မနေနဲ့။ ကို ဆိုင်ကပဲဝယ်စားလိုက်တော့မယ်"

"အိုတော် ဘယ်ဖြစ်မလဲ။ ရှင် ဆိုင်ကယ်အက်စီးဒင့်ဖြစ်ပြီး ရှင့်ခြေထောက်ကျိုးထားတာ သက်သာသေးတာမဟုတ်ဘူး။ ထိုင်သာနေပါ။ ရှင့်အတွက်ချည်းပဲမဟုတ်ဘူး။ အဖေ့အတွက်ရော"

"မဦးရေ မဦး"

"အယ် အိမ်ရှေ့ကခေါ်သံကြားတယ်။ ဘယ်သူတွေလဲမသိဘူး"

မဦး ပြောပြောဆိုဆိုထွက်ကြည့်တော့ မဦးယောက်မတွေ။ အစ်ကိုကြီးမိန်းမ မငွန်၊ အစ်ကိုငယ် မိန်းမ မငယ်လေးတို့ ထမင်းချိုင့်အသီးသီးနဲ့ ရောက်ချလာကြတာပါလား။

"မဦးအတွက် အစ်မတို့စပယ်ရှယ်ချက်လာတာသိလား။ ဒီမယ် မဦး အရင်ကချက်ကျွေးခဲ့တဲ့ ငါးသလောက်ပေါင်း။ မဦးလက်ရာတော့မီမှာမဟုတ်ဘူးနော်။ မဦးလက်ရာလွမ်းလွန်းလို့ မဦးကိုဟိုနေ့ကမေးပြီး အစ်မချက်လာတာ"

"ဒီမယ် မငယ်လေးကလဲ ကြက်ချိုချဉ်ကြော်၊ အဖေ့အတွက်လဲ ပါတယ်။ ကြက်ဥပေါင်းချက် အဖေကြိုက်တာလေး အစ်မချက်ထားတာ"

အစ်ကိုကြီးမိန်းမနဲ့ အစ်ကိုငယ်ရဲ့မိန်းမနှစ်ယောက်ဟာ မဦး ရှိစဉ်တုန်းကတော့ လက်ဖျားရေဆွတ် စားခဲ့ကြတာ။ မဦး ကိုဇော်ထိုက်နဲ့အိမ်ပြောင်းလာတော့မှ နှစ်ယောက်သား မဦးကို ဟင်းဘယ်လိုချက်ရကြောင်းတွေ ဖုန်းဆက်ပြီးမေးကြ၊ အပြိုင်ချက်ကြ လက်စွမ်းပြနေကြတာ။ မဦးကို ကျေးဇူးတင်ကြောင်းမပြောမိခဲ့ဘဲ ဘာသိဘာသာနေခဲ့မိကြတာတွေကို တောင်းပန်ကြောင်းလဲပါပါရဲ့။ ဘာပဲဖြစ်ဖြစ် မဦး ကျေနပ်ပီတိဖြစ်ရပါတယ်။

နောက်တစ်ပတ်မှာတော့ မဦးတို့မြို့နယ်ဆေးရုံမှာပဲ သားလေးကို မွေးဖွားပြီးနောက် အစ်ကိုကြီးမိန်းမက သူ လက်စွမ်းပြထားတဲ့ဟင်းတွေကို ချိုင့်ကြီးချိုင့်ငယ်နဲ့ထည့်ယူလာရုံမက သားလေးအတွက် အနှီးပိတ်တွေနဲ့ ကလေးမွေ့ရာ၊ ခေါင်းအုံး၊ ကလေးရေချိုးတဘက်ပါ ဝယ်ပြီးလာပေးကြပါတယ်။ မငယ်လေးကကော ဘာထူးလဲ။ ကလေးအတွက် တိုလီမိုလီ ပစ္စည်းမျိုးစုံ ကလေးလက်အိတ်လေးပါ ပါသေး။ မဦးအတွက်က နွားမြီးဟင်းချိုကို ချိုင့်နဲ့အပြည့်ထည့်ယူလာသေးတာလေ။

"မဦးရေ ကလေးမွေးထားတော့ အားကုန်နေမှာ။ အစားကိုများများစားပေး သိလား။ ဆိုင်ကနေ ဝယ်မစားနဲ့ အစ်မ နေ့တိုင်းချက်ယူလာပေးမယ်"

မငယ်လေးကလဲ အားကျမခံ-

"မဦးအတွက် တို့လဲရှိပါသေးတယ်နော်။ မနက်ဖြန် ငွေပန်းဥဟင်းချိုပါ စပယ်ရှယ်ချက်ယူလာခဲ့မယ်။ ကြက်အမွကြော်လေးပါလုပ်ပေးမယ်"

အစ်ကိုနှစ်ယောက်ကလဲ-

"ဇော်ထိုက် မင်းကွာ မဦး မွေးခါနီးမှ ချိုင်းထောက်ကြီးနဲ့။ မင်းကလေး မင်း ချီဖို့မစဉ်းစားနဲ့။ ငါတို့တူကလေး ငါတို့ပဲ တစ်ယောက်တစ်လှည့်ချီပြီး ထိန်းထားပေးမယ်"

"ဟုတ်ကဲ့ပါအစ်ကိုတို့ရာ။ ကျွန်တော်မချီပါဘူး။ သားလေးကို နမ်းပဲနမ်းမှာပါ"

"ဟား ဟား ဟား"

"ခစ်ခစ်ခစ်"

ကိုဇော်ထိုက် မဦးအစ်ကိုတွေနဲ့ ယောက်မတွေကြားကနေ မဦးကို လှမ်းကြည့်မိလိုက်တော့ မဦးခမျာ ပီတိမျက်ရည်တွေနဲ့ပါလား။ အိမ်မှာရှိနေတဲ့ မဦးအဖေ ယောက္ခမကြီးလဲ မဦးရဲ့စေတနာတွေဟာ အခုလိုရောင်ပြန်ဟပ်ခံနေရပြီဆိုတာသိရင် အင်မတန်ဝမ်းသာနေရှာမှာလို့ ကိုဇော်ထိုက် တွေးမိလိုက်ပါတော့တယ်။

ဇော်ထိုက်အနေနဲ့ကတော့ စေတနာမေတ္တာအပြည့်ထားတတ်ပြီး မိဘအပေါ် သိတတ်လွန်းတဲ့၊ ခွင့်လွှတ်သည်းခံတတ်တဲ့၊ တာဝန်ကျေလွန်းတတ်တဲ့ မဦးလိုမိန်းမကို ဇော်ထိုက်တစ်ဘဝလုံး အတိုးချပြီး သစ္စာမပျက် မြတ်နိုးတန်ဖိုးထားချစ်ခင်သွားမယ်၊ သားလေးအတွက် ဖခင်ကောင်းဖြစ်စေရမယ်လို့ စိတ်ထဲကနေ မဦးကို ကတိအကြိမ်ကြိမ်ပေးနေမိပါတော့သည်။

---

## မြန်မာ့မြေမှ ဖိတ်ခေါ်သံ

\- နှင်းမှုန်ဖြူလွ ဆောင်းမြပြမှာ
လှပစွာဆင့် ချယ်ရီပွင့်နှင့်
တောင်မြင့်ရံကာ မြူဇာလွှာကြား
ရိုးရာဂီတ တေးသီကကာ
ရှုကြအဆွေ တို့ဌာနေအား
လာလေဖိတ်ခေါ် တူနွဲပျော်ရန်
တောင်ပေါ်သားတို့ ဖိတ်ခေါ်သံ။

\- ဒိုးပတ် အိုးစည် သံစုံမြည်၍
နေခြည်နုနု ဆောင်းရတုမှာ
ရှင်ပြုအလှူ သဒ္ဒါဖြူစွာ
တူယှဉ်ဆင်နွှဲ ရိုးရာပွဲမို့
ခြိမ့်သဲတူပြိုင် နွှဲပျော်နိုင်၍
ကြိုင်လှိုင်သင်းထုံ မြန်မာ့ဂုဏ်ကို
ကြည်ယုံမွေ့စွာ လာလည်ပါရန်
ရွှေညာမြေမှ ဖိတ်ခေါ်သံ။

\- ဖော်ရွေပျူငှာ မိတ်သဟာကို
ချိုသာယဉ်ကျေး ညွှေ့ခံကျွေး၍
ဆိုတေးသံသာ ဖျော်ဖြေကာဖြင့်
ပျော်ပါစေကြောင်း မေတ္တာလောင်း၍
စုပေါင်းဆင်နွှဲ ရိုးရာပွဲကို
တူနွဲဆင်ရန် ဖိတ်ခေါ်သံကား
နဘံခြိမ့်အုန်း မိုးအဖုံးမျှ
ပတ်ကုံးဝန်းကျင် ကမ္ဘာခွင်ထိ
ပဲ့တင်ထပ်ပွား ကြားသတည်း။ ။

**မောင်လေပြေ(တောင်တွင်း)**

---

# မြို့သစ်မြို့နယ် မကြီးချို(မ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မကြီးချို(မ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မကြီးချို(မ)ကျေးရွာ၌ လမ်း အရှည် ၆၆၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုး ငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆ သန်း အသုံးပြုကာ မကြီးချို(မ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့်ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိအိမ်ခြေ ၅၁၄ အိမ်၊ လူ ၂၅၇၆ ဦးတို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အိမိုးမိုး**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# အိန္ဒိယနိုင်ငံအတွက်အရေးကြီးသည့် ရေအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှုများ

'ရေ' အသက်တစ်မနက်ဟုဆိုကြသည်။ လူတစ်ဦးချင်းစီအတွက်သာမက နိုင်ငံတစ်နိုင်ငံချင်းစီအလိုက်ပါ 'ရေ' အရင်းအမြစ်၊ 'ရေ'စီမံခန့်ခွဲမှုက အရေးကြီးပါသည်။ အိန္ဒိယနိုင်ငံနှင့်ပတ်သက်လာလျှင် ယမုံနာမြစ်က အများကြားဖူးကြသည်။ မြန်မာဆန်သည့်အမည်ဖြစ်သည်။ နှစ်ပေါင်း ၄၀၀ နီးပါးသက်တမ်းရှိသည့် အိန္ဒိယနိုင်ငံဂုဏ်ဆောင် ဒေလီမြို့ခံတပ်နီ (Red Fort) ကြီးဘေးမှ ယမုံနာမြစ်ကဖြတ်သန်းသွားသည်။ တောင်ဘက်ကိုဆင်းလာလိုက်လျှင် နာမည်ကျော်တဂျ်မဟာအဆောက်အအုံကြီးအနီးမှလည်း ယမုံနာက ဖြတ်သန်းသွားသည်။

အိန္ဒိယ၏နာမည်ကျော်ယမုံနာမြစ်သည် လက်ရှိကာလတွင် အမှိုက်သရိုက်များဖြင့် ညစ်နွမ်းနေသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်းက မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေလီနှင့်ကပ်နေသည့် ဟာရာနာပြည်နယ်မှမိုးရေများသည် ယမုံနာမြစ်ကို လျှံတက်ပြီး ဒေလီမြို့အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေခဲ့သည်။ ယမုံနာမြစ်ရေမြင့်တက်လာမှုက ခံတပ်နီကြီး၏ ၁၉ ရာစုရှေးဟောင်းပန်းချီများမှာ ရေးဆွဲထားသည့် လက်ရာများအတိုင်းဖြစ်လာရပြီး ယမုံနာ၏အတိတ်ကမြစ်ကြောင်းကို ပြန်အမှတ်ရစေသည်ဟုပင်ဆိုကြသည်။

ယမုံနာမြစ်၏ မြစ်ဖျားခံရာက ဟိမဝန္တာအောက်ဘက်ပိုင်းတောင်တန်းများမှဖြစ်သည်။ ရေခဲတောင်များအရည်ပျော်ရာမှ ယမုံနာမြစ်ဖြစ်လာသည်။ ဟိမဝန္တာမှသည် တောင်ဘက်ပိုင်းသို့ ကီလိုမီတာ ၁၃၇၀ ကျော် စီးဆင်းလာခဲ့ပြီးမှ အက်တာပရာဒက်ရှ်ပြည်နယ်တောင်ပိုင်း၊ ပရာယာဂရတ်ချ်မြို့ရောက်ခါမှ ဂင်္ဂါမြစ်နှင့်ပေါင်းစုံသွားသည်။ ဒေလီမြို့၏ယမုံနာမြစ်ကမ်းမေးတင်အစိတ်အပိုင်းက ကီလိုမီတာ ၂၀ မျှသာဖြစ်သည်။ ထိုအကွာအဝေးက ယမုံနာမြစ်ကြီးတစ်ခုလုံး၏ နှစ် ရာခိုင်နှုန်းသာရှိသည်။

ယမုံနာမြစ်ကို ဒေလီကပိုင်ဆိုင်သည့် ကီလိုမီတာ ၂၀ အတွင်းမှာပင် ယမုံနာမြစ်ကြီးတစ်ခုလုံး၏ အညစ်အကြေး ၈၀ ရာခိုင်နှုန်းခန့်ကို ဒေလီမြို့ခံများက သွန်ချပစ်လိုက်သည်။ အချို့ရာသီများတွင် ဒေလီမြို့ရှိ ယမုံနာမြစ်အတွင်း စက်မှုဇုန်များမှပစ်လိုက်သည့် အညစ်အကြေးများ၊ လူများပစ်လိုက်သည့် အမှိုက်များကရောနှောပြီး ပေါလောပေါ်နေသည်ကို တွေ့နိုင်သည်။ သတင်းစာများတွင် နံနက်စောစော ယမုံနာမြစ်ထဲဘုရားရှိခိုးဆင်းကြသည့် ဟိန္ဒူဘာသာဝင်များကို ဖူးလောက်နက်သည့်မြစ်ရေပြင်အမှိုက်များကြားအမြဲတွေ့ကြရသည်။

ဒေလီမြို့၏အနောက်ဘက် ဟာရာနာပြည်နယ်နှင့်အရှေ့ဘက်မှ အက်တာပရာဒက်ရှ်ပြည်နယ်တို့၏ နယ်ခြားမျဉ်းက ယမုံနာမြစ်ဖြစ်သည်။ ဟာရာနာပြည်နယ်က စပါးအကြီးအကျယ်စိုက်သည်။ လိုအပ်သည့်ရေကို မြေအောက်ရေမှထုတ်ယူသည်။ ထိုသို့မြေအောက်ရေတင်နိုင်ရေး အစိုးရက လျှပ်စစ်မီးအခမဲ့ပေးထားသည်။ ထိုသို့ မြေအောက်ရေသုံးစွဲမှုများကြောင့် ၁၉၉၀ ပြည့်လွန်နှစ်များမှ ၂၀၀၀ ပြည့်လွန်နှစ်များကြား မြေအောက်ရေပမာဏ သိသိသာသာ လျော့နည်းသွားသည်။ ယခင်က စပါးစိုက်ရာသီကို မေလတွင် စတင်လေ့ရှိသည်။ ၂၀၀၉ ခုနှစ်တွင် မုတ်သုံမိုးရလာမည့် ဇွန်လလယ်မှသာ စပါးစတင်စိုက်ပျိုးခွင့်ပြုလာသည်။

စပါးစိုက်ရာသီကို နောက်ဆုတ်လိုက်သဖြင့် ဂျုံစိုက်ရာသီနှင့်နီးကပ်သွားသည်။ ပုံမှန်အားဖြင့် ဂျုံကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးလေ့ရှိသည်။ ဂျုံကို အချိန်မီ စိုက်ပျိုးနိုင်စေရေး စပါးခင်းများကို အမြန်ရှင်းလင်းရန်လိုလာသည်။ လယ်ကွက်များကို အမြန်ဆုံးရှင်းနိုင်ရန် အသက်သာဆုံး နည်းလမ်းက မီးရှို့



အိန္ဒိယနိုင်ငံရှိ အမှိုက်များဖြင့်ညစ်ညမ်းနေသည့် ယမုံနာမြစ်။

လိုက်ခြင်းဖြစ်သည်။ သည်လိုနှင့် ဆောင်းဦးရာသီကာလများတွင် အိန္ဒိယမြောက်ပိုင်းပြည်နယ်များအားလုံး လယ်ကွက်များမီးရှို့ရာမှ ထွက်လာသည့် ဖုန်နှင့် အမှိုက်ငွေ့များကို တောက်လျှောက်ရှူရှိုက်နေကြရတော့သည်။ မီးခိုးငွေ့များက အပူချိန်နှင့်လေကြောင်းပြောင်းလဲမှုများကိုလည်း ဖြစ်စေသည်။

ဆောင်းဦးကာလများဆိုလျှင် မီးခိုးများအုပ်ဆိုင်းနေသည့် အိန္ဒိယမြောက်ပိုင်းပြည်နယ်များတွင် စာသင်ကျောင်းများပိတ်ရတတ်သည်။ လေကြောင်းလိုင်းများရပ်ရသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်များလည်း နားထားရသည်။ ဆေးရုံ၊ ဆေးခန်းများတွင်လည်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့်ရောက်လာကြသူများသည်။ ဒေလီမြို့၌နေထိုင်သူတိုင်း၄င်းတို့သက်တမ်း၏ ၁၂ နှစ်တာကာလခန့်ကို လေထုညစ်ညမ်းမှုများကြောင့်ဆုံးရှုံးနေရကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ထုတ်ထားသည်။

နဂိုကတည်းက ရေထု၊လေထုညစ်ညမ်းမှုပြဿနာများရှိပြီးဖြစ်သည့် အိန္ဒိယနိုင်ငံအဖို့ ကမ္ဘာကြီး၏ရာသီဥတုပြောင်းလဲမှုအခြေအနေများက ထပ်ဆင့်ဖိအားပေးလိုက်သည့်အခါ အလွန်အမင်းရေကြီးရေလျှံမှုများ ခပ်စိပ်စိပ်ဖြစ်လာတော့သည်။ ဒေလီမြို့ဆိုလျှင် ဇူလိုင်လအတွင်း ရေကြီးမှုကိုအတော်လေးခံလိုက်ရသည်။ ၂၀၁၈ ခုနှစ်က အိန္ဒိယတောင်ပိုင်းကာလာရာမြို့တွင် နှစ်ပေါင်းတစ်ရာအတွင်း အဆိုးရွားဆုံးသောရေကြီးရေလျှံမှုဖြစ်ခဲ့သည်။ မြို့ခံလူဦးရေတစ်သန်းကျော်ကို ကုန်းမြင့်ပိုင်းနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ကာလာရာမြို့၏ ဒုက္ခကထိုမျှနှင့်ရပ်မသွား။ ရေကြီးမှုကြောင့် မြို့၏မြစ်ကမ်းနေရာ၆၀ရာခိုင်နှုန်းခန့် ပျက်စီးသွားခဲ့သည်။ ယခင်က ငါးဖမ်းနေရာများ နေရာရွှေ့သွားသည်။ တံငါသည်တစ်သန်းနှင့်၎င်းတို့မိသားစုများ၏ဘဝများ ထိခိုက်နစ်နာသွားခဲ့ရသည်။

ကုန်းတွင်းပိုင်းမြို့များသာ ရေကြီးရေလျှံမှုအန္တရာယ်ရှိသည်မဟုတ်။ ပင်လယ်ကမ်းစပ်မြို့ကြီးများတွင်လည်း ပင်လယ်ရေမြင့်တက်လာမည့်အန္တရာယ်ဆိုးကြီးရှိနေသေးသည်။ ဘင်္ဂလားပင်လယ်အော်ကို မေးတင်ထားသည့်ချနိုင်းမြို့နှင့်ဟူဂလီမြစ်ကမ်းပါးက ပင်လယ်နှင့်နီးသည့် ကိုးလ်ကတ္တားမြို့သည်လည်း လာမည့်ဆယ်စုနှစ်များတွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ပင်လယ်ရေများက မြေအောက်ရေချိုဒေသများထဲစီးဝင်လာခြင်းကလည်း ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သည့် သစ်တောရွှေ့လျားမှုဖြစ်စဉ်များပေါ်ပေါက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင်ရှိပြီး ဆန်ဒါဘန်အမည်ရ ကမ္ဘာ့အကြီးဆုံးဒီရေတောကြီးမှာ ရာသီဥတုပြောင်းလဲမှုကြောင့် ကိုးလ်ကတ္တားမြို့အနီးသို့ ရွှေ့လျားလာကြောင်း တွေ့ရသည်။

ဘာသာရေးဆိုင်ရာ၊ ကိုးကွယ်မှုဆိုင်ရာများအရ နာမည်ကျော်သည့်ဂင်္ဂါမြစ်ကြီး ပြန်လည်သန့်ရှင်းစေမည့်စီမံချက်များကို ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက စတင်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်ကစပြီး ဂင်္ဂါမြစ်အတွင်း ရေဆိုးများသန့်စင်ရေးစီမံချက်များကို အမေရိကန်ဒေါ်လာသန်းသုံးထောင်ထိ အကုန်အကျခံပြီး ဆောင်ရွက်နေကြသည်။ သို့သော် မြစ်ရေညစ်နွမ်းမှုအနေအထားက ဆိုးရွားနေဆဲဖြစ်သည်။ ဆောင်ရွက်ချက်များ၊ အသုံးစရိတ်စီမံခန့်ခွဲပုံများက ထင်သာမြင်သာရှိစေရန်လိုအပ်သည်။ အများက ရွေးချယ်တင်မြှောက်ထားပြီးလုပ်နိုင်စွမ်းရှိသူများကို ခန့်အပ်ထားရန်လည်း လိုသေးသည်။

အိန္ဒိယ၏ "ရေ"စီမံခန့်ခွဲမှုအတွက် သိပ္ပံပညာအသုံးချဆောင်ရွက်နေခြင်းလည်းရှိသည်။ အိန္ဒိယနိုင်ငံ ကမ္ဘာ့သိပ္ပံရေးရာဝန်ကြီးဌာနသည် မုတ်သုံရာသီကို ထိန်းကျောင်းနိုင်ရန်အတွက် သုတေသနများစွာဆောင်ရွက်လျက်ရှိသည်။ မိုးရွာသွန်းမှုများလာသည်နှင့် အန္တရာယ်ကြိုတင်သတိပေးမှုများ အလိုအလျောက်လုပ်ပေးနိုင်မည့်စနစ်ကို တီထွင်နေသည်။ အိန္ဒိယကမ်းရိုးတန်းတစ်လျှောက် ရေတိုက်စားမှုများကာကွယ်နိုင်ရေး ကမ်းရိုးတန်းများ၏ အသေးစိတ်တည်ရှိနေပုံများ၊ ပင်လယ်ရေထိန်းတမံများဆောက်လုပ်ရာတွင် အသုံးပြုသင့်သည့် နည်းပညာသစ်များ၊ ကမ်းနီးပင်လယ်လှိုင်းရိုက်ခတ်မှု ပုံသဏ္ဍာန်များနှင့်ပတ်သက်ပြီး သုတေသနပြုလုပ်နေကြသည်။

လူတို့အတွက် "ရေချို" အရေးကြီးသည်။ ပျောက်ပျက်ကုန်ဆုံးသွားတတ်သည့်အရာဖြစ်ခြင်းကြောင့်လည်း စနစ်တကျသုံးစွဲထိန်းသိမ်းသင့်သည်။ အိန္ဒိယတောင်ပိုင်းမှ ဘန်ဂါလူရူမြို့ခံအဖွဲ့အစည်းတချို့သည် မြို့တွင်းမှ ရေချိုများထိန်းသိမ်းတတ်ရေး၊ စနစ်တကျသုံးစွဲတတ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေကြသည်။ ရာဂျတ်စတန်နှင့်ဂူဂျာရတ်မြို့များကဲ့သို့ ကန္တာရဆန်သည့်မြို့များတွင်လည်း မိုးရေကိုခံယူပြီး ရေသွင်းစိုက်ပျိုးရေးဆောင်ရွက်နိုင်ရန် ကြံစည်နေကြသည်။ အမှန်တော့ ၎င်းမြို့များမှာ ရှေးယခင်ကတည်းက မိုးရေကိုခံယူသိုမှီးထားပြီး စိုက်ပျိုးရေးလုပ်ခဲ့ကြသည့် အစဉ်အလာရှိသည်။

"သောက်သုံးရေ"ကို တာရှည်လုံလောက်စွာရရှိနိုင်ရေးဆောင်ရွက်ချက်များသည် စိုက်ပျိုးရေး၊ နိုင်ငံရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရွှေ့ပြောင်းနေထိုင်မှုစသည်များနှင့်ဆက်စပ်လျက်ရှိသည်။ မူဝါဒများချမှတ်ရာတွင်လည်း စိတ်စေတနာထားရန်လိုအပ်သကဲ့သို့ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ရန်လိုအပ်သည်။ ရေသွင်းစိုက်ပျိုးနိုင်ရေး စက်သုံးဆီများ အခမဲ့ချပေးခြင်း၏တစ်ဖက်တွင် မြေအောက်ရေများဆုံးရှုံးသွားရခြင်းဟူသည့် စိန်ခေါ်မှုမျိုးရှိနေတတ်သည်။

'ရေ'နှင့်ပတ်သက်ပြီး မှန်ကန်စွာစီမံခန့်ခွဲနိုင်ရန်အတွက် ရေနှင့်ပတ်သက်လာသည့်ကိစ္စတိုင်းတွင် 'ရေ'ကို အလယ်ဗဟိုထားပြီး ချင့်ချိန်ဆုံးဖြတ်ကြရန်ဖြစ်သည်။ 'ရေ'နှင့်ပတ်သက်ပြီး ပိုစကားပြောကြရန် လိုအပ်သည်။ ပိုပြီးဆွေးနွေးတိုင်ပင်ကြရန်လိုလာပါပြီ။ သို့မှသာ "ရေအရင်းအမြစ်"နှင့်ပတ်သက်သည့် စိန်ခေါ်မှုပုံစံမျိုးစုံကို အောင်မြင်စွာကျော်လွှားနိုင်ကြမည်ဖြစ်ပါသည်။

**ကိုးကား**

- **We need to talk about water by Gautam I. Menon**

**ဒေါက်တာလွှမ်းမိုးဟန်**

# ချောက်မြို့နယ် ချောင်းဦး-ညောင်ဇင်-ထိန်ကန်ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ချောက် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ မြို့ပြနှင့် ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ချောင်းဦး-ညောင်ဇင်-ထိန်ကန် ကျေးရွာချင်းဆက်လမ်းမြေနီခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်နှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များက ကျေးရွာကော်မတီဝင်များနှင့်အတူ ချောင်းဦး-ညောင်ဇင်-ထိန်ကန်ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်က ဆောင်ရွက်ပြီးသော လမ်းပေါ်တွင် ကျေးလက်နေပြည်သူများ အန္တရာယ်ကင်းစေရန်အတွက် အန္တရာယ်သတိပေးလမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူသွားရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် ချောင်းဦး-ညောင်ဇင်-ထိန်ကန်ကျေးရွာချင်းဆက်လမ်း အရှည် ၂ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သော KZEN ကုမ္ပဏီက ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် လမ်းဘေးတစ်လျှောက်ရှိ ကျေးရွာ လေးရွာ၊ အိမ်ခြေ ၉၅၀ နှင့် လူဦးရေ ၃၅၀၀ ဦးတို့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် ရာသီမရွေးသွားလာရအဆင်ပြေနေပြီဖြစ်ကြောင်း ချောက်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်ထံမှ သိရသည်။ **ခင်မာ**

# ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၁၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇန်နဝါရီ ၁၇**

ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၁၀၀၀ ကျော်တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

မြန်မာနိုင်ငံမှပြောင်းသီးနှံကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလ၌ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၆၂၉၀၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၂သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၅၆၇၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၁၉ သန်းတန်ဖိုးရှိပြောင်းတန်ချိန် ၃၁၉၆၀တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်း ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြောင်းတင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ဖိလစ်ပိုင်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၆၂၉၀ နှင့် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၅၆၇၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြောင်းတင်ပို့ရောင်းချပေးရာတွင် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ပြောင်းတန်ချိန် ခုနစ်သိန်းခန့်ထိ တင်ပို့ရောင်းချပေးနိုင်ရေး လျာထားဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြောင်းစိုက်ဧက စုစုပေါင်း ၁ ဒသမ ၂ သန်းခန့်ရှိပြီး တန်ချိန် သုံးသန်းကျော်ထွက်ရှိကာ လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှုကဏ္ဍတွင် ပြောင်းသီးနှံသည် ဆန်ပြီးလျှင် ဒုတိယအများဆုံး နိုင်ငံခြားဝင်ငွေရရှိသည့် စိုက်ပျိုးသီးနှံဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် ပြောင်းသီးနှံကို ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယနှင့်ဖိလစ်ပိုင်နိုင်ငံတို့သို့ တင်ပို့နေခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသို့အများဆုံး တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **SKL**

# တံတားဦးမြို့နယ် သဲတောကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီးဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ သဲတောကျေးရွာ၌ ပဥ္စမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများ အကြောင်း ပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၁၀၀၀၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သဲတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၁၅ ဒသမ ၅ သိန်းနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး ကို ငွေကျပ် ၁၀၂ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၁၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကျိုက်လတ်မြို့နယ်မှ ဘိုကလေးမြို့နယ်သို့ ဒီဇင်ဘာလတွင် ငရုတ်သီးစိမ်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ကျိုက်လတ် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ဘိုကလေးမြို့နယ်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ငရုတ်သီးစိမ်း ပိဿာချိန် ၇၇၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ယုယုက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှဘိုကလေးမြို့နယ်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလက ငရုတ်သီးစိမ်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလတွင် ငရုတ်သီးစိမ်း ပိဿာချိန် ၇၇၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ဘိုကလေးမြို့နယ်ဘက်ကို ငရုတ်သီးစိမ်းတစ်မျိုးတည်း ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ကျိုက်လတ်ဘက်ကနေဒေသလယ်ယာထွက်ကုန်တွေ အခြားမြို့တွေကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ အခြားဒေသတွေဘက်က ကုန်သည်တွေနဲ့ ချိတ်ဆက်တင်ပို့တာ ဖြစ်ပါတယ်။ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငရုတ်တွေက အရည်အသွေးပိုင်းကလဲ ပြောစရာမရှိပါဘူး"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲ၍ ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး တောင်သူတစ်ဦးလျှင် ငရုတ်တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး ထွက်ရှိလာသည့် ငရုတ်သီးများလည်း အရည်အသွေးကောင်းမွန်ကြောင်း၊ လက်ရှိ ငရုတ်သီးစိမ်းများ တင်ပို့ ရောင်းချအားတက်လာခြင်းကြောင့် လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိန်ကန့်လန့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများအဖွဲ့သည် ကုမ္ပဏီမှတာဝန်ရှိသူများ၊စိန်ကန့်လန့်ကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်သိန်းက လုပ်ငန်း အချိန်မီပြီးစီးရေး၊ ရေထွက်နှုန်းကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

စိန်ကန့်လန့်ကျေးရွာ၌ အကျယ် ၄ ဒသမ ၅လက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၀၄၇၅ သန်းဖြင့် ပျူတိုင်းသားကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇွန် ၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၈ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

**သန်းသန်းမိုး**

# ရေနံချောင်းမြို့နယ် မကျီးတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ မကျီးတိုင်းကျေးရွာ၌ ပဥ္စမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ အရင်း၊ အတိုးပေးဆပ်ရမည့်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၆၀ ကို လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မကျီးတိုင်းကျေးရွာ၌ ပဥ္စမအကြိမ်အဖြစ်စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၂၉ ဦး၊မွေးမြူရေးလုပ်ကိုင်သူ ၁၁၇ ဦး၊အရောင်းအဝယ်လုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ၂၅၉ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘုန်း**



# တက္ကသိုလ်ဝင်စာမေးပွဲကြီး အောင်မြင်ရန်ဆိုလျှင်

မောင်သောင်းဝင်း(တမန်ဟောင်း)

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်ထားသည့် ၂၀၂၄ ခုနှစ် မတ် ၁၁ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ တက္ကသိုလ်ဝင်တန်းတက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက် တပ်လှန့်သံပင်ဖြစ်သည်။ ယခုနှစ်တွင် ခြောက်ဘာသာဆက်တိုက်ဖြေဆိုသွားရမည်ဖြစ်သည်။ ဘာသာရပ်အားလုံး မကျေညက်သေးသူများအတွက် အချိန်အတိအကျ ခွဲဝေရတော့မည်ဖြစ်သည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် Grade-12 သင်ရိုးသစ် စတင်ဖြေဆိုရမည်ဖြစ်သည့်အတွက် မေးခွန်းကိုနားလည်အောင် အထူးအလေးထားဖတ်သွားရန်လိုအပ်ပေသည်။

**အောင်ချက်မြင့်မားလာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထိုဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက် (၃) ရပ်တွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"ဆိုသည့် အချက်လည်းပါရှိသည်။ စင်စစ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ၄၀ ရာခိုင်နှုန်းကျော် အောင်မြင်ခဲ့သဖြင့် နိုင်ငံတစ်ဝန်းအောင်ချက်မြင့်မားလာလျက်ရှိသည်။ ထို့ပြင် ဂုဏ်ထူးရရှိသူဦးရေမှာလည်း နှစ်စဉ်တိုးတက်လာလျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ ဂုဏ်ထူးထွက်သည့် အရေအတွက်များပြားလာခြင်းကိုကြည့်ရှုခြင်းအားဖြင့် အပတ်တကုတ်ကြိုးစားသောကျောင်းသား၊ ကျောင်းသူများသည် အောင်မြင်မှုအသီးအပွင့်များဆွတ်ခူးလျက်ရှိကြသည်။

**ဘဝအချိုးအကွေ့**

စင်စစ်အားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်တို့၏ ဘဝအချိုးအကွေ့တစ်ခုပင်ဖြစ်သည်။ ပညာသင်နှစ်အစကတည်းက ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် အတန်းတင်စာမေးပွဲဖြေဆိုရန် အသင့်ဖြစ်နေကြမည်ဖြစ်သည်။ သင်ခန်းစာများကိုလည်း အပြန်ပြန်အလှန်လှန် လေ့ကျင့်နေမည်ဟု ယုံကြည်မိသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးသည် မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်တစ်ခုခုကို စိတ်ကြိုက်ရွေးချယ်ပြီး တက္ကသိုလ်ပညာကို ဆက်လက်လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်များကို တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။ ဘဝစိတ်ကူးအိပ်မက်များကို ဆက်လက်ထုဆစ်ပုံဖော်နိုင်ပြီး တိုင်းပြည်အတွက် သားကောင်းရတနာများ ဖြစ်လာကြမည်ဖြစ်သည်။

အမှတ်နည်းသူ၊ ဂုဏ်ထူးမပါသူများမှာမူ အောင်မှတ်ဖြင့် သတ်မှတ်ထားသည့်ဘာသာရပ်တစ်ခုခုကိုသာ ရွေးချယ်ကြရတော့မည်ဖြစ်သည်။ စာမေးပွဲကျရှုံးသူများသည် အစကနေ ပြန်စကြရမည်ဖြစ်သည်။ အသက်တစ်နှစ်ကြီးသွားမည်ဖြစ်သည်။ ငွေကြေးကိုရှာဖွေ၍ရရှိနိုင်သော်လည်း ကုန်ဆုံးသွားသောအချိန်ကိုမူ မည်သည့်အရာနှင့်မျှ အစားထိုး၍မရချေ။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်များ၏ အနာဂတ်ဘဝကို အဆုံးအဖြတ်ပေးနိုင်သဖြင့် အထူးအလေးထားဖြေဆိုရန် လိုအပ်သည်။

**သင်ရိုးပြတ်နေပြီဖြစ်**

စာရေးသူတို့ငယ်စဉ်က ဒီဇင်ဘာလကုန်လျှင် သင်ရိုးအားလုံးနီးပါးပြတ်နေပြီဖြစ်သည်။ ဇန်နဝါရီလတွင် ပြန်လည်လေ့ကျင့်ခန်းများ ပြုလုပ်နေရပြီဖြစ်သည်။ အရေးကြီးသောအပိုင်းများ၊ မေးမြန်းနိုင်သည့်အကြောင်းအရာများကို ထပ်တလဲလဲလေ့ကျင့်နေရပြီဖြစ်သည်။ ယခုလည်း သင်ခန်းစာများပြီးပြတ်နေမည်ဟုထင်ပါသည်။ ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်းကာ အပြန်ပြန်အလှန်လှန် လေ့ကျင့်ချိန်ရောက်ရှိနေပြီဖြစ်သည်။

**ရက် ၅၀ ကျော်သာလို**

ဇန်နဝါရီလ ၁၅ ရက်နေ့မှသည် မတ်လ ၁၁ ရက်နေ့ထိဆိုလျှင် စာမေးပွဲဖြေဆိုရန် ရက် ၅၀ ကျော်ခန့်သာလိုတော့သည်။ တစ်ဘာသာကို ၁၀ ရက်ခန့်သာ အချိန်ရတော့မည်ဖြစ်သည်။ ဘာသာရပ်အသီးသီးတွင် ပြဋ္ဌာန်းသင်ခန်းစာသည် ၁၅ ခန်းကျော်နေမည်ဆိုလျှင် ပြန်လည်လေ့ကျင့်ရန်အတွက် တစ်ခန်းကို တစ်ရက်ပင်မရတော့ချေ။ ထို့ကြောင့် သင်ခန်းစာများကို အရေးပါမှုအပေါ် မူတည်၍ အချိန်အတိုး၊ အလျှော့လုပ်ကာ လေ့ကျင့်သွားသင့်သည်။ သင်ခန်းစာများကို ပိုင်နိုင်မှုမရှိသေးသူများသည် ဘာသာရပ်အလိုက် အနည်းဆုံးအောင်မှတ်ရရှိအောင် ဦးစားပေးခေါင်းစဉ်များကို စိတ်ပိုင်းဖြတ်ရွေးချယ်ကာ အချိန်ဇယားသတ်မှတ်၍ ကျက်မှတ်ရတော့မည်ဖြစ်သည်။ ထိုသို့ ယတိပြတ်မကျက်မှတ်လျှင် အသက်တစ်နှစ်ကြီးသွားမည်ဖြစ်သည်။

**သုံးနားညီတာဝန်**

သားသမီးများ၏ပညာထူးချွန်ရေး၊ အထူးသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်ကောင်းကောင်း၊ ဂုဏ်ထူးများများဖြင့် အောင်မြင်နိုင်ရေးသည် ကျောင်းသားမိဘများအပေါ်တွင် များစွာမူတည်နေသည်။ အချို့သောမိဘများသည် ပညာသင်နှစ်တစ်နှစ်လုံးတွင် သားသမီးများကို နေချင်သလိုနေရန် အလိုလိုက်ထားကြပြီး အောင်စာရင်းထွက်သည့်နေ့ကိုရောက်ရှိမှသာ အောင်ချင်လိုသော စိတ်ပြင်းပြလေ့ရှိကြသည်။ အချို့သောမိဘများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းတွင် မိမိ၏သားသမီးနာမည်ပါမလာလျှင် နိုင်ငံတော်အစိုးရအပါအဝင် ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများကို လက်ညှိုးထိုးအပြစ်တင်လေ့ရှိကြသည်။ အချို့သောမိဘများသည် သားသမီးများကို ကျောင်းထားပေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးထားလျှင် တာဝန်ကျေပွန်ပြီဟု ယူဆထားကြသည်။ ထိုအယူအဆသည် လုံးဝမှားယွင်းသည်။ သားသမီးများ၏ပညာဆည်းပူးနေမှုနှင့် တိုးတက်မှုအခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုထိန်းကျောင်းပေးရန် လိုအပ်သည်။ မိဘများသည် သားသမီးများကို ငယ်စဉ်ကတည်းက စည်းစနစ်ကျနစွာပဲ့ပြင်ဆုံးမခဲ့မည်ဆိုလျှင် တက္ကသိုလ်ဝင်စာမေးပွဲတွင် မအောင်မြင်စရာအကြောင်းမရှိချေ။ ဂုဏ်ထူးများစွာဖြင့်ပင် အောင်မြင်နိုင်ပါသည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် စာကို ည ၇ နာရီမှ ၁၁ နာရီထိ ပုံမှန်ကျက်မှတ်ခဲ့ကြပြီး အထူးသဖြင့် သင်ခန်းစာအားလုံးကို အလွတ်ကျက်မှတ်လေ့ကျင့်ခဲ့ကြသူများဖြစ်သည်။ ငယ်စဉ်က အတန်းစဉ် ထူးချွန်ဆုမရရှိခဲ့ကြသည့်တိုင်အောင် တက္ကသိုလ်ဝင်တန်းတွင် အပတ်တကုတ် ကြိုးစားခဲ့သဖြင့် ထူးချွန်သူများလည်းပါရှိကြသည်။ တစ်နိုင်ငံလုံးတွင် အဆင့် ၁၀ အတွင်းဝင်သော ကျောင်းသားများအားလုံးသည် မိဘများနှင့် ဆရာ၊ ဆရာမများ၏ပံ့ပိုးမှုများစွာကို လက်ခံရရှိထားကြသည်။ မိဘများသည် ကျန်းမာရေးနှင့် လူမှုရေးကိစ္စများကို ဖြည့်ဆည်းပေးခဲ့ကြပြီး ဆရာ၊ ဆရာမများသည် သင်ကြားရေးအပိုင်းကို တာဝန်ယူခဲ့ကြသည်။ ထိုနည်းတူစွာ ကျောင်းသား၊ ကျောင်းသူများအပိုင်းကလည်း ကျောင်းတွင် နေ့စဉ်သင်ကြားပေးလိုက်သောစာများကို အပြတ်လေ့လာကျက်မှတ်သည့် တာဝန်ကိုယူသွားကြသည်။ ကျောင်းသား၊ ဆရာ၊ မိဘ သုံးနားညီ ကြိုးပမ်းခဲ့ကြသဖြင့် အောင်မြင်မှုအသီးအပွင့်များ ရရှိခဲ့ခြင်းဖြစ်သည်။

**လူမှုကွန်ရက်သုံးစွဲချိန်လျှော့ချ**

နည်းပညာတိုးတက်မှုသည် အကောင်းနှင့်အဆိုးဒွန်တွဲလျက်ရှိသည်။ ဦးနှောက်နုနယ်သော ဆယ်ကျော်သက်အရွယ်ကလေးများကို ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများကို လိုအပ်သည်ထက်ပိုမိုသုံးစွဲခွင့်ပြုထားခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်နေသည်။ ထိုပစ္စည်းများ၏ အကျိုး၊ အပြစ်ကို ခွဲခြားစိတ်ဖြာနိုင်စွမ်းမရှိသည့် ကလေးများသည် လမ်းမှားသို့ရောက်ရှိနိုင်သည်။ အွန်လိုင်းမှနေ၍ ကျောင်းသင်ခန်းစာများ၊ အကျိုးပြုစာစောင်များ၊ အင်္ဂလိပ်စာ လေ့ကျင့်ခန်းများကို လွယ်ကူစွာရယူလေ့လာနိုင်သည်။ ထိုသို့ အကျိုးရှိစွာအသုံးမချဘဲ လူမှုကွန်ရက်များကိုအသုံးပြုပြီး ဆယ်ဖီရိုက်တင်ခြင်း၊ Chatting လုပ်ခြင်း၊ အမုန်းပွားစေနိုင်သည့် Comment ရေးခြင်း၊ မဟုတ်မဟတ် ညစ်ညမ်းစာပေ၊ ရုပ်ပုံနှင့်ဗီဒီယိုများကိုသာကြည့်ပြီး အချိန်ဖြုန်းနေမည်ဆိုလျှင် ကျောင်းစာများလစ်ဟင်းလာပြီး အတန်းတင်စာမေးပွဲကျရှုံးမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထို့ကြောင့် လူမှုကွန်ရက်သုံးစွဲမှုအချိန်ကို လျှော့ချသွားရန်လိုအပ်သည်။ မိဘများအပိုင်းကလည်း အချိန်မီထိန်းကျောင်းပေးသင့်သည်။

**မုချအောင်မြင်မည်**

တက္ကသိုလ်ဝင်တန်းတက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်နှစ်စကတည်းက ကျောင်းစာကို ပုံမှန်ကျက်မှတ်ခြင်း၊ ကျန်းမာရေးလိုက်စားခြင်း၊ ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘများ၏ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး ပြုမူကျင့်ကြံနေထိုင်ခြင်းများပြုလုပ်သွားမည်ဆိုလျှင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်မည်ဟု အခိုင်အမာဆိုဝံ့သည်။ စာမေးပွဲကျရှုံးသည့် ကျောင်းသား၊ ကျောင်းသူအများစုသည် စာမေးပွဲဖြေဆိုနည်းမတတ်ခြင်း၊ မေးခွန်းအပေါ် နားလည်မှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ အထူးသဖြင့် ကိုယ်စီဝီရိယစိုက်ထုတ်ကြိုးစားအားထုတ်မှုလျော့နည်းသောကြောင့်ဖြစ်သည်။ ကျောင်းသားမိဘများအပိုင်းကလည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကလေးငယ်များကို လျစ်လျူရှုမထားဘဲ လိုအပ်ချက်များကို အထူးဂရုစိုက်ဖြည့်ဆည်းပေးသင့်သည်။

ဆိုရလျှင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် Grade-12 ၌ ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူအားလုံးသည် ၂၀၂၄ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုကြရတော့မည်ဖြစ်သည်။ စာမေးပွဲဖြေဆိုရန် ရက် ၅၀ ကျော်သာလိုတော့သဖြင့် တစ်ဘာသာလျှင် ကျက်မှတ်ချိန် ၁၀ ရက်ခန့်သာရှိတော့သည်။ ကျန်ကာလတွင် ဘာသာရပ်အလိုက် စနစ်တကျ အချိန်ဇယားရေးဆွဲကာ ကျက်မှတ်သွားရန်လိုအပ်သည်။ ထိုစာမေးပွဲကြီးသည် အထက်တန်း ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲကြီးလည်းဖြစ်သည်။ ထိုစာမေးပွဲတွင်သာ ထူးချွန်စွာဖြေဆိုနိုင်မည်ဆိုလျှင် မိမိဆက်လက်ပညာဆည်းပူးလိုသော တက္ကသိုလ်ကိုတက်ရောက်ခွင့်ရကြမည်ဖြစ်သည်။ စာသင်နှစ်အစကတည်းကပုံမှန်လေ့လာသင်ယူကျက်မှတ်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် ဆန္ဒနှင့်ဘဝတစ်ထပ်တည်းဖြစ်ကြမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းသားလူငယ်များအနေဖြင့် အဆုံးအဖြတ်ပေးမည့်အတန်းတင်စာမေးပွဲ၌ မေးခွန်းများကို နားလည်အောင်အပြန်ပြန်အလှန်လှန်ဖတ်ပြီး ဂုဏ်ထူးမှတ်များရရှိသည်ထိ ဖြေဆိုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

❖ တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်တို့၏ဘဝအချိုးအကွေ့တစ်ခုပင်ဖြစ်သည်။ ပညာသင်နှစ်အစကတည်းက ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် အတန်းတင်စာမေးပွဲဖြေဆိုရန် အသင့်ဖြစ်နေကြမည်ဖြစ်သည်။ သင်ခန်းစာများကိုလည်း အပြန်ပြန်အလှန်လှန် လေ့ကျင့်နေမည်ဟု ယုံကြည်မိသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးသည် မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်တစ်ခုခုကို စိတ်ကြိုက်ရွေးချယ်ပြီး တက္ကသိုလ်ပညာကို ဆက်လက်လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။ ❖

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၅၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇန်နဝါရီ ၁၇**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၅၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ရော်ဘာများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက လစဉ် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၃ သန်းတန်ဖိုးရှိ ရော်ဘာ ၁၂၀၉၉ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၄ သန်းတန်ဖိုးရှိရော်ဘာ ၃၅၄၇ တန် စုစုပေါင်းပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၇ သန်းတန်ဖိုးရှိ ရော်ဘာ ၁၅၆၄၆ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ရော်ဘာကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၈၅၇၀၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၇၉၀၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၄၁၉ တန်၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ နှင့် ဂျပန်နိုင်ငံသို့ ရော်ဘာ တန်ချိန် ၁၂၀ စုစုပေါင်း ရော်ဘာ ၁၂၀၉၉ တန်တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တရုတ်နိုင်ငံသို့ ရော်ဘာ ၂၅၃၉ တန်နှင့်ထိုင်းနိုင်ငံသို့ ရော်ဘာ ၁၀၀၈ တန် စုစုပေါင်း ရော်ဘာ ၃၅၄၇ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရော်ဘာခြံစိုက်ပျိုးရေးလုပ်ငန်းများကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ တစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ပျိုး ဧက ၁ ဒသမ ၆၄ သိန်းကျော်ရှိနေပြီး တစ်နှစ်လျှင် ပျမ်းမျှရော်ဘာတန်ချိန် လေးသိန်းကျော် ထွက်ရှိနေကြောင်း၊ မြန်မာနိုင်ငံက ထွက်ရှိနေသည့်ရော်ဘာများကို တရုတ်၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ အိန္ဒိယနှင့်ဂျပန် စသည့်ဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးနေသော်လည်း တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချပေးနေကြောင်း သိရသည်။ SKL

# နတ်မောက်မြို့နယ် န/ကျားထူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဖွဲ့စည်း

**နတ်မောက် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် န/ကျားထူးကျေးရွာ၌ စီမံကိန်းကော်မတီအသစ် ပြန်လည်ဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ဈေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဝိုးလင်းထွဋ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီအသစ်ဖွဲ့စည်းခြင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသောကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ် န/ကျားထူးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၅၂၇ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်မီးရရှိရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝိုးလင်းထွဋ်က ပြောပြ၍ သိရသည်။

**သူသူ(နတ်မောက်)**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၇၀ | ၂၅၅၀ | ၂၆၄၅ | ၂၆၆၅ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၂၉၀၀ |
| 95 Ron | ၂၆၂၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၈၀ | ၂၆၆၀ | ၂၇၅၅ | ၂၇၇၅ | ၂၆၆၅ | ၂၆၈၀ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၅ | ၂၉၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၂၅ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၄၅ | ၂၆၇၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၂၀ | ၂၇၄၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၉၇ | ၂၄၇၈ |
| 95 Ron | ၂၅၀၄ | ၂၅၈၇ |
| HSD (500 ppm) | ၂၂၄၅ | ၂၃၁၉ |
| HSD (50 ppm) | ၂၃၁၃ | ၂၃၈၉ |
| HSD (10 ppm) | ၂၃၂၁ | ၂၃၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







## အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) ရရှိထားသူများနှင့် မြေခွန်ပြေစာဖြင့် ကိုင်းမြေလုပ်ကိုင်နေသူများအား သိရှိနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီ၏ အသိပေးကြေညာချက်

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development Ltd.,တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှု လျှော့ချနိုင်ရေးတို့အတွက် ၂၀၁၆ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ခုနှစ်တွင် တင်ပြလျှောက်ထား၍ ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာ နယ်နိမိတ်သတ်မှတ်ချက်နှင့် စီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့်သက်ဆိုင်ခြင်းမရှိသော လုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ စီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေလုပ်ပိုင်ခွင့်(ပုံစံ-၇)ရရှိသူများနှင့် မြေခွန်ပြေစာဖြင့် ကိုင်းမြေလုပ်ကိုင်သူများထံမှ ၂၀၂၃ခုနှစ်၊ ဇွန်လအထိ ကာလပေါက်ဈေး မြေနု(၁)ဧကလျှင် ကျပ်သိန်း(၆၀၀)နှုန်းနှင့် ကိုင်းမြေပုံစံ(၇)(၁)ဧကလျှင် ကျပ်သိန်း(၁၅၀၀)နှုန်းဖြင့် ညှိနှိုင်းပြီး စီမံကိန်းက ဝယ်ယူပြီးစီးခဲ့သည်မှာ ၂၀၂၃ခုနှစ်၊ ဇွန်လအထိ စီမံကိန်းဧရိယာ၏ (၇၀%)ခန့်ရှိပြီဖြစ်ပါသည်။

၃။ ယခုအခါတွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား စတင်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်ရာ စီမံကိန်းတည်ဆောက်မည့်ဧရိယာအတွင်း ရောင်းချရန် (သို့မဟုတ်) မြို့မြေကွက်အစားထိုးလဲလှယ်ရန် ကျန်ရှိနေသော ကိုင်းမြေလုပ်ပိုင်ခွင့်(ပုံစံ-၇)ရရှိထားသူများ၊ မြေခွန်ပြေစာဖြင့် ကိုင်းမြေလုပ်ကိုင်သူများအနေဖြင့် မိမိတို့ ကိုင်းမြေလုပ်ကိုင်ခွင့်များအား အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီထံသို့ Mandalay Business Capital City Development Ltd., က စီမံကိန်းစတင်သည့်အချိန်မှ ယနေ့ကာလအထိ နောက်ဆုံးတိုးမြှင့်ဝယ်ယူရန် သတ်မှတ်ထားရှိသည့်ဈေးနှုန်းဖြင့် ဤအသိပေးကြေညာစာ စတင်ကြေညာသည့်ရက်နေ့မှစ၍ **ရက်ပေါင်း(၃၀)အတွင်း** နောက်ဆုံးအကြိမ်အဖြစ် ရောင်းချ/လဲလှယ်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ အဆိုပါကာလအတွင်း ဆက်သွယ်ဆောင်ရွက်မှုမရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development Ltd., တို့ချုပ်ဆိုထားသော အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**

**ဆက်သွယ်ရန်**
- **အတွင်းရေးမှူး၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**
  **ဖုန်းနံပါတ် (၀၉-၄၃၁၄၆၃၈၇)**
- **အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**
  **ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁)**

## မန္တလေးတိုင်းဒေသကြီး၊ ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက် (မန္တလေးဂျီအီးစီ) အသင်းသားများသို့ ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ထိ အစုပေါ် အကျိုးငွေ ၃၇၅% ဖြစ်သော အကျိုးငွေ ၃၇၅ဝိ/- (ကျပ်သုံးထောင်ခုနှစ်ရာငါးဆယ်ကျပ်တိတိ)ကို ထုတ်ပေးမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ အမြတ်ခွဲဝေထုတ်ပေးပြီးပါက အသင်း စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၂-၁၉၉၃ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ အသင်းသားများသို့ အစုတစ်စုငွေ ၁၀၀ဝိ/- လျှင် အစုပေါ်အကျိုးငွေ ၁၅၂၃ဝိ/-ရာခိုင်နှုန်းအားဖြင့် ၁၆၆၅%၊ စုစုပေါင်း ကျပ် (၄၂၉၇. ၉၇)သိန်း ထုတ်ပေးပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ မန္တလေးဂျီအီးစီမှ အသင်းသားများသို့ အစုပေါ်အကျိုးငွေများ ထုတ်ပေးမည်ဖြစ်ရာ ကုန်ဝယ်စာအုပ်၊ အစုလက်မှတ်နှင့် ဝန်ထမ်းကတ် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြပြီး ရုံးဌာနအလိုက် ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ ရုံးစာ/ကိုယ်စားလှယ်လွှဲစာဖြင့် ဈေးချိုတော် အရှေ့ဘက်၊ မြောက်ဘက်တိုက်တန်း၊ တတိယထပ်ရှိ အစုဌာနသို့ (၅-၂-၂၀၂၄) ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ယခင်နှစ်များမှ အစုပေါ် အကျိုးငွေများ ထုတ်ယူခြင်း မပြုရသေးသော အသင်းသားများလည်း တစ်ခါတည်း ထုတ်ယူနိုင်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။

**အမှုဆောင်ကော်မတီ**
**မန္တလေးဂျီအီးစီ**

## အမည်ပြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ရှမ်းကလေးကျွန်း)၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန့်ဇော် (၉/အမရ(နိုင်)၀၀၀၈၄)၏သား မောင်နေသစ်ထူး အား မောင်နေလင်းခန့် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နေလင်းခန့်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ်**
**အောက်တွင် ခံခွက် မမေ့နှင့်**

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အနိမ့်မရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်...

❖ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧကတ်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/ ၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲဆက်လက်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံတို့တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်ပြီး နဝမနေ့ပွဲစဉ်များအဖြစ် အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမတွင် ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲများသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## မှတ်ပုံတင်သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့်1980 Modelနှင့် ၎င်းမတိုင်မီ ယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။